ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစည်းရုံးရေးကော်မတီ၏အာဘော်

# ပြည်သူ့အာဏာ ဂျာနယ်


* စာတည်းအဖွဲ့အမှာ ............ ၁
* ထုတ်ပြန်ချက်များ ............ ၃ – ၁၄
* ဤခရီးဝေးသေးသည် ............ ၁၅
* စေ့စပ်ရေးပရိယာယ်နှင့် ၂၀၀၈ ဒိုင်အာခီ ............ ၁၇
* ၂၀၀၈ ကရွတ်ခွေ ............ ၂၀
* ရွေးကောက်ပွဲအပြီး မြန်မာ့နိုင်ငံရေး ............ ၂၂
* လက်ဝါးကြီးအုပ်နဲ့ အပေါင်းအပါအုပ်စု ............ ၂၆
* အမြင့်ဆုံးအာဏာဟာ စစ်အုပ်စုလက်ထဲမှာသာ ............ ၂၈
* ဘယ်လိုပြေလည်သင့်မြတ်ရေးလဲ ............ ၃၀
* စစ်အုပ်စုရဲ့ချုပ်ကိုင်မှုအောက်က လွတ်မြောက်ဖို့ ............ ၃၂
* လောဘကို အတောမသတ်နိုင်တဲ့စစ်အုပ်စု ............ ၃၄
* စစ်ခရိုနီကိုရီးယားမိုဒယ် ............ ၃၆
* အထည်ချုပ်အလုပ်သမားများနှင့်နီယိုလစ်ဘရယ်ဝါဒ ............ ၄၀
* အခွင့်မသာမှုမှ အခွင့်အလမ်းကောင်းသို့ ............ ၄၄
* ဆက်လက်တည်ရှိနေဦးမည့် အာဏာ၊ ခနေ၊ အင်အားဆိုင်ရာ ............ ၄၆
* နိုင်ငံတကာကဗျာ ............ ၅၂
* ပါဝါကြီးငယ်စုံလင်လှတဲ့ ............ ၅၄



**အမှတ် (၃၉)**

---

**ဇန်နဝါရီ၊ ၂၀၁၆ ခုနှစ်။**

# စာတည်းအဖွဲ့အမှာ

ပြည်သူ့အာဏာဂျာနယ် အမှတ် (၃၉) ဇန်နဝါရီ၊ ၂၀၁၆

## ၂၀၁၆ သို့အဝင် နိုင်ငံရေး

(၁)

၂၀၁၆ ခု နှစ်သစ်ကို လှမ်းဝင်ခဲ့ပါပြီ။ တတိုင်းပြည်လုံးအတွက် စိန်ခေါ်မှုတွေနဲ့ အခွင့်သာမှုတွေ ရောထွေးနေတဲ့ နှစ်သစ်ကို ကျွန်တော်တို့ မျက်မှောက်ပြုကြရပါတော့မယ်။ ဘာပဲဖြစ်ဖြစ် အခွင့်အခါကောင်းတခုအဖြစ် သဘောထားပြီး ဗမာပြည်ကွန်မြူနစ်ပါတီက ကြိုဆိုလိုက်ပါတယ်။

(၂)

၂၀၁၅ နှစ်ပိတ်ကာလ နိုင်ငံရေးမြင်ကွင်းကို ပထမဆုံးဖော်ပြချင်ပါတယ်။ ငြိမ်းချမ်းစွာ အာဏာလွှဲပြောင်းရေး ခေါင်းစဉ်းအောက်မှာ ဒီ/ချုပ် ခေါင်းဆောင်နဲ့ စစ်အုပ်စုထဲက အာဏာအရှိဆုံး ပုဂ္ဂိုလ် ၄ ဦးတို့ (တဦးစီ) တွေ့ဆုံခန်းက ထိပ်တန်းသတင်းအဖြစ် နေရာယူထားပါတယ်။

ခု စစ်အုပ်စု ဖြစ်နေတာက ကိုယ်ကျူးလွန်ထားတဲ့ ပြစ်မှုတွေအတွက် သွေးလေချောက်ချားနေပုံပဲ။ ၂၀၀၈ အခြေခံဥပဒေက ပေးထားတဲ့ အာမခံချက်လောက်နဲ့ မဖြစ်ဘူးထင်ကာ ထပ်ပြီးချည်တုပ်လာကြတယ်။

ဗိုလ်သန်းရွှေက ယယ်လ်ဆင် – ပူတင် အာမခံချက်မျိုးရဖို့ လက်ဦးမှုယူပြီး ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့လိုက်တယ်။ ဒီပုဂ္ဂိုလ်ရေးတွေ့ဆုံမှုက ၂ နာရီခွဲကြာပြီး သမ္မတနဲ့ကာချုပ်တို့နဲ့ တဦးစီတွေ့ဆုံမှုက ၄၅ မိနစ် သာသာလောက် ဖြစ်နေတယ်။ သွေးအစွန်းဆုံးလူနဲ့ လက်အယဉ်ဆုံးလူက ပိုကြောက်ပေမပေါ့။ ကန့်လန့်ကာကြားထဲဝင်ပြီး ခြေရာဖျောက်ထားတဲ့ ဗိုလ်သန်းရွှေ ထွက်လာပုံက သွားလေသူ ဗိုလ်နေဝင်း ညှော်ခံပွဲတက်ခဲ့တာကို ပြန်သတိရစရာပါ။

သမ္မတဖြစ်သူကလည်း ကိုယ်လွတ်ရုန်းရေးအတွက် “နိုင်ငံတော်သမ္မတအဖြစ် ထမ်းဆောင်ခဲ့သည့်ကာလအတွင်း တာဝန်အရဆောင်ရွက်ချက်များကို အကြောင်းပြုလျက် ယင်းအားတရားစွဲဆိုခြင်းနှင့် အရေးယူခြင်းတို့ မရှိစေရ။”ဆိုတဲ့စာသားတွေ ထည့်ထားတဲ့ ဥပဒေကြမ်းကို လွှတ်တော် ၂ ရပ်မှာ အတည်ပြုဖို့ တင်သွင်းထားတယ်။ ဒီဥပဒေကြမ်းမှာ နိုင်ငံတော်စရိတ်နဲ့ ကိုယ်ရံတော် (သက်တော်စောင့်) တဦး၊ ကိုယ်ရံတော်တပ်ဖွဲ့တဖွဲ့လည်း ထားပေးရဦးမယ်လို့ အဆစ်ထည့်လိုက်ပါသေးတယ်။

ကာချုပ်လုပ်သူကတော့ ‘အေးဆေးပဲ’ ဆိုတဲ့ စတိုင်ချိုးပါတယ်။ ၂၀၀၈ ခြေ/ဥ ပဲ စွဲကိုင်ထားလိုက်တယ်။ သူက ဟိုလူ ၂ ယောက်လို မျောက်သစ်ကိုင်းလွတ်ဘ၀ မဟုတ်ဘူး။ သူ့မှာ စစ်တပ်ကြီးရှိတယ်။ ၂၀၀၈ ခြေ/ဥ ကြောင့် အချိန်မရွေးထပြီး ခူးခပ်စားလို့ရတယ်။

ဒါတွေအပြင် မိမိလူ သမ္မတ မဖြစ်နိုင်တော့တဲ့အခါ ကာလုံထဲမှာ သမ္မတ မဲပေးခွင့်မရှိဆိုတဲ့ ဥပဒေကြမ်း တခုတင်ဖို့ ကြိုးစားနေကြတာလည်း သတိထားမိတယ်။

(၃)

နာမည်ခံပဲ ချန်ထားတဲ့ အုပ်ချုပ်ရေး၊ လူမျိုးစုတွေနဲ့ ဆက်လက်စစ်ပွဲနွှဲနေတဲ့ ငြိမ်းချမ်းရေး၊ အကြွေးတွေပဲ ချန်ထားတဲ့ ဘဏ္ဍာရေး၊ ကျန်ကောင်းကျန်ရာလေးပဲ ကျန်နေတဲ့ သယံဇာတ၊ ပြည်သူတွေက စုတ်ပြတ်သတ်နေတဲ့ လူမှုရေး၊ စစ်အုပ်စုနဲ့ သူ့ခရိုနီတွေလက်ထဲ ဆက်ရှိနေဦးမယ့် စီးပွားရေး … စတဲ့ အခွံတွေချည်း ဖြစ်နေတဲ့ တိုင်းပြည် အခြေအနေမှာ ကြိုးတန်းလန်းနဲ့ ဒီ/ချုပ် ဘယ်လိုရုန်းမလဲ။

“ပြီးပြီးသားဟာတွေ ထားလိုက်ပါတော့၊ ‘အစိုးရ’ ဆိုင်းဘုတ်ကလေးသာ ချိတ်ပေးပါတော့” ဆိုရင် ပြည်သူတွေ ကျေနပ်မယ်မထင်။ သူတို့အနေနဲ့ မိမိတို့ကို ဆင်းရဲနွမ်းပါးနစ်ဘ၀က လွတ်အောင် လုပ်ပေးနိုင်ကောင်းရဲ့ ဆိုပြီး ဒီ/ချုပ် ကို မဲပေးခဲ့ကြတာပါ။ အခုအခါမှာ လူထုကြီးက နိုးကြားနေပါပြီ။

(၄)

ဒီကာလမှာ ကျွန်တော်တို့အနေနဲ့ ‘ဖျက်မြင်း’ သဘောသက်ရောက်မယ့် အလုပ်ကိုတော့ လုပ်ကြမှာ မဟုတ်ပါ။ ဒါပေမဲ့ တိုင်းရင်းသားပေါင်းစုံ ပြည်သူတွေအတွက် တာဝန်ရှိရှိ ပြောသင့်တာကိုပြော၊ လုပ်သင့်တာကို လုပ်ပါမယ်။ ဒီချုပ် လိမ့်လိမ့်လဲလဲ ဖြစ်သွားမှာကို စိုးရိမ်လို့ဖြစ်တယ်။

ကျွန်တော်တို့ မြင်တာက ၂၀၀၈ ခြေ/ဥ ကို မဖျက်သိမ်းနိုင်လို့ကတော့ ဘာမှလုပ်လို့ရမှာ မဟုတ်ဘူး ဆိုတာပဲ။ ဒါကို လက်မခံခဲ့သူ တချို့ပင် (လက်တွေ့လုပ်ရင်း) ဒါကို မြင်လာကြဟန် တူတယ်။ အသစ်ပြန်ရေးဆွဲမှ ဖြစ်မှာပါလို့ ပြောသူက ပြောလာတယ်။

ဒါပေမဲ့ ရွေးကောက်ပွဲနိုင် ဒီ/ချုပ် အနေနဲ့ အကောင်းကိုမျှော်လင့်ပြီး ခြေလှမ်းတွေ လှမ်းနေတာ တဖက် စောင်းနင်း ဖြစ်နေတယ်။ အဆိုးအတွက် သတိထားပြီး ပြင်ဆင်တာ မလုံလောက်ဘူး ထင်ပါတယ်။ ဗမာပြည် စစ်အုပ်စုဆိုတာ လက်လွတ် လွှတ်ထားလို့ရတဲ့ အမျိုးအစား မဟုတ်ပါဘူး။

အရုပ်ထုပ်ကြီး လွှဲပေးခဲ့ပြီး ရှင်းမရအောင်လုပ်၊ “တိုင်းပြည် မငြိမ်မသက်ဖြစ်နေလို့ အာဏာလွှဲယူ လိုက်ရပါတယ်” လို့ တချိန်မှာ ကြေညာနိုင်တာလည်း တဖက်က ထည့်တွက်ထားသင့်ကြောင်း ပြောပါရစေ။

စာတည်းအဖွဲ့

(၁ – ၁ – ၂၀၁၆)

# ရက် ၅၀ စတုတ္ထကျောင်းသားသပိတ် ဖြိုခွဲခံရမှုအပေါ် ဗမာပြည်ကွန်မြူနစ်ပါတီ၏ ထုတ်ပြန်ကြေညာချက်

(၁)

**စတုတ္ထကျောင်းသားသပိတ်။**

ရဲစိတ်ရဲမာန်အပြည့်နဲ့ လျှောက်လှမ်းခဲ့တဲ့ ရက် ၅၀ ကြာ ဒီခရီးကြမ်းဟာ မော်ကွန်းထိုးရမယ့်ခရီး ဖြစ်တယ်။

ဒီခရီးအတွင်း အရပ်ဝတ်စစ်အစိုးရရဲ့ ခြိမ်းခြောက်မှု၊ ကလိမ်ကျမှု၊ ကောက်ကျစ်မှုတွေ ပွင့်ကျပြီးရင်း ပွင့်ကျကုန်ခဲ့တယ်။ ပြည်သူတွေရဲ့ ထောက်ခံမှု၊ အားပေးဝန်းရံမှုတွေ ကြီးထွားသထက် ကြီးထွားလာခဲ့တယ်။ အကြံကုန်လာတဲ့အခါ သူတို့ကျင့်သုံးလေ့ရှိတဲ့ အကြမ်းဖက်နည်းကို လူမြင်ကွင်းမှာ ပြောင်ပြောင်တင်းတင်း ထုတ်ဖော်ပြလိုက်တာပဲ ဖြစ်တယ်။

(၂)

**ဓမ္မနဲ့အဓမ္မကြားမှာ လူထုက ကြားမနေဘူး။**

သပိတ်စစ်ကြောင်းကို ဖြိုခွဲလိုက်နိုင်လို့ အရပ်ဝတ်စစ်အစိုးရ လက်မထောင်ဝံ့ရဲ့လား။ ညွှန်ကြားစေခိုင်းခံရတဲ့ အရာရှိတွေဟာ ပြောစရာစကားမရှိ ကြံဖန်ခုခံကာကွယ်ပြီး ပြောနေရတယ်။ ကျောင်းသားတွေက ဖိအားပေးလို့ အချက် (၁၁) ချက်ကို လက်ခံလိုက်ရတာပါလို့ အရပ်ဝတ်စစ်အစိုးရက ပြောတယ်။ လွှတ်တော်ကို ဖိအားမပေးသင့်ဘူးလို့ ဆိုသူကဆိုတယ်။ လိမ်ညာရလွန်းလို့ မျက်နှာထူနေပြီဖြစ်တဲ့ ပြန်ကြားရေးဝန်ကြီးဆိုသူကလည်း ကတုန်ကယင်နဲ့ မျက်နှာပြောင်တိုက် ဖာထေးရှင်းလင်းနေရတယ်။ ဒါပေမဲ့ သူတို့ရဲ့ ဖြေရှင်းချက်တွေက ပြည်သူတွေကို ပိုဒေါသထွက်စေရုံကလွဲပြီး ဘာမှအရာထင်ခဲ့တာ မဟုတ်ပါဘူး။

သပိတ်စစ်ကြောင်းမှာ ပါဝင်ခဲ့တဲ့ ကျောင်းသားတွေ၊ သံဃာတော်တွေက ကိုယ်တွေ့ဖြစ်ကြောင်းကုန်စင် ရှင်းလင်းပြသလို ဘေးကတွေ့နေ မြင်နေရတဲ့ မီဒီယာသမားတွေနဲ့ ဒေသခံပြည်သူတွေက အခိုင်အမာ ဖွင့်ချခဲ့ကြတယ်။ ပညာရှင်တွေနဲ့ ပြည်သူတွေရဲ့ ထင်မြင်ချက်တွေ၊ မေးခွန်းထုတ်မှုတွေ၊ စွဲဆိုချက်တွေ ပလူပျံအောင် ထွက်လာတယ်။ နိုင်ငံအသီးသီးနဲ့ ကုလသမဂ္ဂကပင် ကျောင်းသားတွေ မမှားကြောင်း၊ အစိုးရလွန်ကြောင်း ထောက်ပြလာခဲ့ကြတယ်။

ရိုက်တုန်းက ပြောင်ပြောင်တင်းတင်း ရိုက်ရဲကြပြီး အမှုစစ်တော့ ညအချိန်မှောင်ရိပ်ခိုပြီး စစ်ရဆေးရ၊ စွဲချက်တင်နေရတာကိုက သူတို့ မှုမမှန်တာ သိပ်ထင်ရှားနေပါပြီ။ ခုတော့ သူတို့ရဲ့နောက်ဆုံးခံတပ် လွှတ်တော်မှာ အမျိုးသားပညာရေးဥပဒေပြင်ဆင်ရေးကို သွားဆွေးနွေးပါဆိုတဲ့ လမ်းကြောင်းဆီ တွန်းပို့နေတယ်။

တဖက်မှာ ကျောင်းသားတွေရဲ့ ဂုဏ်သိက္ခာ အလွန်အမင်း ထိုးတက်သွားပါတယ်။ သူတို့တတွေဟာ အခက်အခဲ အကျပ်အတည်းတွေ ကြားထဲက ထိုးထွင်းကြံဆမှုနဲ့ အကြိမ်ကြိမ် ဖောက်ထွက်လာနိုင်ခဲ့ကြတယ်။ သူတို့ရည်မှန်းချက် ရန်ကုန်ကို ပင်မစစ်ကြောင်းက မရောက်ရောက်အောင် ချီတက်ပြလိုက်တယ်။

သူတို့တတွေဟာ အစားပျက် အအိပ်ပျက်ခံပြီး ဘာမထီစိတ်ဓာတ်နဲ့ ပင်ပင်ပန်းပန်း ချီတက်ခဲ့ကြသူတွေ ဖြစ်တယ်။ ရဲဆိုသူတွေက လူဆိုးဂိုဏ်းဆန်ဆန် ပြောင်ပြောင်တင်းတင်း ရိုက်နှက်ရဲ၊ မိုက်ရိုင်းရဲကြပြီး ထိပ်တိုက်ရင်ဆိုင် အဖြိုခွဲခံရတော့လည်း ကျောင်းသားတွေက

မှုကိုကိုင်စွဲပြီး လက်တုံ့မပြန် အေးအေးဆေးဆေး အဖမ်းခံခဲ့ကြတယ်။ တည်တည်ငြိမ်ငြိမ် အနာခံပြီး အရိုက်ခံခဲ့ကြတယ်။ သူတို့ကိုယ်နဲ့မကွာ ပါလာတဲ့ ငွေကြေးနဲ့ပစ္စည်းတွေကို လုယူ၊ သုံးလာတဲ့ မော်တော်ယာဉ်တွေကို ချိုးဖဲ့ဖျက်ဆီးပစ်နေတာကိုလည်း နှမြောမနေခဲ့ကြဘူး။ လူဆိုး၊ သူခိုး၊ ဓားပြတွေရဲ့အလုပ်ဟာ ဒါပဲဆိုတာ သူတို့ကြိုထားသိထားကြပြီး ဖြစ်တယ်။ ဒါပေမဲ့ ခွပ်ဒေါင်းအလံတော်ကို ရိုင်းရိုင်းစိုင်းစိုင်း မြေမှာချပြီး ဆောင့်နင်းတာ၊ တက်ခုန်တာကိုတော့ သူတို့ခံပြင်းကြတယ်။

ခိုင်းစေသူ အရပ်ဝတ်စစ်အစိုးရရဲ့ ညွှန်ကြားချက်က သပိတ်စစ်ကြောင်း ပြိုကွဲသွားဖို့အဓိက၊ ကွဲတာ၊ ပြဲတာ၊ သေကြေအနာတရ ဖြစ်တာ အကြောင်းမဟုတ်ဆိုတဲ့ အကြမ်းဖက်နည်း ဖြစ်တယ်။ သူတို့ပစ္စည်းတွေ (ထုံးစံအတိုင်း) မင်းတို့စိတ်ကြိုက် ခန့်ခွဲနိုင်တယ်။ ယူလိုယူ – ဖျက်လိုဖျက်ဆိုတဲ့ သဘောပဲ။

ကျောင်းသူကျောင်းသား ညီအစ်ကိုမောင်နှမတတွေရဲ့ စိတ်ရှည်မှု၊ သည်းခံနိုင်မှုနဲ့ ခံနိုင်ရည်ရှိမှု စတာတွေကတော့ အံ့မခန်းပါပဲ။ ခေါင်းဆောင်တွေရဲ့ စကားကို လေးလေးစားစား နားထောင်လိုက်နာကြတာကလည်း အတုယူဖွယ်အဖြစ် ထင်းကျန်ခဲ့တယ်။

(၃)

**ကျောင်းသားတွေ ချီတက်မယ့်လမ်းကြောင်း။**

သူတို့အနေနဲ့ လှုပ်ရှားမှု ဆက်လုပ်မယ်၊ တိုက်ပွဲဝင်သွားမယ်လို့ အဖမ်းမခံလိုက်ရသူရော၊ ထောင်ကလွတ်လာသူတွေကပါ ပြောနေကြတယ်။ ဒါက ပွဲမပြီးသေးဘူးဆိုတာ ပြလိုက်ခြင်း ဖြစ်တယ်။ သူတို့ဟာ ၄ ပွင့်ဆိုင် ဆွေးနွေးပွဲရလဒ်ကို ဆက်လက်ကိုင်စွဲထားကြတယ်။ လွှတ်တော်တက်ပြီး ဖြေရှင်းရလည်း ပြဿနာမရှိ၊ ဒါပေမဲ့ လွှတ်တော်တက်ရမယ့် ဗကသ ကိုယ်စားလှယ်တွေ လွှတ်ပေးရမယ်။ ကျန်တဲ့ ဖမ်းထားသူ အားလုံးကိုလည်း လွှတ်ပေးမှဖြစ်မယ်လို့ သူတို့ရဲ့ ရပ်တည်ချက်ကို ထုတ်ဖော်ထားတယ်။ သူတို့အနေနဲ့ ၆၀ ခုနှစ် ရလဒ်လိုမျိုး အဖြစ်ခံနိုင်ကြပုံ မပေါ်။

သူတို့တတွေဟာ ထောင်ထဲရောက်သွားသူက ရောက်သွားတဲ့အလျောက်၊ အပြင်မှာရှိနေသူတွေက ရှိနေသည့်အလျောက် ရရာပုံစံနဲ့ ဆက်လက်တိုက်ပွဲ ဝင်နေကြမယ်လို့ ယုံကြည်တယ်။

(၄)

**ထောက်ခံအားပေး ကူညီပံ့ပိုးသူများ**

ကျောင်းသားတွေ မှန်တယ်ဆိုတဲ့ဘက်က ရပ်ခံပြီး သဘောထားကြေညာချက် ထုတ်ကြတဲ့အထဲမှာ တိုင်းရင်းသားလူမျိုးစု လက်နက်ကိုင်အဖွဲ့အစည်းတွေရော၊ တိုင်းရင်းသား နိုင်ငံရေး၊ လူမှုရေး အဖွဲ့အစည်းတွေ အများအပြား ပါဝင်နေတာ ထူးထူးခြားခြား တွေ့ရတယ်။

ဗိုလ်ခင်ညွန့်လက်ထက်တုန်းက ကတိတလုံးနဲ့ လိမ်လုံးညာလုံးတွေအောက် ရောက်သွားတဲ့ တချိန်က တိုက်ဖော်တိုက်ဖက် ဖြစ်ခဲ့ဖူးသူ မိတ်ဆွေတွေကို ကျွန်တော်တို့ သတိပေးခဲ့တာ တခုရှိခဲ့တယ်။ ကျွန်တော်တို့က ဒီစစ်အုပ်စုနဲ့ အနှစ် ၄၀ လောက် လက်နက်ကိုင် တိုက်ခဲ့ရလို့ သူတို့သဘောသဘာဝ သိပါတယ်။ သူတို့အတွင်းသရုပ်စစ်ဗီဇ ပြောင်းမှာ မဟုတ်ဘူး၊ ခင်ဗျားတို့ကို ခွင့်ပြုထားတာက ယာယီပါ၊ တချိန်ချိန်မှာ ဒါတွေ ပြန်ရုပ်သိမ်းလိမ့်မယ်လို့ ပြောခဲ့တယ်။ ဒါတွေ သူတို့ သိနေကြပြီ ဖြစ်တယ်။

ခုဆို ပိုသိပြီပေါ့။ လက်နက်ဆို အပ်တိုတချောင်းတောင် မကိုင်တဲ့ ကျောင်းသားတွေတောင် ဒီလောက်ရက်ရက်စက်စက် လုပ်ပစ်မှတော့ သေနတ်လွယ်ထားတဲ့ ငါတို့ဆိုရင်ကောဆိုတဲ့ စဉ်းစားချက် ပေါ်ပါလိမ့်မယ်။ ဒါ့ကြောင့် ပြင်းပြင်းထန်ထန် ကန့်ကွက်နေကြတာ ဖြစ်ပါလိမ့်မယ်။ လက်ပံတန်း ဖော်ပြချက်က NCCT ဆွေးနွေးပွဲတွေအထိ အကျိုးသက်ရောက်မှု ရှိနေမှာပါ။ သူတို့ လုံခြုံရေးအတွက် ပိုသတိထားကြပါလိမ့်မယ်။

ပြည်သူတွေ လှုပ်လာကြပြီ၊ လှုပ်ရာက တင်းလာရင် ဒီမင်းခံနိုင်ပါ့မလား။

(၅)

**ကျောင်းသားထု ဘယ်တော့မှ မရှုံးနိုင်**

၄ ပွင့်ဆိုင် သဘောတူညီချက်ကိုတော့ သူတို့တတွေ မျက်နှာပြောင်စွာ၊ လူမဆန်စွာ အကြမ်းဖက်ဖြိုခွဲ ကတိမတည် ဖောက်ဖျက်ခဲ့ပြီ။

ဒါပေမဲ့ ကျောင်းသားထုကတော့ လူထုမေတ္တာကို သိမ်းကြုံးရရှိလိုက်တယ်။ သိန်းစိန် အစိုးရအပေါ် စက်ဆုတ်ရွံရှာ အော့နှလုံး နာကုန်ကြပါပြီ။

စစ်အစိုးရရဲ့ ဘက်စုံအကျပ်အတည်း ကြီးမားသထက်ကြီးမားပြီး မရှုနိုင်မကယ်နိုင် ဖြစ်နေတာကို မြင်တွေ့ခဲ့ကြပြီ။

အစိုးရ၊ လွှတ်တော် စစ်ဗျူရိုကရေစီယန္တရားဖြစ်တဲ့ စစ်တပ်၊ ရဲတပ်၊ တရားရုံး၊ ထောင်တို့ဟာ ၂၀၀၈ အောက်မှာ တကျိတ်တည်း တဥာဏ်တည်းပါကလားဆိုတာ အထင်အရှားပွင့်ကျသွားပါပြီ။

ကျောင်းသားတွေ တောင်းဆိုတဲ့ ဒီမိုကရေစီပညာရေးဟာ အနှစ်သာရအားဖြင့် လူထုပညာရေး ဖြစ်တယ်။ သန်း ၅၀ ကျော် လူထုကြီးက တခဲနက် ထောက်ခံကြတယ်။

၂၀၀၈ – ၂၀၁၀ ပြုပြင်ရေးမှိုင်းဟာလည်း ကွာကျသလောက်ရှိခဲ့ပြီ။

၂၀၁၅ အိပ်မက်ကလည်း မရေမရာဖြစ်နေပြီ။

နာကြည်းမှုကို အင်အားအဖြစ်ပြောင်းပြီး ပေါ်ပေါက်လာတော့မယ့် ဘက်စုံလူထုတိုက်ပွဲအတွက် ပြင်ဆင်ထားဖို့ပဲ လိုပါ တော့တယ်။

ဗဟိုစည်းရုံးရေးကော်မတီ
ဗမာပြည်ကွန်မြူနစ်ပါတီ

၁၃၇၆ ခု၊ တပေါင်းလဆုတ် (၁၀) ရက်။ ၂၀၁၅ မတ်လ၊ ၁၄ ရက်။

အစိုးရ၊ လွှတ်တော်
စစ်ဗျူရိုကရေစီယန္တရားဖြစ်တဲ့ စစ်တပ်၊ ရဲတပ်၊
တရားရုံး၊ ထောင်တို့ဟာ ၂၀၀၈ အောက်မှာ
တကျိတ်တည်း တဥာဏ်တည်းပါကလားဆိုတာ
အထင်အရှားပွင့်ကျသွားပါပြီ

# ၂၀၁၅ ရွေးကောက်ပွဲအပေါ် ကျွန်ုပ်တို့၏သဘောထား

# (ဗမာပြည်ကွန်မြူနစ်ပါတီ၏ ထုတ်ပြန်ကြေညာချက်)

**ရဲဘော်တို့ မိတ်ဆွေတို့ ပြည်သူလူထုအပေါင်းတို့**

၂၀၁၅ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး တင်ပြပါရစေ။

(၁)

**ဘယ်လိုရွေးကောက်ပွဲမျိုးလဲ**

- ကျပ် ၄ ဘီလျံ (သန်း ၄ ထောင်) အကုန်အကျခံပြီး ကျင်းပမယ့်ပွဲ
- တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ ပါမရတဲ့ပွဲ
- မတရားသင်းကြေညာခံထားရတဲ့ပါတီတွေ၊ လူပုဂ္ဂိုလ်တွေ မပါရတဲ့ပွဲ၊ မဲပေးခွင့်မရှိတဲ့ပွဲ
- တိုက်ပွဲတွေ ဆက်ဖြစ်နေချိန်လုပ်တဲ့ပွဲ
- ကော်မရှင်အမိန့်ကြောင့် ရွေးကောက်ပွဲဝင်မယ့်ပါတီတွေ၊ လူပုဂ္ဂိုလ်တွေ ခြေလက်အတုတ်အနှောင်ခံနေရတဲ့ပွဲ
- သူတို့ကျိတ်မွေးထားတဲ့ ‘လက်မရှိ့’ တွေ လက်စွမ်းပြမယ့်ပွဲ

ချုပ်လိုက်ရင် ‘လွတ်လပ်ပြီး တရားမျှတမှုရှိတဲ့ရွေးကောက်ပွဲ’ ဆိုတာ ဆိုင်းဘုတ်သက်သက်သာရှိတဲ့ပွဲပဲ ဖြစ်ပါတယ်။

(၂)

**၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဆိုတာ ဘာလဲ**

အနှစ်ချုပ်

- လွှတ်တော်အသီးသီးမှာ စစ်တပ်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းယူထားပြီး ကာချုပ်ရွေးထားတဲ့ ကိုယ်စားလှယ်အများစု ပါနေတဲ့ ကာလုံက အစိုးရနဲ့လွှတ်တော်အပေါ် ခေါးမိုးထားမှု
- အချိန်မရွေး အာဏာသိမ်းနိုင်တဲ့ပြဋ္ဌာန်းချက်
- စစ်တပ်နဲ့ဖြစ်တဲ့မှုခင်းတွေမှာ စစ်ဘက်ကသာ စီရင်ပိုင်ခွင့်ရှိမှု၊ ကာချုပ်ရဲ့အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်ပြီး တရားလွှတ်တော်ချုပ်သို့ အယူခံတက်ခွင့်မရှိ (ကိုပါကြီးအမှုနှင့် ပြည်နဝဒေးမုဒိမ်းမှုနမူနာ)
- လွှတ်တော်အသီးသီးမှာ ၂၅ ရာခိုင်နှုန်းယူထားတဲ့ စစ်တပ်ကိုယ်စားလှယ်တွေက အသာစီးယူထားပြီး ပြည်သူလူထု သဘောထားဆန္ဒကို ကိုယ်စားမပြုတဲ့ သမ္မတရွေးချယ်တဲ့စနစ်
- တိုင်း/ပြည်နယ်လွှတ်တော်တွေမှာ ဘယ်ပါတီပဲနိုင်နိုင် သမ္မတကပဲ သူကြိုက်တဲ့သူကို ဝန်ကြီးချုပ်ခန့်နိုင်ခွင့်
- အများပြောနေတဲ့ (၄၃၆) ကို ပြင်မရအောင်လုပ်ထားတာ (အများစုမဲနဲ့ ပြင်ကြည့်ပြီးပြီ၊ ပြင်မရ)

ဒီတော့ ဒါတွေသာ ဆက်ရှိနေမယ်ဆိုရင် ဘယ်သူတက်တက် တက်သမျှအစိုးရဟာ ကာလုံခေါးမိုး စေခိုင်းသမျှကို အကောင်အထည်ဖော်ရမှာသာ ဖြစ်တယ်။ စစ်တပ်ရဲ့အကျိုးစီးပွားကို ထိလို့မရပါ။ စစ် ၃ စစ်ကို အသက်နဲ့လဲပြီး ကာကွယ်ဖို့ ဖိအားပေးခိုင်းစေတာ ခံကြရပါလိမ့်မယ်။ ဖက်ဒရယ်ပြည်ထောင်စုဆိုတာ အိပ်မက်တောင် မမက်နိုင်တဲ့ဘဝ ရောက်ပါမယ်၊

အကျိုးဆက်အားဖြင့် ပြည်သူတွေ ပိုပြီးဆင်းရဲတွင်း နက်လာပါမယ်။ စစ်အရှိန် မြင့်လာပါမယ်။ ခရိုနီများနဲ့ လက်ဝေခံနေရှင်များကြောင့် ပြည်ပက နိုင်ငံရေး၊ စီးပွားရေး စွက်ဖက်မှုတွေ ပိုတိုးများလာပါမယ်။ ဒ့ါကြောင့် စစ်မှန်တဲ့ဒီမိုကရေစီရရှိရေးအတွက် ဆက်တိုက်ကြရဦးမှာပါလို့ ပြောလိုပါတယ်။

နောက်တချက်က ၂၀၀၈ အခြေခံဥပဒေအောက်မှာ ကျင်းပတဲ့ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခြင်းဟာ စစ်အုပ်စုအုပ်စိုးမှုကို တရားဝင် အသိအမှတ်ပြုပေးရာ ရောက်သွားနိုင်ပါတယ်။

ဒီဥပဒေကို မဖျက်သိမ်းနိုင်မချင်း ဒီချုပ် (NLD) သည်ပင် သူ့နိုင်ငံရေးရည်မှန်းချက်များကို ဖော်ဆောင်နိုင်စရာအကြောင်း မမြင်ပါ။ စစ်အုပ်စု သက်ဆိုးရှည်ရေးအတွက် အလုပ်အကျွေးပြုရာသာ ရောက်ပါလိမ့်မယ်။ စစ်အုပ်စုကတော့ နိုင်ရင်လည်းနိုင်၊ ရှုံးရင်လည်း နိုင်သွားမှာပါ။ မိမိတို့ အနေနဲ့ (NLD) သူ့လမ်းသူဆုံးအောင် လျှောက်ကြည့်နေတာကို ကန့်လန့်တိုက်နေမှာ မဟုတ်ဘူးလို့ သတင်းစကား ပါးချင်ပါတယ်။

**ပြည်သူလူထုကြီးခင်ဗျား –**

ဗကပ အနေနဲ့ စစ်အာဏာရှင်စနစ်ကို တရားဝင်ဆက်လက် သက်ဆိုးရှည်စေမယ့် ၂၀၀၈ အခြေခံဥပဒေအောက်က ကျင်းပမယ့် ၂၀၁၅ အထွေထွေရွေးကောက်ပွဲဟာ တရားမျှတပြီး လွတ်လပ်တဲ့ ရွေးကောက်ပွဲဖြစ်မယ်လို့ လုံးဝမယုံကြည်ကြောင်း တင်ပြလိုပါတယ်။ အလားတူ အတိုက်အခံနိုင်ငံရေးပါတီများအနေနဲ့လည်း နေရာလုနေကြတဲ့ စစ်အုပ်စုထဲက တစုစုနဲ့ပေါင်းပြီး နိုင်ငံရေးအာဏာ ရယူနိုင်တယ်ဆိုတဲ့ နွေလယ်ခေါင် အိပ်မက်မျိုး မမက်မိကြဖို့ ပန်ကြားလိုပါတယ်။

ပြည်သူလူထုကြီးအနေနဲ့လည်း အကြောင်းကြောင်းကြောင့် မဲပေးရတော့မယ်ဆိုပါက ပြည်သူလူထုအကျိုးအတွက် ၂၀၀၈ အခြေခံဥပဒေကို အခြေခံကစပြီး အမှန်တကယ်ပြင်လို ဖျက်သိမ်းလိုသည့် နိုင်ငံရေးပါတီများ/ပုဂ္ဂိုလ်များကို အားပေးထောက်ခံကြဖို့ လိုမယ် ထင်ပါတယ်။ စစ်အာဏာရှင်စနစ် သက်ဆိုးရှည်နေသမျှကာလပတ်လုံး တိုင်းပြည်ရော၊ ပြည်သူလူထုပါ ဆင်းရဲဒုက္ခနွံတွင်းက ကျွတ်ထွက်နိုင်မှာ မဟုတ်တဲ့အပြင် လက်တဆုပ်စာ စစ်အုပ်စုရဲ့ ကိုယ်ကျိုးကြည့်မှုနဲ့ အမြော်အမြင်ခေါင်းပါးမှုကြောင့် အင်အားကြီးနိုင်ငံများရဲ့ အကျိုးစီးပွားပဋိပက္ခအကြား အချုပ်အခြာအာဏာပိုင်ဆိုင်မှု ပျက်စီးသွားမယ့်အန္တရာယ် ရှိနေပါတယ်။ အာရှပစိဖိတ်အပူကွက်ဟာ လျော့ပါးမသွားတဲ့အပြင် အပူရှိန်မြင့်လာတာကို သတိပြုရပါမယ်။ ဒ့ါကြောင့် စစ်အာဏာရှင်စနစ် လုံးဝချုပ်ငြိမ်းစေရေးအတွက် တိုင်းချစ်ပြည်ချစ်နိုင်ငံရေး အင်အားစုများနဲ့ လက်တွဲပြီး အခွင့်အလမ်းရှိသည့် မည်သည့်နိုင်ငံရေးလှုပ်ရှားမှုသဏ္ဍာန်ဖြင့်ဖြစ်စေ နိုးနိုးကြားကြား ကိုယ်တိုင်ပါဝင်လှုပ်ရှားကြစေလိုကြောင်း ပန်ကြားလိုက်ပါတယ်။

(၃)

**သမ္မတရာထူးနဲ့ သူတို့တွင်းကပြဿနာများ**

သမ္မတရာထူးဆိုတာ လုပ်ပိုင်ခွင့်အာဏာရှိတဲ့ဘက်ကကြည့်ကြည့်၊ အခြံအရံနဲ့ လစာခံစားခွင့်တွေဘက်ကကြည့်ကြည့် မက်လောက်စရာ ရာထူးဖြစ်နေတယ်။ ဒေါ်အောင်ဆန်းစုကြည် ဝင်ရွေးခွင့်မရတော့တာ သေချာသွားပြီးတဲ့နောက် အာဏာရအုပ်စုထဲမှာ သမ္မတနေရာလုပွဲက ပိုပြင်းထန်လာတာ တွေ့ရတယ်။

လက်ရှိသမ္မတက နောက်ထပ်အရွေးခံမယ်၊ မခံဘူး မကြေညာ။

သမ္မတဖြစ်ရေး အရှုံးအမှုးကြိုးစားနေသူ လွှတ်တော်နာယကကြီးကတော့ သမ္မတဖြစ်ချင်ကြောင်း ပြောင်ကြေညာပြီးပြီ။ တခါ 'ကျွန်တော့်ကို သမ္မတကိုယ်တိုင်က သူမပြိုင်တော့ပါဘူးလို့ စာရေးပြီး ပြောထားပြီးသား' လို့ ထုတ်ဖော်ပါတယ်။ ဒါကို သမ္မတရုံးက ငြင်းပါတယ်။

ခုနောက်ဆုံး ကာချုပ်ဆိုသူလည်း ဒီပြိုင်ပွဲထဲကို တိုးဝင်လာပြန်ပြီ။ ထိုင်းတို့ အီဂျစ်တို့မှာတောင် ကာချုပ်တွေက သမ္မတဖြစ်သူဖြစ်၊ ဝန်ကြီးချုပ်လုပ်သူလုပ် လုပ်နေတာပဲ။ ဗမာပြည်မှာ ဘာလို့မဖြစ်နိုင်ရမှာလဲလို့ တွေးချင်တွေးနေပါလိမ့်မယ်။ ဒါ့ကြောင့် ထင်ပါရဲ့၊ စစ်တပ်က ဘားတိုက်ထဲ ပြန်ဝင်မယ့်ကိစ္စကတော့ ၅ နှစ် ကြာချင်ကြာမယ်၊ ၁၀ နှစ် ကြာချင်ကြာမယ်၊ ပြောမရဘူးလို့ (BBC) ကို တိတိကျကျ အဖြေပေးလိုက်ပါပြီ။

၃ ယောက်စလုံးရဲ့ စကားခံတွေကတော့ စကားလုံးကွဲပေမယ့် တသဘောတည်း ဖြစ်နေတာ သတိပြုမိကြပါလိမ့်မယ်။

'လိုအပ်လာရင်'၊ 'တာဝန်ပေးလာရင်'၊ 'ပြည်သူက တောင်းဆိုလာရင်' ဆိုတဲ့အသုံးအနှုန်းတွေသုံးပြီး သမ္မတလုပ်မယ့် အကြောင်း ကြေညာလိုက်ကြတာပါ။

ဒါတွေဟာ လူထုနဲ့နိုင်ငံရေးပါတီတွေ အာရုံထွေပြားအောင် လုပ်နေကြတာသာ ဖြစ်တယ်။ စစ်အုပ်စုဆိုတာမှာ နံပါတ် (၁) တယောက်ပဲ ရှိတယ်။ အခြေခံဥပဒေ စဆွဲစဉ်ကတည်းက အာဏာပြိုင်လေးတွေဖြစ်အောင် ဗိုလ်သန်းရွှေ လုပ်ထားခဲ့တယ်။ စစ်အုပ်စု အာဏာ လက်မလွှတ်ရတဲ့အောက်မှာ ကိုယ်ကျိုးစီးပွားအတွက် တဦးနဲ့တဦး အာဏာပြိုင်တာ၊ အင်အားစုကြတာ၊ ကော်ကြခတ်ကြတာ ရှိမှာပဲ။ မရှောင်လွှဲနိုင်ဘူး။ ဒါဟာ စစ်အစိုးရတွေရဲ့ မွေးရာပါ ပဋိပက္ခပဲ။ လူထုအနေနဲ့ ဘာမှစိတ်ကူးယဉ်စရာ အကြောင်းမရှိ၊ သူတို့ထဲက လူသစ်တယောက် သမ္မတဖြစ်လာလည်း လူထုကိုခတ်မယ့် 'ချို' တချောင်း ပိုပါလာတာပဲ ဖြစ်မယ်။

သူတို့အကျပ်အတည်းက နိုင်ငံတကာရဲ့ အသိအမှတ်ပြုဖို့ကလည်း လိုအပ်၊ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲသာ လုပ်ရင် သူတို့ဘယ်လိုမှ မနိုင်နိုင်တာလည်းသိနေ – ဒီတော့ ထွက်ပေါက်က မသမာတဲ့နည်းမျိုးစုံသုံးပြီး ညစ်ဖို့ပဲ။ အာဏာကိုင်ပြီး အခွင့်အရေးယူဖို့ပဲ။ ၂၀၀၈ ကိုင်ပြီး အပိုင်လုပ်ဖို့ပဲ။ အငြင်းပွားစရာ မဲစာရင်းတွေ ထွက်လာပြီ။ တမင်ပြဿနာဖန်တီးထားတဲ့ ဒီမဲစာရင်းတွေကို လက်ညှိုးထိုးပြပြီး ရွေးကောက်ပွဲကိုတောင် အချိန်ရွှေ့တာ၊ ဖျက်တာတွေ ဖြစ်ကောင်းဖြစ်လာနိုင်တယ်။ ကြံ့ဖွံ့အနေနဲ့ စောစောစီးစီး မဲဆွယ်တာ လုပ်နေနိုင်ကြပြီ။ စိတ်မချရတဲ့ မဲစာရင်းတွေ ထွက်လာပြီ။

ရွေးကောက်ပွဲအကြို သူတို့ 'မီးခဲ' လို့ ယူဆထားတဲ့ ကျောင်းသားတွေနဲ့ မီဒီယာသမားတွေကိုဖမ်း၊ ထောင်ချ၊ ဒဏ်ငွေတပ်နဲ့ သတင်းလွတ်လပ်ခွင့်တွေ တင်းကျပ်လာခဲ့ပြီ။ သူတို့က အမှန်တရားကိုင်စွဲထားတဲ့ ကျောင်းသားတွေနဲ့ မီဒီယာတွေကို ကြောက်ပါတယ်။ ရွေးကောက်ပွဲကာလကျရင် မီဒီယာလက်လှမ်းမီတဲ့ နေရာတွေမှာ လက်တလုံးခြား ဥပဒေလွတ်ညစ်ပြီး မီဒီယာလက်လှမ်းမမီတဲ့ နေရာတွေမှာ ပြောင်ကျကျ ညစ်ပါလိမ့်မယ်။ ဒီလို ညစ်နိုင်အောင်လည်း ရွေးကောက်ပွဲကော်မရှင်က အောက်ခြေ ရပ်/ကျေး နဲ့ မြို့နယ်၊ ခရိုင်၊ တိုင်းနဲ့ပြည်နယ် အဆင့်ဆင့်မှာ တပ်ထွက်တွေနဲ့ သူတို့လူတွေချည်း လုပ်ပိုင်ခွင့် အာဏာတွေ ပေးထားပါပြီ။

လူထုမှာ ကိုယ်ပိုင်နည်းနာတွေရှိပါတယ်။ တီထွင်ဖန်တီးမှုတွေ ရှိပါတယ်။ ရွေးကောက်ပွဲကာလအတွင်း စစ်အုပ်စုရဲ့ မသမာမှုတွေကို ဖော်ထုတ်ကန့်ကွက် ရှုတ်ချကြရပါမယ်။ မိမိတို့ရဲ့ လုပ်ပိုင်ခွင့်၊ ဒီမိုကရေစီအခွင့်အရေးတွေကို ကျယ်ကျယ်လောင်လောင် တောင်းဆိုကြရပါမယ်။ မိမိတို့ရဲ့ဆန္ဒဟာ 'ဘာ' ဆိုတာ ရဲရဲဝံ့ဝံ့ ဖော်ပြကြပါလို့ တိုက်တွန်းလိုက်ပါတယ်။

ဗဟိုစည်းရုံးရေးကော်မတီ
ဗမာပြည်ကွန်မြူနစ်ပါတီ

ရက်စွဲ – ၁၃၇၇ ခု၊ ဒုတိယဝါဆိုလဆန်း ၁၂ ရက်။
၂၀၁၅ ခု၊ ဇူလိုင်လ ၂၈ ရက်။

# “၂၀၁၅ ရွေးကောက်ပွဲလွန်ကာလ ဗမာပြည်ကွန်မြူနစ်ပါတီ၏တင်ပြချက်”

ရဲဘော်တို့ မိတ်ဆွေတို့ ပြည်သူလူထုအပေါင်းတို့

၂၀၁၅ နိုဝင်ဘာ ၈ ရက်နေ့မှာ ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲကို ကျွန်တော်တို့လည်း စိတ်ဝင်တစား စောင့်ကြည့်ခဲ့ပါတယ်။

အုပ်စိုးသူတွေဘက်က ဒီအဆင့်မှာ အရေးနိမ့်သွားပါပြီ။ ဦးသိန်းစိန်ဦးဆောင်တဲ့ ကြံ့ဖွံ့ပါတီနဲ့အစိုးရ ရှုံးနိမ့်သွားသော်လည်း ၂၀၀၈ ခြေ/ဥ အောက်မှာ အခိုင်အမာတည်ဆောက်ထားတဲ့ စစ်ဗျူရိုကရေစီယန္တရားက မပျက်မစီး တည်ရှိနေပါသေးတယ်။ သူတို့ ဘာတွေလုပ်လာနိုင်စရာတွေ ရှိသေးလဲ။ တိုင်းပြည်ရှေ့ရေးအတွက် ကျွန်တော်တို့မှာ တင်ပြစရာတွေ ရှိလာပါတယ်။

(၁)

**၂၀၁၅ ရွေးကောက်ပွဲ ဘာ့ကြောင့်ဖြစ်ပေါ်လာသလဲ**

အမေရိကန်က တရုတ်နဲ့အပြိုင် အာရှပစိတ်ဖိတ်ထဲ ထိုးဝင်လာပြီး ဒေသစိုးမိုးရေး လုပ်လာရာက ဗမာပြည်ဟာ ပထဝီနိုင်ငံရေးအရ အချက်အချာကျနေတာမို့ ဘက်ပေါင်းစုံကနေ အမေရိကန်က ထိုးဖောက်ချဉ်းကပ်ခဲ့ပါတယ်၊ နောက်ဆုံး အုပ်စိုးသူ စစ်အုပ်စုကို ချော့မြှူမက်လုံးပေးပြီး ဒီချုပ်နဲ့ဆွဲစေ့ပေးလိုက်နိုင်ရာက ၂၀၁၀ ရွေးကောက်ပွဲကို သပိတ်မှောက်ခဲ့တဲ့ ဒီချုပ်ဟာ ၂၀၁၂ ကြားဖြတ် ရွေးကောက်ပွဲဝင်ခဲ့တယ်။ ဒ့ါကြောင့် ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲဟာ ရုပ်ပြကောင်းခဲ့ပြီး စစ်အုပ်စုလည်း အသက်ရှူချောင်ခဲ့တယ်။ အခုတော့ ၂၀၁၅ ရွေးကောက်ပွဲ ဖြစ်လာခဲ့တယ်။

ရွေးကောက်ပွဲမှာ ပြဿနာအကြီးအကျယ် မတက်လိုက်ဘဲ ပြည်သူတွေအကြိုက် ဒီချုပ်အနိုင်ရသွားတော့ အိုဘားမားနဲ့ ဟီလာရီ ကလင်တန်တို့က ‘ငါပစ်တာ’ ဆိုတဲ့သဘောနဲ့ လက်မထောင်ပြခဲ့ကြတယ်။

ဒ့ါကြောင့်လည်း ရွေးကောက်ပွဲအပြီး အင်တာဗျူးတခုမှာ ဝါရှင်တန်ပို့စ်သတင်းထောက်က ဒေါ်အောင်ဆန်းစုကြည်ကို ‘ရွေးကောက်ပွဲ အနိုင်ရလို့ အမေရိကန်အစိုးရကို အမှတ်ပေးချင်သလား’ လို့ ပြောင်ကျကျမေးခွန်းထုတ်ခဲ့ခြင်း ဖြစ်တယ်။

(၂)

၂၀၁၅ ရွေးကောက်ပွဲရဲ့ ထူးခြားတဲ့ဝိသေသများ

နိုင်ငံရေးပါတီ ၉၁ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ကြတဲ့ ၂၀၁၅ ရွေးကောက်ပွဲမှာ ဒီချုပ် အနိုင်ရသွားပါပြီ။ ပြည်သူအတွက်၊ ဒီချုပ်အတွက်၊ စစ်အာဏာရှင်စနစ်ကို တိုက်ပွဲဝင်နေသူတွေအတွက် မင်္ဂလာသတင်းပါ။

ဒီပွဲမှာ ပြည်သူတွေ အောင်ပွဲခံပြီး စစ်အုပ်စုနဲ့ကြံ့ဖွံ့တို့ ရှုံးနိမ့်ခဲ့ရတာဟာ လူတန်းစား၊ လူ့အလွှာအသီးသီး နိုးကြားကာ အဆက်မပြတ် တိုက်ပွဲဝင်လာကြရင်းက စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး စိတ်ဓာတ်တွေ မြင့်မားပေါင်းစည်းလာခဲ့ကြလို့ ဖြစ်တယ်။

အခွင့်အရေးယူကာ ကိုကြိုတက်ချမ်းသာလာပြီး စည်းစိမ်ပေါ်က လက်ညှိုးညွှန်အုပ်ချုပ်လာတဲ့ စစ်အာဏာရှင်တွေကို ပြည်သူလူထုက တူးတူးခါးခါးရွံရှာမုန်းတီးတယ်ဆိုတာ ဖော်ထုတ်ပြသလိုက်တဲ့ပွဲ ဖြစ်တယ်။

လူထုက ပေးလိုက်တဲ့မဲဟာ အုပ်စိုးသူတွေနဲ့အပေါင်းအပါတွေ နာလိုခံခက်ပြောနေတဲ့ ပေါ်ပြူလာမဲဆိုတာထက် ပိုလေးနက်ပါတယ်။ လူထုက သူ့ခံယူချက်နဲ့သူ ရပ်တည်လိုက်တာက ပိုနက်ရှိုင်းပါတယ်။ လူထုရဲ့ခံစားချက်နဲ့ နိုင်ငံရေးနိုးကြားမှုက ဒါ့ထက် ပိုနက်ရှိုင်းပါတယ်။

တနည်းပြောရရင် ရာစုနှစ်တဝက်ကျော် ပြည်သူကိုနှိပ်စက်၊ ဆိုးခိုးသတ်ဖြတ် အဓမ္မကျင့်လုပ်လာခဲ့တဲ့ စစ်အာဏာရှင်စနစ်ရဲ့ ဆိုးပြစ်ကို မှတ်လောက်သားလောက်အောင် ပြည်သူတွေက ဒဏ်ခတ်လိုက်တာ ဖြစ်တယ်။

စစ်အုပ်စု စိတ်ကြိုက်ရေးဆွဲထားတဲ့ ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဘောင်အောက်မှာ အရပ်သားနိုင်ငံရေးပါတီတခုက မဲအပြတ်အသတ်နဲ့ အနိုင်ရခဲ့တာဟာ အလွန်ထူးခြားပါတယ်။ ပြောင်းလဲလိုနေပြီဖြစ်တဲ့ ပြည်သူတွေရဲ့ ဆန္ဒနဲ့ကိုက်ညီအောင် ကြွေးကြော်သံတင်၊ အခြေခံအားဖြင့် မှန်ကန်တဲ့ ရွေးကောက်ပွဲဗျူဟာနဲ့ လူထုကြီးတရပ်လုံး လမ်းပေါ်ထွက်ပေါ်လာနိုင်အောင် စည်းရုံးလှုံ့ဆော်လုပ်ဆောင်သွားနိုင်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ကျွန်တော်တို့ အသိအမှတ်ပြုချီးကျူးပါတယ်။

**ကြံ့ဖွံ့ဘာ့ကြောင့်ရှုံးသလဲ**

အဘက်ဘက်က အသာစီးယူထားတဲ့ကြားထဲက ခုလိုအပြတ်အသတ် အရှုံးရလဒ်ကြောင့် အုပ်စိုးသူတွေ တုန်လှုပ်ကုန်ကြပါတယ်။ ခြေမကိုင်မိလက်မကိုင်မိ ဖြစ်ခဲ့ကြတယ်။ ရုတ်တရက် ပြောစရာစကား ရှာမတွေ့ ဖြစ်ခဲ့တယ်။ ညွှန့်ဦးယံအာဏာသိမ်းပွဲနဲ့ ဘိသိက်မြှောက်ခံလိုက်ရတဲ့ အာဏာရပါတီတွဲဘက်ဥက္ကဋ္ဌဖြစ်သူက “ကျွန်တော်တို့ ဘာ့ကြောင့် ဒီလိုအပြတ်အသတ်ရှုံးတယ်ဆိုတာ မစဉ်းစားတတ်အောင်ပဲ” ဆိုတာမျိုး ပြောထွက်လာတယ်။ စစ်အာဏာရှင်စနစ်ပုံသေနည်းတွေနဲ့ ကြိုတွက်ထားပြီး စိတ်အေးနေခဲ့ပုံရပါတယ်။ ပြည်သူတွေ ဘယ်လောက်နာကြည်းခံပြင်းနေတယ်၊ ဘယ်လောက် ဒေါသထွက်နေကြပြီဆိုတာ သူတို့ မသိနိုင်လောက်အောင်ကို အောက်ခြေလွတ်နေကြတာပါ။

ဒီပွဲမှာ နိုင်ငံရေးသံဝေဂ ရသွားကြတဲ့သူတွေလည်း မနည်းဘူး။

မိုက်ရူးရဲတယောက်ကဆိုရင် ရိုင်းရိုင်းစိုင်းစိုင်း မောက်မောက်မာမာ ပြောထွက်လာတယ်။ ပြည်သူတရပ်လုံးကို စော်ကားသွားခဲ့တယ်။ “မင်းဆိုးမင်းညစ်လက်ထဲမှာ ခွေးသေဝက်သေ သေကြပေတော့” တဲ့။

ဒီ ၂ ယောက်ကို ဥပမာပြလိုက်ရုံနဲ့ သူတို့ဘာ့ကြောင့် အပြတ်အသတ်ရှုံးတယ်ဆိုတာ ပေါ်လွင်နေပါပြီ။

(၃)

ဤခရီးဝေးသေး၏

နိုင်ငံရေးအခြေအနေသစ်တရပ်ကတော့ ပေါ်ထွန်းလာပါပြီ။ ပြည်သူတွေ ရှင်မြူးကြရမယ့်အချိန် – ဒါပေမဲ့ စိတ်လွတ်ကိုယ်လွတ် ဘယ်သူမှ မပျော်နိုင်ကြသေး။ ၆၀ ခုနှစ် ရွေးကောက်ပွဲတခွေက ခုအထိ ခြောက်လှန့်နေဆဲ၊ ပြည်သူတွေအပြင် ဒီချုပ်တဖွဲ့လုံးလည်း ရင်မနေရဆဲ။ သရဖူ၊ လက်ထိတ်၊ သံတိုင်၊ အုတ်ရိုး၊ ကျည်ဆန်စတာတွေက မျက်ဝန်းအိမ်ထဲမှာ တလှည့်စီ မြင်နေကြရမယ့်ပုံပဲ။

အာဏာလွှဲပြောင်းပွဲမှာ ပြည်သူတွေက အေးအေးချမ်းချမ်း ချောချောမောမော ဖြစ်စေချင်ကြတယ်။ ကျွန်တော်တို့လည်း ဒီလိုပဲ ဆန္ဒရှိတယ်။ တရုတ်၊ အမေရိကန်၊ အီးယူ၊ ဂျပန်နဲ့ကုလသမဂ္ဂတို့ကလည်း ဒီသဘောထားမျိုး ဖော်ပြကြတယ်။ ခု အာဆီယံ အစည်းအဝေးမှာ ထပ်မံအတည်ပြုကြတယ်။ ဝိုင်းကြီးချုပ်လက္ခဏာဆောင်တယ်။

(၄)

ချောချောမောမောအာဏာလွှဲအပ်ရေး

ဒေါ်အောင်ဆန်းစုကြည်က သမ္မတ၊ ပြည်ထောင်စုလွှတ်တော်နာယကနဲ့ ကာချုပ်တို့ကို တွေ့ခွင့်ရဖို့ တင်ပြပါတယ်။

လွှတ်တော်အကြီးအကဲနဲ့တော့ တွေ့ဆုံဆွေးနွေးလို့ ပြီးသွားပါပြီ။ ပြေပြေလည်လည်ရှိကြကြောင်း ကြေညာချက်တခု ထုတ်ပြန်အသိပေးခဲ့ကြပါတယ်။

"ဘာပြောင်းလဲစရာလိုသေးလို့လဲ၊ ပြောင်းလဲပေးထားပြီပဲ" လို့ ပြောထားတဲ့ သမ္မတဦးသိန်းစိန်နဲ့ "အမှန်တကယ်ပြောင်းလဲဖို့ NLD ကို မဲပေးစို့" ဆောင်ပုဒ်ကိုင်စွဲခဲ့တဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံပွဲ။

"၂၀၀၈ အခြေခံဥပဒေကို ကာကွယ်သွားမယ်" လို့ ကြွေးကြော်ထားတဲ့ ကာချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နဲ့ ဒီခြေ/ဥကို ပြင်မှဖြစ်မယ်ဆိုတဲ့ ဒီချုပ်ဥက္ကဌတို့ တွေ့ဆုံပွဲကို ပြည်သူတွေက စောင့်စားနေကြပါပြီ။

သူတို့ဘက်ကလည်း ကော်မရှင်က တရားဝင်အနိုင်အရှုံးရလဒ်ကို ကြေညာပြီးရင် တွေ့ပွဲမယ်လို့ အကြောင်းပြန်ကြားထားပြီဖြစ်တယ်။ ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြုပါတယ်လို့လည်း ဆိုထားခဲ့ကြတယ်။ ဒီအတိုင်း ရုပ်လုံးဖော်ကြမယ်ဆိုရင်တော့ ကြိုဆိုရမယ့်ကိစ္စပါ။ လူကြီးလူကောင်းပီသတယ်လို့ အသိအမှတ်ပြုကြပါမယ်။

ကျွန်တော်တို့ ဘာတွေသတိထားသင့်သလဲ–

ဘာတွေ ဘယ်လိုအပေးအယူလုပ်ကြမလဲ– သမ္မတနဲ့ကာချုပ်ကတော့ ၂၀၀၈ အထိုင်ပေါ်က တင်ပြဆွေးနွေးကြလိမ့်မယ်လို့ ခန့်မှန်းပါတယ်။ သူတို့ဘက်က ၂၀၀၈ က ပေးအပ်ထားတဲ့ အထူးအခွင့်အရေးတွေ အကုန်ပြန်ယူကြမှာပါ။ ကာလုံ ဆက်ရှိမယ်။ လွှတ်တော်ထဲမှာ စစ်တပ်ကိုယ်စားလှယ် ၂၅ ％ ဆက်ထားမယ်။ အစိုးရဝန်ကြီးဌာန ၃ ခု (ကာကွယ်ရေး၊ ပြည်ထဲရေးနဲ့ နယ်စပ်ရေးရာ) ကို ကာချုပ်က ဆက်ကိုင်ထားလိမ့်မယ်။

ခုဟာက ကြံ့ဖွံ့ ရှုံးပေမယ့် စစ်တပ်စစ်ဗျူကရေစီယန္တရားက ရှိနေသေးတယ်။ ဒါပေမဲ့ တဖက်မှာ စစ်အုပ်စုနဲ့ စစ်တပ်တခုလုံးကို ခွဲကြည့်ဖို့ လိုတယ်။ ဖော်ပြချက်တွေကြည့်တော့ ဒီချုပ်ကို မဲပေးကြတဲ့အထဲမှာ စစ်တပ်မဲ အတော်အသင့်ပါခဲ့တယ်။ တချို့တပ်နယ်မြေတွေမှာ အထက်က ချုပ်ကိုင်ပြီး ကြံ့ဖွံ့မဲတွေ ယူသွားလို့ လျော့နည်းသွားတာ ရှိတယ်။

ထိပ်ပိုင်းမှာ သူရဦးရွှေမန်း၊ သူရဦးအောင်ကိုတို့လို ပုဂ္ဂိုလ်တွေကတောင် အပုပ်ကောင်ကို ဖက်တွယ်မထားတော့တာ တွေ့ရတယ်။ တပ်အနေနဲ့ တသွေးတသံတမိန့် နှောင်ကြိုးကြီးရှိနေလို့သာ ပုံပျက်ပန်းပျက် မဖြစ်သေးတာ။ အောက်ခြေတပ်မှူး တပ်သားတွေကိုယ်တိုင်က ပြည်သူတွေနဲ့အတူ ခံစားနေရတာ ဖြစ်တယ်။ ဒါက ဘက်တဖက်။

ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ပညာရှင်တချို့က ၉၀ ခုနှစ်နဲ့ မတူတော့ပါဘူးလို့ အခြေအနေအချက်အလက် အချို့ကို ထောက်ပြကြတယ်။ ငြင်းခုံစရာမရှိပါ။ ဒါပေမဲ့ ခုအထိ တူနေသေးတာတွေလည်း ကျန်နေသေးတယ်ဆိုတာ မမေ့ဖို့လိုပါတယ်။

– စစ် ၃ စစ် (စစ်အုပ်စု၊ စစ်အစိုးရ၊ စစ်ဗျူရိုကရေစီယန္တရား) ရှိနေသေးတယ်။
– တပ်ကို ချုပ်ကိုင်ထားနိုင်ဆဲ ဖြစ်တယ်။
– စစ်တပ်ဆိုတာပစ်ရင် မှန်အောင်ပစ်တယ်ဆိုတဲ့ လမ်းညွှန်ချက် တည်မြဲနေသေးတယ်။

၈ လေးလုံးမှာ ပစ်ကြည့်တယ်။ မရမှ ဒေါက်တာမောင်မောင်ရဲ့ လေချိုသွေးအဆင့်ကို လျှော့ချတာ ဖြစ်တယ်။ ခုလည်း ညစ်ကြည့်တယ်။ မရမှ ဆုတ်တာဖြစ်တယ်။ (အတွေ့အကြုံအရ) ထိုးဖို့ဆုတ်တာကော မဖြစ်နိုင်ဘူးလား။ သူတို့မှာ ၂၀၀၈ ခံစစ်စည်း ရှိသေးတယ်။ စစ်တပ် ၂၅ ％ ကို ဆုပ်ကိုင်ထားဆဲ ဖြစ်တယ်။ တပ်ကို အနီရောင်အဆင့် တပ်လှန့်ပြီးမှ အဝါ လိမ္မော်ရောင်အဆင့် လျှော့တာဖြစ်တယ်။ ဖြစ်နေတာက ငါးတကာယိုတဲ့ချေး ပုစွန်ဆိတ်ခေါင်းပေါ် အကျခံနေရတယ် ဆိုတဲ့စကားပုံလိုပဲ။ ထိပ်က စစ်အုပ်စု လုပ်သမျှနဲ့ လုပ်ခိုင်းသမျှ လုပ်နေရတဲ့ စစ်တပ်တတပ်လုံးနဲ့ ဝန်ထမ်းတွေခေါင်းပေါ် ပုံချခံနေရတာတွေ ရှိတယ်။ ဒါကို ကျွန်တော်တို့ ခွဲခြားကြည့်ပါတယ်။

၂၀၀၈ ရှိနေသမျှ ဒါမျိုးတွေ ဆက်ရှိနေမှာပါ။ ဒါတွေ ရှောင်နိုင်ဖို့ ထုံးတမ်းစဥ်လာအရ စစ်တပ်ဟာ အရပ်သားအစိုးရရဲ့ လက်အောက်မှာ ရှိကိုရှိနေရပါမယ်။

(၅)

## သူပြင်ကိုယ်ပြင်ကာလ

ဒီရက်ပိုင်းအတွင်းမှာပဲ ဒေါ်အောင်ဆန်းစုကြည်က ၄၂ နိုင်ငံက သံတမန်တွေကို ဖိတ်ကြားပြီး အခြေအနေတချို့ ရှင်းပြတယ်။ သဘောထားတချို့ တင်ပြခဲ့တယ်။ တိုင်တောထားတဲ့ သဘောပဲ။ လက်ထဲရောက်ခါနီးမှ ပုတ်ချခံရမှာစိုးပုံ ပေါ်ပါတယ်။

ခုထိပ်သီး ၂ ဦးက အကြောင်းအမျိုးမျိုးပြပြီး အချိန်တွေဆွဲနေတယ်။ ဒါဟာ လူတွေသွေးအေးမယ့်အချိန် စောင့်နေတာ ဖြစ်တယ်။ ဒါကို သတိရှိဖို့လိုတယ်။ တိုင်းပြည်ရဲ့ အရှေ့ဘက်နဲ့ မြောက်ဘက်ခြမ်းမှာ စစ်ပွဲတွေ တိုးချဲ့နေတယ်။ ဒါဟာ တိုင်းပြည်ကို ထိန်းချုပ်နိုင်တာ စစ်တပ်ပဲရှိတယ်ဆိုတာ မြင်စေချင်ပုံရတယ်။ တချိန်တည်းမှာ "တိုင်းပြည်ကို ဆူအောင်လုပ်နိုင်တာလည်း ငါတို့ပဲ ရှိတယ်" ဆိုတဲ့အဓိပ္ပာယ်က တွဲပါလာပါတယ်။ သူတို့မှာ လုပ်ချင်တာလုပ်ဖို့ အကြောင်းပြစရာတွေ အများကြီးရှိတယ်။ ၂၀၀၈ ခြေ/ဥ ရှိတယ်။ အကောင်အထည်ဖော်ဖို့ လက်နက်အင်အား၊ လူအင်အားနဲ့ ဘဏ္ဍာအင်အား ရှိတယ်။ ဒါကြောင့် ကာချုပ်လုပ်ပိုင်ခွင့်နဲ့ အာဏာသိမ်းနိုင်တယ်ဆိုတဲ့အထိ တွက်ဆထားသင့်တယ်။

ကျွန်တော်တို့က လွှတ်တော်နည်း၊ သံတမန်နည်းလောက်နဲ့ လုံလောက်တယ်မထင်။ လူထုလှုပ်ရှားမှုမပါဘဲ ရည်မှန်းချက် မပေါက်နိုင်။ လူထုကို နိုင်ငံရေးအသိ နိုးကြားနေဖို့ အစီအစဉ်ရှိရှိ အသိပေးလှုံ့ဆော်စည်းရုံးထားရပါမယ်။ လူထုရဲ့ တွန်းအားမပါဘဲ နေရာရွှေ့မှာ မဟုတ်ဘူးလို့ မြင်နေတယ်။ မပြောင်းရင်မဖြစ်မှ ပြောင်းမယ့်သူတွေပါ။

ပြည်သူတွေဘက်ကလည်း ကိုယ့်အောင်ပွဲဆိုတာက လက်ဆုပ်လက်ကိုင် မပြနိုင်သေး။ ဘယ်နည်းနဲ့မှ အဆုံးရှုံးခံလိုက်လို့ မဖြစ်တာမို့ နိုးနိုးကြားကြား ရှိနေရပါမယ်။ ဒီရွေးကောက်ပွဲ အောင်နိုင်လိုက်တာကြောင့် စစ်အာဏာရှင်စနစ် လုံးဝကျဆုံးတာမဟုတ်ပါ။ ဆက်လက်တိုက်ပွဲဝင်ဖို့ အသင့်ဖြစ်နေရပါမယ်။ ဒီမိုကရေစီဘက်တော်သား နိုင်ငံရေးအဖွဲ့အစည်းများကလည်း ဒီရလဒ်ကို ဝိုင်းဝန်း ကာကွယ်ကြဖို့ ပန်ကြားလိုပါတယ်။ ရှုံးသွားတဲ့ စစ်အုပ်စုက ဒီချုပ်ကို ကျန်နိုင်ငံရေးပါတီတွေနဲ့ ရန်တိုက်ပေးနေတာကိုလည်း သတိပြုကြဖို့ လိုပါတယ်။

ပြည်သူလူထုလိုလားနေတဲ့ အပြောင်းအလဲဆိုတာ စစ်မှန်တဲ့ ပါတီစုံဒီမိုကရေစီစနစ်ပေါ်ထွန်းရေး၊ ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ တိုင်းရင်းသားအားလုံး တန်းတူအခွင့်အရေးရှိတဲ့ တစည်းတလုံးတည်းရှိတဲ့ ပြည်ထောင်စုတရပ် ပေါ်ပေါက်ရေးပဲ ဖြစ်တယ်။ မျက်မှောက်ဆင်းရဲဒုက္ခအပေါင်းကို ဖြစ်ပေါ်စေတဲ့ မတရားတဲ့ဖိနှိပ်အုပ်စိုးမှုအောက်က လွတ်မြောက်စေရေး ဖြစ်တယ်။

ဒီလမ်းကြောင်း သွေဖီသွားစေဖို့ ဒီရက်ပိုင်းအတွင်း လူမျိုးရေး၊ ဘာသာရေးကို အကြောင်းပြပြီး စစ်အစိုးရအကြိုက် လှုပ်ရှားလာတဲ့ အဖွဲ့တွေရဲ့ အန္တရာယ်ကိုလည်း မျက်ခြည်မပြတ် စောင့်ကြည့်ထိန်းသိမ်းပေးကြရပါမယ်။

(၆)

## အစိုးရသစ် စဉ်းစားဖို့

ဒီချုပ်အစိုးရဟာ နိုင်ငံတော်အာဏာအညာကို ကိုင်ထားတဲ့ ကာလုံအဖွဲ့ထဲက စစ်ဗိုလ်ချုပ် ၆ ယောက်ရဲ့ သဘောဆန္ဒကို ကျော်လွှန်ပြီး စစ်အုပ်စုအကျိုးစီးပွားကို ဆန့်ကျင်တဲ့ ပြောင်းလဲမှုတွေကို လုပ် ရပ့်ါမလားလို့ သံသယရှိပါတယ်။

ကာချုပ်ကို ပေးထားရတဲ့ ဝန်ကြီးဌာန ၃ ခုရဲ့ ဖြစ်လာနိုင်တဲ့ အန္တရာယ်ကိုလည်း ကြိုစဉ်းစားထားသင့်ပါတယ်။

- ကာကွယ်ရေးဝန်ကြီးဌာနနဲ့ အိမ်နီးချင်းနိုင်ငံတွေရဲ့ ပွတ်တိုက်မှုမှာ အရပ်သားနိုင်ငံခြားရေးဝန်ကြီး ခေါင်းခဲရမယ့်ကိစ္စ။
- နယ်စပ်ရေးရာဝန်ကြီးဌာနရဲ့ အိမ်နီးချင်းနိုင်ငံတွေ၊ တိုင်းရင်းသားတွေနဲ့ ဆက်ဆံရေးမှာ အရပ်သားအစိုးရဆိုတဲ့ အစိုးရက လက်ရှောင်ထားရမယ့်ကိစ္စ။

– ပြည်ထဲရေးဝန်ကြီးဌာနက ရဟန်းရှင်လူပြည်သူတွေကို မီးလောင်ဗုံးနဲ့ပစ်လိုက်၊ ဖမ်းချင်သလိုဖမ်း၊ သတ်ချင်သလို သတ်နေရင်လည်း နှုတ်ဆိတ်နေရမယ့်ကိစ္စ စတာတွေအတွက်လည်း ကြိုစဉ်းစားထားရပါမယ်။

ခုတလော 'အရပ်သားအစိုးရ' 'အရပ်သားအစိုးရ' ဆိုပြီး ရေးကြသားကြ ပြောဆိုကြတာတွေ သိပ်များလာပါတယ်။ အထက်မှာ တင်ပြခဲ့တဲ့ ကိစ္စတွေကြည့်ရင် ၂၀၀၈ ရှိနေသရွေ့ **'အရပ်သားအစိုးရ'** ခေါ်မရဘူးလို့ ဗမာပြည်ကွန်မြူနစ်ပါတီက ယူဆပါတယ်။ ဒီချုပ်အစိုးရဟာ အလကားမတ်တင်းနဲ့ ကြိုးဒေါ်နွားကျောင်းပေးနေရတာပဲ ဖြစ်မယ်။ ဒီဝန်ကြီးဌာနတွေက အစိုးရသစ် အကျပ်အတည်းတွေ့အောင် ပြည်သူနဲ့ ထိပ်တိုက်တိုးအောင် ကောင်းကောင်းမွှေပါလိမ့်မယ်။

ဒါတွေဟာ ဒီချုပ်ခေါင်းကို ဆင်နင်းမယ့်ကိစ္စတွေပဲ။ ပြေလည်အောင် ဖြေရှင်းနိုင်ရင် ဖြေရှင်း၊ မဖြေရှင်းနိုင်ရင် မိမိကို မဲပေးခဲ့တဲ့ ပြည်သူသန်းပေါင်းများစွာနဲ့ ပြန်လည်ထိပ်တိုက်ရင်ဆိုင်ရဖွယ် ရှိပါတယ်။

**စစ်အုပ်စုနဲ့အာဏာခွဲဝေရေး**

သမ္မတဦးသိန်းစိန်၊ ကာချုပ်မင်းအောင်လှိုင်တို့နဲ့ ဒေါ်စု တွေ့ကြရင် သူ့ဘက်ကိုယ့်ဘက် လိုလားချက်တွေ အပြန်အလှန် တင်ပြကြပါလိမ့်မယ်။ စစ်တပ်နဲ့ ပတ်သက်တာတွေ ကာချုပ်က တင်ပြတောင်းဆိုပြီး တခုလုံးကိစ္စတွေကို သမ္မတလုပ်သူက ကိုင်တွယ်ဖြေရှင်းရမှာပဲ။

ပြည်သူတွေက ဒီရလဒ်ကို မျှော်လင့်တကြီး စောင့်စားနေကြပါတယ်။ စစ်အုပ်စုရဲ့ အကျိုးစီးပွားကို အကာအကွယ်ပေးတဲ့ စေ့စပ်ရေးမျိုး မဖြစ်ပါစေနဲ့လို့လည်း ဆုတောင်းနေကြတယ်။ ဝင်းဝင်း (win-win) ၂ ဘက်နိုင်ဆိုပြီး အပေးအယူလုပ်လိုက်ရင် ပြည်သူ့အတွက် ဘာမှမကျန်ဖြစ်သွားမှာကို ကျွန်တော်တို့လည်း စိုးရိမ်ပါတယ်။ **ပြည်သူနိုင်ဖို့** အဓိကထားရပါလိမ့်မယ်။

ခုအာဆီယံထိပ်သီးဆွေးနွေးပွဲမှာ အိုဘားမားက အစိုးရဟောင်း အာဏာလွှဲပြောင်းမပေးမီ အဟောင်းအသစ် ၂ ဖွဲ့စလုံးနဲ့ တွေ့ပြီး ထောမနာပြုချင်ပါတယ်လို့ ပြောလာပါတယ်။ ဒါဆိုရင် သူလည်း 'ဝင်း – ဝင်း' ထဲ ပါနေတဲ့သဘောပဲ။

(၇)

**အစိုးရသစ် လတ်တလောဖြေရှင်းရမယ့်ပြဿနာများ**

(၁) ပြည်တွင်းငြိမ်းချမ်းရေး – ဒီအချိန်ဟာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနဲ့ သံလွင်ခက်ကိုင်ပြီး ငြိမ်းချမ်းရေးစကားဆိုကြရမယ့်အချိန်ပါ။ ဒါပေမဲ့ NCA လက်မှတ်မထိုးသေးတဲ့ အဓိကအဖွဲ့တွေအပေါ် ဗုံးမိုးရွာချနေတယ်။ ဒါကို အလျင်အမြန်ကိုင်တွယ်ပေးရလိမ့်မယ်။

(၂) နိုင်ငံရေးအကျဉ်းသားများကိစ္စ – လွှတ်နေတယ်၊ လွှတ်နေတယ်ပြောပြီး ရောင်ပြလောက်လွှတ်၊ ရွေးကောက်ပွဲဘက် အာရုံရောက်နေကြချိန် တိုးဖမ်းလာတယ်။ တိုးပြီးညှဉ်းပန်းနှိပ်စက်လာတယ်။ အထူးသဖြင့် အဖမ်းခံ ဗကသ ကျောင်းသားများနဲ့ အားပေးထောက်ခံဝန်းရံပြည်သူများကို ကိုယ်ထိလက်ရောက် ရက်ရက်စက်စက် လုပ်ခဲ့တယ်။ လုပ်ခလာစာတိုးရေး တောင်းဆိုတဲ့ အလုပ်သမားတွေ ထောင်ချခံရတယ်။ လယ်သမားတွေရဲ့ နစ်နာချက်သတင်းတွေကို မှောင်ချထားခဲ့တယ်။ သူတို့တတွေ အမြန်ဆုံးလွှတ်ဖို့ ဆောင်ရွက်ပေးသင့်တယ်။

(၃) စစ်ပြေးဒုက္ခသည်များ – တဖက်နိုင်ငံတွေမှာ မျိုးဆက်နဲ့ချီပြီး ပြေးရှောင်နေရတဲ့ အရိုးရင့် စစ်ပြေးဒုက္ခသည်များ၊ ရွေးကောက်ပွဲ မတိုင်မီ နယ်စပ်ဒေသတွေမှာ ခိုလှုံနေရတဲ့ နစ်ကြီးသမားဒုက္ခသည်များ၊ ရွေးကောက်ပွဲကာလနဲ့ ရွေးကောက်ပွဲအပြီးမှာ စစ်ရေးတိုးချဲ့လာလို့ ဗုံးရှောင်ရင်း ဗုံးလွတ်၊ ကျည်လွတ် မြို့ပြတွေဆီနဲ့ နယ်စပ်ဒေသတွေ ပြေးဝင်ခိုလှုံနေရတဲ့ ပူပူနွေးနွေး ဒုက္ခသည်များအရေးကိုလည်း အချိန်ဆွဲမနေသင့်ပါ။

(၄) ၂၀၀၈ ဖျက်သိမ်းရေး – ၂၀၀၈ တည်ရှိနေရင် ကာလုံနဲ့ သူ့အာဏာတွေ တည်ရှိနေမယ်။ ကာလုံ အဲဒီလို တည်ရှိနေသရွေ့ အရွေးကောက်ခံအစိုးရရဲ့ ကံကြမ္မာဟာ နေ့နေ့ညည မရေမရာ မသေမချာ ဖြစ်နေမှာပဲ။

(၅) ၁၇ (၁) လို ဒီမိုကရေစီနဲ့ မကိုက်ညီတဲ့ ဥပဒေတွေ ဖျက်သိမ်းရေး။ ဒါတွေကြောင့် နိုင်ငံ့အကျိုးဆောင်ရွက်ခဲ့သူ၊ ဆောင်ရွက်လိုသူတွေ နစ်နာကြလှပါပြီ။

(၈)

**နိဂုံး**

ရဲဘော်တို့

အခြေအနေဟာ အကဲဆတ်နေသေးတဲ့ အနေအထားမှာ ရှိနေသေးတယ်။ နိုင်ငံတကာအာဘော်ကလည်း စိတ်မချရသေးတဲ့ဘက်ကို မီးမောင်းထိုးလာကြတယ်။ စစ်အစိုးရဘက်ကိုလည်း 'ပြောတဲ့အတိုင်းလုပ်ဖို့' တဖွဖွ သတိပေးနေကြတယ်။

တပါတီလုံးအနေနဲ့ သတိထားစောင့်ကြည့်နေရမှာဖြစ်ပြီး ဖြစ်ပေါ်လာတဲ့အခြေအနေနဲ့အညီ ခြေလှမ်းလှမ်းနိုင်ဖို့ ပြင်ဆင်ထားရပါမယ်။

ရဲဘော်တို့

ဒီတင်ပြချက် လက်စသတ်ပြီးချိန်မှာပဲ သတင်းဆိုးတခု ဝင်လာပါတယ်။ ကာချုပ်မင်းအောင်လှိုင်က ဝါရှင်တန်ပို့စ်သတင်းစာ အယ်ဒီတာတဦးနဲ့တွေ့ပြီး သူ့သဘောထားတွေ ပြောပြတယ်။ လိုရင်းကတော့

- အာဏာလွှဲပြောင်းဖို့ အချိန်မကျသေး
- စစ်မှန်တဲ့ တင်းပြည့်ကျပ်ပြည့်ငြိမ်းချမ်းရေးရှိမှ
- ပါတီပေါင်းစုံဒီမိုကရေစီရင့်ကျက်ခိုင်မာမှ
- တိုင်းရင်းသားတွေနဲ့အစိုးရကြား ကောင်းမွန်တဲ့ဆက်ဆံရေး လိုအပ်သေးတယ်။

ဒါတွေ ပြည့်စုံမှ အရပ်သားအစိုးရထံ **ပိုပြီး**အာဏာပေးအပ်သွားမယ်။ ၃ ချက်စလုံးက ကြိုက်သလောက် အချိန်ဆွဲနိုင်တယ်။ **ဒါတောင် အာဏာအကုန်လွှဲမှာ မဟုတ်သေး**ဆိုတာ သတိပြုပါ။

ဗဟိုစည်းရုံးရေးကော်မတီ
ဗမာပြည်ကွန်မြူနစ်ပါတီ

ရက်စွဲ။ ။ ၁၃၇၇ ခု၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်။ ၂၀၁၅ ခု၊ နိုဝင်ဘာလ ၂၅ ရက်။

# ဤခရီးဝေးသေးသည်

ကမ္ဘာ့နိုင်ငံရေးလောကမှာ အစိုးရထဲကအစိုးရ (state within a state) ဆိုတဲ့ ဆိုနည်းတခု ရှိပါတယ်။ အဓိပ္ပာယ်က အစိုးရတရပ် တရားဝင်ရှိနေလျက်နဲ့ နောက်ကွယ်မှာ၊ ဒါမှမဟုတ် ဒီအစိုးရထဲမှာပဲ ဒီအစိုးရကို ညွှန်ကြားနေ၊ ချုပ်ကိုင်နေတဲ့ အင်အားစုတရပ် တည်ရှိနေတယ်လို့ ဆိုလိုတာပါ။

ဒါဆိုရင် ဘာကိုရေးချင်လို့ အစချီနေတယ်ဆိုတာကို သိကြမှာပါ။

ဟုတ်ပါတယ်။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအရ တက်လာမယ့်အစိုးရနဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံဥပဒေအရ အခွင့်အာဏာတွေ ကျင့်သုံးနေမယ့် ကာလုံနဲ့ စစ်တပ်တို့ရဲ့အခန်း ဖြစ်ပါတယ်။

အခုအခါမှာ ကမ္ဘာကရော ဗမာပြည်သားတွေက ပူပန်မှု အပြည့်နဲ့ စောင့်ကြည့်နေကြတာဟာ စစ်ဗိုလ်ချုပ်တွေက ရွေးကောက်ပွဲမှာ အနိုင်ရတဲ့ပါတီကို တကယ်ပဲ အာဏာလွှဲပေးပါ့မလား ဆိုတာပါ။ ဗိုလ်သိန်းစိန်က လွှဲပေးမယ်ပြောပြီး ဗိုလ်မင်းအောင်လှိုင်ကတော့ "တကယ်လို့"၊ "ဒါပေမဲ့"ဆိုတဲ့ စကားတွေခံပြီး ပြောပါတယ်။ ဒါဟာ သူတို့တလျှောက်လုံး က'နေတဲ့ဇာတ်ထုပ်အတိုင်း တယောက်က မင်းသားလုပ်၊ တယောက်က ကုန်း (ဂုန်း) ရုပ်လုပ်ဆိုတဲ့ ဇာတ်ခွဲပုံအတိုင်း ဆက်က'နေတာ ဖြစ်ပါတယ်။ တနည်း– ဆက်ညာနေတာ ဖြစ်ပါတယ်။

ပြည်တွင်းစစ်ကို တမင်မွေးထား၊ မီးမငြိမ်းအောင် မပြတ်လုပ်နေတဲ့ စစ်အုပ်စုအနေနဲ့ တိုင်းပြည်မတည်ငြိမ်လို့ အာဏာလွှဲမပေးနိုင်ဘူး၊ တိုင်းပြည် မတည်ငြိမ်လို့ အာဏာသိမ်းရပါတယ်ဆိုတဲ့ အကြောင်းပြချက်တွေဟာ အင်မတန်အသုံးတည့်တဲ့ ဆင်ခြေတွေ ဖြစ်နေမှာပါပဲ။ နောက်ပြီး ဒီကာလတလျှောက် တိုင်းပြည်မှာ ဖြစ်ပေါ်ခဲ့တဲ့ လူမျိုးရေး၊ ဘာသာရေး အဓိကရုဏ်းတွေ၊ အေးချမ်းတဲ့ ကျောင်းသားဆန္ဒပြပွဲကနေ ရဲလက်စွမ်းပြ နှိမ်နင်းပွဲကြီးဖြစ်သွားတာ စတာတွေကို ဘယ်သူတွေက ဘာကြောင့်ဖန်တီးခဲ့တယ် ဆိုတာကိုလည်း စဉ်းစားရ လွယ်သွားစေပါတယ်။

ဒါတွေထက် ပိုစိုးရိမ်စရာ ကောင်းတာကတော့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံဥပဒေအရဆိုရင် အရေးကြီးတဲ့ ဝန်ကြီးဌာနသုံးခုကို အစိုးရဆိုတာက ချုပ်ကိုင်လို့မရ ဖြစ်မယ့်ကိစ္စပါ။ ဒီဝန်ကြီးတွေဆိုတာက အဲဒီအစိုးရက ခန့်အပ်တဲ့ ဝန်ကြီးတွေမှ မဟုတ်တာ။ ကာချုပ်က ခန့်ထားတာ ဖြစ်ပါတယ်။ ဒီတော့ ဒေါ်အောင်ဆန်းစုကြည်က အထက်တနေရာကနေ အမိန့်ပေးမယ်၊ အဲဒီဝန်ကြီးတွေကို ကာလုံက အမိန့်ပေးမယ်၊ ဒါဆိုရင် ဒီအစိုးရဟာ တဂူထဲ ခြင်္သေ့နှစ်ကောင်အောင်းတာထက်တောင်ဆိုးတဲ့ အနေအထား ဖြစ်မှာပါ။ တဦးက လက်နက်မဲ့၊ တဦးက လက်နက်ကိုင်ဆိုတော့ တဂူထဲနေရတာ ဘယ်လိုရှိမလဲ တွေးသာကြည့်ကြပါတော့။ ဒါသာမက သူတကာ ပြောကြသလို ကာလုံကို ဗိုလ်သန်းရွှေက နောက်ကနေ ချုပ်ကိုင်နေတာ မှန်ရင်တော့ လျှပ်စစ်လိုင်းသာဆိုရင် ကြိုးတွေရှုပ်ပြီး ရှော့တွေဖြစ်ကုန်တော့မှာပါ။

လက်တွေ့ကျကျ စဉ်းစားကြည့်ပါ။ ဒီချုပ်အစိုးရက ငြိမ်းချမ်းရေးအတွက် လုံးပန်းတယ်ဆိုပါစို့။ စစ်တပ်က ထိုးစစ်တွေဆင်နေရင် ဘယ်လိုစကားပြောလို့ ဖြစ်ပါ့မလဲ။ စစ်တပ်ကို အမိန့်မပေးနိုင်ပေမယ့် တာဝန်ရှိတဲ့ အစိုးရအနေနဲ့ အဲဒီတိုက်ခိုက်မှုတွေကို ကြံဖန်ကာကွယ် ပြောရပါတော့မယ်။ ပြည်ထဲရေးဌာနက နိုင်ငံရေးအကျဉ်းသားတွေဖမ်း၊ ဆန္ဒပြမှုတွေကို အကြမ်းဖက်နှိမ်နင်းတယ်ဆိုရင်ရော–။ အဲဒီအစိုးရက ဒါဟာ လုပ်သင့်လို့ လုပ်တာပါလို့ အငှားဗိုက်နဲ့ ခေါင်းထိုးခံမှာလား။ ကျုပ်တို့လုပ်တာ မဟုတ်ပါဘူး၊ သူတို့လုပ်တာပါလို့ အမှန်အတိုင်းပြောရင် ဘာဖြစ်သွားမလဲ။

နောက်ပြီး နယ်စပ်ရေးရာ ဝန်ကြီးဌာနနဲ့ဆိုင်တဲ့ နယ်စပ်ဆိုတာက ဒီနေ့အခါမှာ ပြည်တွင်းစစ်တွေ ဖြစ်စရာအကြောင်းရင်းတွေ အမြောက်အမြား တည်ရှိနေတဲ့၊ ဗမာ့ကုန်သွယ်ရေးရဲ့ တဝက်လောက် ဖြတ်သန်းနေတဲ့၊ သဘာဝသယံဇာတ မျိုးစုံ တည်ရှိတဲ့နေရာတွေ မဟုတ်လား။ ဗိုလ်ခင်ညွန့်ကို အရေးယူတုန်းက နယ်စပ်တလျှောက်မှာရှိတဲ့ ထောက်လှမ်းရေးတွေ တလှေကြီးပြုတ်သွားကြ၊ ထောင်ထဲ

ရောက်သွားကြတာကို မှတ်မိကြမယ် ထင်ပါတယ်။ ဆိုလိုတာက မီးစတွေ အများကြီး တည်ရှိတယ်ဆိုတာ ဖြစ်ပါတယ်။

သေချာတွေးလေ ရင်လေးရလေပါ။

ဒီတခါ ရွေးကောက်ပွဲမှာ ပြည်သူလူထုကြီးက မဲတွေပုံအောပေးခဲ့တာဟာ အပြောင်းအလဲလိုချင်လို့ဖြစ်တယ်ဆိုတာ လူတိုင်းသိ၊ လူတိုင်းဝန်ခံပါတယ်။ ဒါဖြင့် သူတို့လိုချင်တဲ့ အပြောင်းအလဲဟာဘာလဲ။ ဟိုဟာလိုလို၊ ဒီဟာလိုလို၊ အာကရုံ၊ ပါကရုံတွေ မဟုတ်ပါဘူး။ လမ်းဖောက်ပေးဖို့၊ ဆေးပေးခန်းဆောက်ပေးဖို့ စတာတွေဟာ ဒေသအမတ်အတွက် မဲတောင်းစရာ လုပ်ငန်းတွေသာ ဖြစ်ပါတယ်။ ပြည်သူတွေ တကယ် လိုချင်နေတာက နှစ်ပေါင်း ၅၀ ကျော် သဏ္ဌာန် အမျိုးမျိုးနဲ့ တည်ရှိနေတဲ့ စစ်အာဏာရှင်စနစ်ကို ဖယ်ရှားပစ်ရေးပဲ ဖြစ်ပါတယ်။ ဒီထက် တပြားသားမှ မလျှော့နိုင်ပါဘူး။

ပထမဆုံး ဖြေရှင်းရမယ့်ကိစ္စဟာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းရေးလို့ ထင်ပါတယ်။ ဒါကို မဖျက်သိမ်းနိုင်ဘဲ ဒီအတိုင်း ဆက်သွားနေရင် စစ်တပ်နဲ့အစိုးရ ဘယ်သူက အထက်ကလဲလို့ မေးနေရပြီး အစိုးရဆိုသူတွေ နေ့စဉ်မနက် အိပ်ရာထတိုင်း ကိုယ့်ခေါင်း ကိုယ်စမ်းနေရမယ့်ကိန်း ဆိုက်ပါလိမ့်မယ်။ မြွေပွေးခါးပိုက် ပိုက်ထားရတဲ့ အဖြစ်ထက် ပိုဆိုးတဲ့ အဖြစ်မျိုး ကြုံတွေ့ရမှာပါ။

နောက်ပြီး နိုင်ငံတကာ အလယ်မှာ စစ်တပ်နဲ့ရဲကို အမိန့်မပေးနိုင်၊ မချုပ်ကိုင်နိုင်တဲ့အစိုးရတရပ်ကို တခြားနိုင်ငံအစိုးရတွေက ဘယ်လိုကြည့်ကြ၊ သဘောထားကြမလဲဆိုတာကိုလည်း စဉ်းစားကြည့်သင့်ပါတယ်။

ဒီတော့ တောထဲက လူသားစားကျားရိုင်းကို ယဉ်ပါးအောင် လုပ်နိုင် မလုပ်နိုင်ဆိုတာဟာ နောက်တက်မယ့် ဒီချုပ်အစိုးရအတွက် ကြီးမားတဲ့စမ်းသပ်မှုကြီး ဖြစ်မှာပါ။ မတော်ရင် ကိုယ်ပါအစားခံနိုင်ရတယ်ဆိုတာကိုလည်း သဘောပေါက်ရမှာပါ။

ပြည်သူလူထု ထောက်ခံမှုနဲ့ အစိုးရဖြစ်လာတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ ပြည်သူနဲ့တသားတည်း ဆက်ချိတ်ကမှ ဘဝအာမခံချက် ရှိပါမယ်။ ပြည်သူနဲ့တသားတည်း ဆက်ရှိဖို့ဆိုရင် ပြည်သူတွေရဲ့ လိုလားချက်ကို ဖြည့်ဆည်းပေးရပါလိမ့်မယ်။ နောက်အစိုးရအဖို့ လက်တွေ့လုပ်ငန်းတွေမှာ အခက်အခဲတွေ အများကြီး ကြုံရဦးမယ်ဆိုတာ ဗေဒင်မေးစရာ မလိုပါဘူး။ ကြပ်ပြေးမြို့တော်မှာရော ကျေးရွာတွေ တောင်ပေါ်တွေမှာပါ ကာကွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာနဆိုတာတွေနဲ့ နေ့စဉ်နဲ့အမျှ ထိပ်တိုက်တွေ့ကြရမှာ သေချာပါတယ်။

ပိုဆိုးတာက ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဥပဒေနှင့်အညီ အာဏာသိမ်းခွင့် ပေးထားတယ်လေ။

ကွန်မြူနစ်ကတော့ ကွန်မြူနစ်လိုပဲ တွေးပါတယ်။ အာဏာဟာ သေနတ်ပြောင်းထဲက ထွက်တယ်ဆိုတာပါ။

**တောထဲက လူသားစား**
**ကျားရိုင်းကို ယဉ်ပါးအောင်**
**လုပ်နိုင် မလုပ်နိုင်ဆိုတာ**

# စေ့စပ်ရေးပရိယာယ် နှင့် ၂၀၀၈ ခိုင်အာဒီ

စေ့စပ်ရေးဆိုတာ အောင်ပွဲနဲ့ လက်နက်ချတာ နှစ်ခုကြားက အခြေအနေတရပ်ဖြစ်တယ်။ မတူညီတဲ့ အကျိုးစီးပွား နှစ်ရပ်ကြား ရှေ့မတိုး နောက်မဆုတ် ဖြစ်နေတဲ့ အနေအထားမှာ နှစ်ဖက်လက်ခံနိုင်တဲ့ အနေအထားတရပ်ရအောင် စေ့စပ်ကြရတာပဲ။ ဓမ္မတာပဲ အကျိုးစီးပွားချင်း ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေတဲ့ အင်အားစုနှစ်ရပ်ကြား စေ့စပ်ရတာခက်ပြီး အကျိုးစီးပွားချင်း နီးစပ်တဲ့ အင်အားစုနှစ်ရပ်ကြား စေ့စပ်ရတာ နှိုင်းယှဉ်ခြင်းအရ လွယ်တယ်။ အရေးကြီးတာက အဖြေမပေါ်တဲ့ စေ့စပ်ရေးဟာ ကြာရှည်မခံဘူး။

သာမန်စီးပွားရေး လူမှုရေး ပုဂ္ဂိုလ်ရေး ကိစ္စတွေမှာ အလျော်အစား လုပ်လို့ရတဲ့အတွက် စေ့စပ်ရတာ သိပ်မခက်ဘူး။ နိုင်ငံရေးကိစ္စမှာတော့ လောင်းကစားဆန်ဆန် လုပ်လို့မရဘူး။ လူထုလူတန်းစား အကျိုးစီးပွားဆိုင်ရာ မူပြဿနာကို ညှိရတာဖြစ်တဲ့အတွက် နက်နဲသိမ်မွေ့တယ်။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနဲ့ မဖြေရှင်းနိုင်ရင် ပဋိပက္ခပြင်းထန်လာပြီး စစ်ဖြစ်တာပဲ။ ဒါ့ကြောင့် စစ်ဆိုတာ နိုင်ငံရေးရဲ့ အဆက်လို့ ပြောတာဖြစ်တယ်။ စေ့စပ်ဆွေးနွေးပွဲဆိုတာဟာ လမ်းပေါ်ကလူထုတိုက်ပွဲနဲ့ စစ်မြေပြင်က လက်နက်ကိုင်တိုက်ပွဲကို စားပွဲဝိုင်းပေါ် ရွှေ့လာတာလည်း ဖြစ်ပါတယ်။

၂၀၁၅ ရွေးကောက်ပွဲမှာ NLD အပြတ်အသတ် အနိုင်ရရှိမှုက ၈ လေးလုံးဒီရေနဲ့ ၉၀ ရလဒ်ကို အသစ်တဖန် ပြန်လည်ရှင်သန်လာစေတယ်။ ဗမာပြည် ပြည်သူလူထုကြီးရဲ့ လိုလားချက်တွေ အောင်သီးအောင်ပွင့်တွေကို နင်းချေပစ်လို့ မရဘူး ၂၀၀၈ ကို လူထုက လက်မခံဘူးဆိုတာကို ဖော်ပြလိုက်ခြင်းလည်း ဖြစ်တယ်။

ပြည်တွင်းစစ်ကို ဖက်တွယ် ကြီးထွားလာတဲ့ အခွင့်ထူးခံစစ်အုပ်စု (စစ်အုပ်စု စစ်အာဏာရှင်စနစ် စစ်ဗျူရိုကရက် လူတန်းစား) ကတဖက် လူမျိုးပေါင်းစုံ အဖိနှိပ်ခံလူထုကြီးတရပ်လုံးကတဖက် ဖြစ်ပွားနေတဲ့ ပဋိပက္ခရဲ့ လတ်တလောဆုံချက်ဟာ ၂၀၀၈ အခြေခံဥပဒေဖျက်သိမ်းရေးဖြစ်တယ်။ ၂၀၀၈ မဖျက်သိမ်းနိုင်သေးခင် ပြင်ဖို့ကြိုးစားတယ်။ ပြင်မရအောင် ၂၅% (တမတ်သား)နဲ့ အသာစီးယူ ပိတ်ဆို့ထားတဲ့အတွက် ၄၃၆ နဲ့ ၅၉ (စ) တို့ကို စတင်ပြင်ဖို့ ကြိုးစားတယ်။ မရဘူး။ လက်မှတ် ၅ သန်းက အဟောသိကံဖြစ်သွားတယ်။ ၂၀၁၅ မဲဆွယ်ကာလမှာ လူထုကြီးက လမ်းမတွေပေါ် လျှံထွက်လာပြီး မဲရုံတွေမှာ အုံနဲ့ကျင်းနဲ့ NLD ကို ထောက်ခံမဲပေးလိုက်ခြင်းက ၂၀၀၈ အခြေခံဥပဒေကို မလိုလားဘူး အပြောင်းအလဲကို လိုလားကြောင်း တရားဝင် ဖော်ပြလိုက်ခြင်းပဲ ဖြစ်တယ်။

လူထုဆိုတာ ဗမာပြည်တွင်းမှာ မှီတင်းနေထိုင်ကြတဲ့ အဖိနှိပ်ခံ လူမျိုးပေါင်းစုံ ပြည်သူလူထုကြီးတရပ်လုံးကို ပြောတာဖြစ်တယ်။ အလိုတော်ရိမှအပ လူထုလူတန်းစား အဖွဲ့အစည်းပေါင်းစုံ ပါတယ်။ နိုင်ငံရေးအသိနိုးကြားနေတဲ့ လူထုဟာ တိုက်ပွဲဝင်ဖို့ အသင့်ဖြစ်နေတဲ့ စစ်သည်တော်များနဲ့ တူတယ်။ အဲဒီလို စစ်သည်တော်များကို အားပြုပြီး ဗိုလ်အောင်ဆန်းဟာ ဗြိတိသျှနယ်ချဲ့နဲ့ စေ့စပ်ခဲ့တာပဲ။ ဒီလူထုကြီးကို တစည်းတလုံးတည်းသော အင်အားစုကြီးအဖြစ် စည်းရုံးတည်ဆောက်ထားနိုင်လို့၊ လူထုလူတန်းစားနဲ့ အမျိုးသားအသီးသီးပါဝင်တဲ့ တပ်ပေါင်းစုကြီးတရပ်အဖြစ် တည်ဆောက်ထားနိုင်လို့ စေ့စပ်ရေးစားပွဲမှာ တဖက်အင်အားစုက တလေးတစား ဆက်ဆံလာတာ ဖြစ်တယ်။

နယ်ချဲ့သမားက ဖဆပလ ကို တန်းမထားဘူး။ ဆင်းမလား (စက္ကူဖြူ) စီမံကိန်းနဲ့ ဘုရင်ခံအမှုဆောင်အဖွဲ့ အုပ်ချုပ်ရေးကို အသက်သွင်းတယ်။ ဂျပန်ဖက်ဆစ်ကို လက်နက်ကိုင်တိုက်လာခဲ့တဲ့ လူထုကြီးက ၁၉၄၆ အထွေထွေသပိတ်ကြီးနဲ့ တုံ့ပြန်တော့မှ ဖဆပလ ကို ဘုရင်ခံအမှုဆောင်အဖွဲ့ထဲပါဖို့ ဖိတ်တယ်။ တဖက်မှာ ဗိုလ်အောင်ဆန်းနဲ့ ကွန်မြူနစ်ပါတီကို သွေးခွဲမှု အောင်မြင်သွားတယ်။ အမျိုးသားညီညွတ်ရေး အက်ကြောင်းထင်ပြီး ဗမာပြည်နိုင်ငံရေး ကံဆိုးမိုးမှောင်ကျတာပဲ။ နှစ်ဖက်စလုံးက အချိန်မီပြင်ဖို့ ကြိုးစားတယ်။ တနှစ်အတွင်း

လွတ်လပ်ရေးရဖို့ လှုံ့ဆော်ချက်နဲ့ ဗိုလ်အောင်ဆန်း ဘီလပ် (လန်ဒန်) သွားပြီး ဆွေစပ်ဆွေးနွေးတယ်။ ရရင်ရ မရရင်ချ ဆိုတဲ့ ကြွေးကြော်သံနဲ့ လူထုကအားပြတော့မှ အောင်ဆန်း–အက်တလီ စာချုပ်နဲ့ လွတ်လပ်ရေးလမ်းပြ မြေပုံတခု ရလာတယ်။ နယ်ချဲ့သမားက ဒိုမီနီယံ dominion အဆင့် (လက်အောက်ခံ) လွတ်လပ်ရေးကို ပေးဖို့ရည်ရွယ်တယ်။ ရှမ်းပြည်နယ်နဲ့ တောင်တန်းဒေသ frontier area တို့ မပါဘူး။ မဖွံ့ဖြိုးသေးတဲ့ ဒေသများအဖြစ် နယ်ချဲ့လက်အောက်မှာပဲ ဆက်ထားဖို့ဖြစ်တယ်။ ဗိုလ်အောင်ဆန်းနဲ့ တိုင်းရင်းသားခေါင်းဆောင်တွေရဲ့ ကြိုးပမ်းမှုနဲ့ ပင်လုံစာချုပ် ချုပ်ဆိုနိုင်ခဲ့တယ်။ တိုင်းပြုပြည်ပြု ရွေးကောက်ပွဲမှာ ဖဆပလ အပြတ်အသတ်နိုင်တယ်။ ဗမာပြည် ကွန်မြူနစ်ပါတီက လွှတ်တော်တွင်းမှာ စကားပြောစင်မြင့်ရရုံ နေရာတချို့မှာသာ ရွေးပြိုင်တယ်။ ဗိုလ်အောင်ဆန်းနဲ့ ဗမာပြည်သူလူထု လိုလားတာက လုံးဝလွတ်လပ်ရေး ဖြစ်တယ်။ ဖဆပလ – ကွန်မြူနစ် ညီညွတ်ရေး ပြန်လည်တည်ဆောက်ဖို့၊ လုံးဝလွတ်လပ်ရေးအတွက် ရရင်ရမရရင်ချဖို့ ဗိုလ်အောင်ဆန်းနဲ့ ဗမာပြည်ကွန်မြူနစ်ပါတီတို့ ပြင်တယ်။ ဗိုလ်အောင်ဆန်း လုပ်ကြံခံရတယ်။

ဗိုလ်အောင်ဆန်း လုပ်ကြံခံရတဲ့အတွက် လူထုရဲ့ဒေါသဟာ နယ်ချဲ့သမားပေါ်မှာ စုပုံလာတယ်။ ရရင်ရ မရရင်ချ ဆိုတာ လက်တွေ့ဖြစ်လာတော့မယ်။ ဗိုလ်ချုပ်အောင်ဆန်း မရှိတော့တဲ့အခါ ဖဆပလ လက်ယာဂိုဏ်းက ဦးဆောင်ပြီး နယ်ချဲ့သမားနဲ့ အလျော့ပေးစေ့စပ်ခဲ့တဲ့အတွက် အမှီအခိုမကင်းတဲ့ လွတ်လပ်ရေးကို စာချုပ်သုံးရပ် (နု – အက်တလီ၊ လက်ျာ – ဖရီးမင်း၊ မြ – ခရွန်ဘီ) နဲ့ ရရှိခဲ့ပါတယ်။ ဖဆပလ – ကွန်မြူနစ် ညီညွတ်ရေး ရေစုန်မျောသွား ရုံတင်မက အမျိုးသားညီညွတ်ရေးလည်း တစတစပြိုကွဲသွားပါတော့တယ်။

ဗမာပြည်သူတွေမှာ စေ့စပ်ရေးနဲ့ ပတ်သက်တဲ့ ခါးသည်းတဲ့ သမိုင်းသင်ခန်းစာ ရှိခဲ့ပါတယ်။

သမိုင်းရဲ့သရော်ချက်လို့ပဲ ဆိုရမှာ ဖြစ်တယ်။ ဒီသင်ခန်းစာကို စစ်အုပ်စုက သူ့အကျိုးစီးပွားအရ ဆန့်ကျင်ဘက်က အသုံးချပါတယ်။ သွေးခွဲဖိနှိပ်၊ အချိုသတ် အပျော့ဆွဲ၊ လက်နဲ့ရေးခြေနဲ့ဖျက်၊ အယုံသွင်း အလစ်တိုက် လုပ်တယ်။ ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်တဲ့ NLD ဟာ ၉၀ ရွေးကောက်ပွဲမှာကတည်းက တရားဝင်အခွင့်အာဏာ ရထားတဲ့ နိုင်ငံရေးပါတီပါ။ စစ်အုပ်စုက ဒါကို ညစ်နည်းပေါင်းစုံနဲ့ ချေဖျက်ခဲ့သလို အသိအမှတ်ပြု တွေ့ဆုံဆွေးနွေးဖို့ကိုလည်း ငြင်းဆန်နေခဲ့ပါတယ်။ တွေ့ဆုံဆွေးနွေးမှု မမည်တဲ့ အထက်စီးယူ ဆက်ဆံခဲ့ပြီး ၂၀၀၈ အခြေခံဥပဒေ မူဘောင်အောက်မှာသာ NLD ကို လှုပ်ရှားခွင့်ပေးခဲ့ပါတယ်။ ဒါဟာ စစ်အုပ်စုခွင့်ပြုတဲ့ အမျိုးသားပြန်လည် သင့်မြတ်ရေး၊ ငြိမ်းချမ်းစွာအသွင်ကူးပြောင်းရေး သူနိုင် – ကိုယ်နိုင် ဖြစ်စဉ်ပါ။

ရာစုတစုရဲ့တစိတ်ကြာ (၂၅ နှစ်) စစ်အုပ်စုရဲ့ သဲသဲမဲမဲဖိနှိပ်မှုကို လူထုကြီးနဲ့တကွ သူရဲကောင်းရာထောင်တို့ဟာ သွေးချွေး အသက်ပေါင်းများစွာ ရင်းနှီးပြီး ခုခံအန်တုခဲ့ကြပါတယ်။ NLD ကိုယ်၌ကလည်း ငုံ့ခံနေတာတော့ မဟုတ်ပါဘူး။ ဖောက်ထွက်ဖို့ ကြိုးစားတာတွေလည်း တွေ့ရပါတယ်။ လက်ခုပ်ထဲကရေ မဟုတ်ဘူး။ အာလူးပုပ္ပတလုံးဖြစ်တယ် ဆိုတာကို ယခုရွေးကောက်ပွဲ ဖြစ်ရပ်က ပြသလိုက်တာပါပဲ။

သမိုင်းက တပတ်ပြန်လည် လာတယ်။ ထပ်တူတော့ မဟုတ်ဘူး။

ဒေါ်အောင်ဆန်းစုကြည်နဲ့ စစ်အုပ်စု တရားဝင်တွေ့ဆုံဆွေးနွေးမှုကို ဗမာပြည်သူတရပ်လုံးတင်မက နိုင်ငံတကာကပါ စောင့်ကြည့်နေတယ်။ ပြည်တွင်းပြည်ပ မီဒီယာလောကရဲ့ အာရုံကျရာ သတင်း ဖြစ်နေတယ်။ စစ်အုပ်စုဘက်က တရားဝင်ကိုယ်စားပြုသူက (လွှတ်တော် နာယကကို ဖယ်ထား) ကြံ့ဖွံ့ဥက္ကဋ္ဌလည်းဖြစ် သမ္မတလည်း ဖြစ်တဲ့ ဦးသိန်းစိန်နဲ့ တပ်ချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့နှစ်ဦး ဖြစ်တယ်။ ဦးသိန်းစိန်က ရွေးကောက်ပွဲပြုတ် lame duck ဖြစ်တယ်။ အာဏာအလွှဲအပြောင်း ချောမွေ့ရေးအတွက် ထုံးတမ်းစဉ်လာအရ courtesy သဘောတွေ့တာပါ။ ပိုအရေးပါတာက ၂၀၀၈ အခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ဖို့ သစ္စာခံထားတဲ့ တပ်ချုပ်မင်းအောင်လှိုင် ဖြစ်တယ်။ ၂၀၀၈ အောက်မှာ ရှေ့လျှောက်စခန်းသွားရမှာက တပ်ချုပ်မင်းအောင်လှိုင်နဲ့ ဖြစ်တယ်။ ဒါပေမဲ့ တပ်ချုပ်ကလေးက နံပါတ်ဝမ်း မဟုတ်သေးဘူး (၉၀ တုန်းက တပ်ချုပ်ဖြစ်ခဲ့တဲ့ ဗိုလ်စောမောင်ကို သတိရစရာပါ)။ စစ်သုံးစစ် ဆိုတဲ့ ရေခဲကျွန်းမျောကြီးရဲ့ ရေပေါ်ပေါ်နေတဲ့ အပိုင်းပဲ ရှိသေးတယ်။ ကန့်လန့်ကာနောက်ကွယ်က တွေ့ဆုံမှုတွေ၊ စကားပါးမှုတွေ၊ သံခင်းတမန်ခင်း ဘေးတီးမှုတွေ၊ ခြေပုန်းခုတ်မှုတွေ စတဲ့စတဲ့ ထဲထဲဝင်ဝင်ကြိတ်ဝိုင်းတွေနဲ့ ပွဲစည်နေဦးမယ့် ကာလပါပဲ။ နောက် ၄ လ အကြာ တရားဝင် အာဏာမလွှဲပြောင်းခင် ကာလကြား အချိန်မရွေး အချိုးပြောင်းနိုင်သေးတယ်။

အိုဘားမားက ပွဲမဖျက်ဖို့ သတိပေးတဲ့ သဘောနဲ့ 'အောင်မြင်တဲ့ ရွေးကောက်ပွဲ သမိုင်းတွင်မယ့် ရွေးကောက်ပွဲ' လို့ ဦးသိန်းစိန်ကိုကော ဒေါ်စုကိုပါ ဖုန်းဆက် ချီးကျူးစကား ဆိုတယ်။ သူ့ရဲ့ တုတ်နဲ့မုံ့ ပေါ်လစီကို ထပ်ရှင်းပြချင်တဲ့သဘောပဲ။ လူကိုယ်တိုင် လာဦးမယ်လို့လည်း ဆိုတယ်။

ဘာတွေ တွေ့ဆုံဆွေးနွေးတယ် ဆိုတာကို နှစ်ဖက်စလုံးက ထုတ်မပြောဘူး။

ဦးသိန်းစိန်က ‘အေးချမ်းစွာအာဏာ လွှဲ ပြောင်းတဲ့ အစဉ်အလာကောင်း’ လို့ ပြော တယ်။ တပ်ချုပ်မင်းအောင်လှိုင်က ‘ကောင်းမွန်တယ် တိုင်းပြည်အကျိုးရှိမယ့်ကိစ္စ ပူးပေါင်း ဆောင်ရွက်မယ်’ လို့ပြောတယ်။ ကာချုပ်ရုံးက ‘တည်ငြိမ်အေးချမ်း တရားဥပဒေစိုးမိုး စည်းလုံးညီညွတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်ဖက် ညှိနှိုင်း ပူပေါင်းဆောင်ရွက်ကြရန် သဘောတူတယ်’ လို့ သတင်းထုတ်ပြန်တယ်။

ဒေါ်အောင်ဆန်းစုကြည် နဲ့ NLD ဘက်က တရားဝင်ထုတ်ပြန်တာ မရှိဘူး။ ဒီဇင်လာ ၄ ရက်နေ့က ဒေါ်အောင်ဆန်းစုကြည်နဲ့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ (ငြိမ်း) တို့ လျှို့ဝှက်တွေ့ဆုံကြောင်း သတင်းထွက်လာတယ်။ ရှုံးနေတဲ့မြင်းလည်း ဆက်လောင်းလို့မရ၊ အာဏာသိမ်းဖို့ရာ မင်းမဲ့စရိုက်တွေလည်း ဖန်တီးလို့မရတဲ့အတွက် ကန့်လန့်ကာနောက်ကွယ်က အဘ ရှေ့ပြန်ထွက်လာရတဲ့ သဘောပါပဲ။ ‘စု – သန်း’ သဘောတူညီချက်ဟာ (ကြိတ်ဝိုင်းပင် ဖြစ်ပါစေ) ဗမာပြည်အနာဂတ်ကို ပုံဖော်မယ့်သဘောပဲ။ သူ့အရပ်နဲ့သူ့ဇာတ်လို့ သဘောထားပြီး စောင့်ကြည့်နေခဲ့ပါတယ်။

–၂၀၀၈ ပြင်/ဖျက် ရေးကို အဓိကထား ဆွေးနွေးစေချင်ပါတယ်။
– NLD ဦးဆောင်ဖွဲ့စည်းမယ့် အစိုးရသစ်ဟာ အားကောင်းတဲ့အစိုးရ၊ လုပ်ခွင့်ကိုင်ခွင့်ရှိတဲ့အစိုးရ ဖြစ်ဖို့လည်း လိုပါတယ်။
– ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးပြဿနာ၊ တည်ငြိမ်ရေးနဲ့ဖွံ့ဖြိုးရေး ပြဿနာ၊ အနာဂတ် ဒီမိုကရေစီ နိုင်ငံတော်သစ် ပြဿနာများကို တိုင်းရင်းသားပေါင်းစုံ လူထုလူတန်းစားအဖွဲ့အစည်းများနဲ့ ညှိနှိုင်းတိုင်ပင် ဖြေရှင်းသွားမှသာ အာမခံချက်ရှိနိုင်ပါမယ်။

ဒေါ်အောင်ဆန်းစုကြည် အနေနဲ့ အထက်ပါမူတွေကိုင်ပြီး ဆွေးနွေးဖို့၊ ပြည်သူကိုချပြ အသိပေးဖို့လိုပါမယ်။ နိုင်ငံရေးအရ နိုးကြားနေပြီး အသင့်ဖြစ်နေတဲ့ လူထုကြီးရဲ့ ထောက်ခံအားပေးမှုနဲ့သာ အောင်မြင်တဲ့ တွေ့ဆုံဆွေးနွေးရေး ဖြစ်နိုင်ပါတယ်။

နယ်ချဲ့ဗြိတိသျှအောက်က ဒိုင်အာခီ diarchy အုပ်ချုပ်ရေးလို၊ ဂျပန်ခေတ်က ဒေါက်တာဗမော် ရုပ်သေးအစိုးရလိုမျိုး ညွန့်ပေါင်းအစိုးရမျိုးကိုတော့ လူထုက လက်မခံဘူးဆိုတာ သမိုင်းက သက်သေပြခဲ့ပြီး ဖြစ်ပါတယ်။

**စစ်အုပ်စုရဲ့ သဲသဲမဲမဲဖိနှိပ်မှုကို လူထုကြီးနဲ့တကွ**
**သူရဲကောင်းရာထောင်တို့ဟာ သွေးချွေး**
**အသက်ပေါင်းများစွာ ရင်းနှီးပြီး ခုခံအန်တုခဲ့ကြပါတယ်**

# ၂၀၀၈ ကာရွတ်ခွေ

လူထုတရပ်လုံးက ဒီချုပ်ကို ပုံအောမဲပေးခဲ့တယ်။ စစ်အာဏာရှင်တွေဟာ လူထုရဲ့ သဘောကို မှန်မှန်ကန်ကန် မတွက်နိုင်ခဲ့ဘူး။ လူထုက သူတို့ကို ဘယ်လောက်အထိ ရွံရှာမုန်းတီးတယ်ဆိုတာကို အမြဲလိုလို လျှော့တွက်တတ်တယ်။ ဒီတကြိမ်လည်း လျှော့တွက်တယ်။

ဒီချုပ်ဟာ လူထုကို ဥပဒေဘောင်တွင်း နည်းလမ်းကိုသာ တခုတည်းသော ရွေးချယ်ရာအဖြစ် ချပြခဲ့တယ်။ သူတို့ဒီချုပ်ကိုယ်တိုင်ဟာလည်း ဥပဒေဘောင်တွင်း နည်းလမ်းတခုတည်းကိုသာ လုပ်မယ်လို့ သူတို့ဘာသာ ကန့်သတ်ထားတယ်။ လူထုကတော့ သူတို့ရသမျှ အခွင့်အရေးဘောင်အတွင်းကနေ အကောင်းဆုံးကို လုပ်ဆောင်ပြသွားခဲ့ပြီ။ ဒီချုပ်ဟာ လူထုအပ်နှင်းတဲ့ အာဏာကို ဒုတိယအကြိမ်ရပြီ။ ဒီတခါ အကျိုးရှိအောင် သုံးနိုင်မလား။

ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာနဲ့ လုံခြုံရေး ဝန်ကြီးဌာနဆိုတဲ့ လက်နက်ကိုင် သုံးဌာနကို ကာချုပ်က ကိုင်ထားတယ်။ ရပ်ကွက်၊ မြို့နယ်၊ ပြည်နယ်၊ တိုင်းတွေကို တကယ်အုပ်ချုပ်နေသူတွေ အားလုံးဟာ ပြည်ထဲရေးအောက်မှာ ရှိတယ်။ ထောက်လှမ်းရေးအားလုံးဟာလည်း ပြည်ထဲရေးအောက်မှာ ရှိတယ်။ ၂၀၀၈ အခြေခံ ဥပဒေအောက်မှာ လုပ်ပိုင်ခွင့်အာဏာ အမြင့်ဆုံးရှိတဲ့ ကာလုံဟာ စစ်အာဏာရှင်တွေရဲ့ လက်ထဲမှာ ရှိတယ်။

ဒီချုပ်နဲ့တိုင်းရင်းသားတွေ ငြိမ်းချမ်းရေးလုပ်ရင် စစ်တပ်က တိုင်းရင်းသားကို တိုက်မယ်။ အလုပ်သမား၊ လယ်သမား၊ ကျောင်းသားတွေက သူတို့အခွင့်အရေးအတွက် တောင်းဆိုရင် ရဲက ရိုက်မယ်။ နိုင်ငံရေးသမားတွေက ကန့်ကွက်ရင် ထောက်လှမ်းရေးက ဖမ်းမယ်။ ဘာသာရေး အဓိကရုဏ်းတွေ ဖန်တီးပြီး စစ်တပ်နဲ့ ရဲက လက်ပိုက်ကြည့်နေမယ်။ မိတ်ဆွေဟောင်းနဲ့ မိတ်ဆွေသစ်ကြားမှာ ဒီချုပ် ဗျာများရလိမ့်မယ်။ ဒီချုပ်ဟာ ပြဿနာပေါင်း သောင်းခြောက်ထောင်ကို ရင်ဆိုင်ရနိုင်တယ်။ သောင်းခြောက်ထောင်ထဲက သောင်းငါးထောင်လောက်ဟာ ကာချုပ်ဦးဆောင်တဲ့ စစ်အာဏာရှင်တွေ ဖန်တီးတဲ့ ပြဿနာဖြစ်မယ်။

၂၀၀၈ အခြေခံဥပဒေအောက်က လျှောက်မယ့်နည်းလမ်းဟာ စစ်အာဏာရှင်စနစ် သက်ဆိုးရှည်ရေးလမ်းကြောင်းပဲ ဖြစ်တယ်ဆိုတာကို လာမယ့်ငါးနှစ်အတွင်းမှာ ကွက်ကွက်ကွင်းကွင်း ရှင်းရှင်းလင်းလင်း မြင်လာရမယ်။ နိုင်ငံရေးသမားတွေရဲ့ ခေါင်းထဲကို စစ်တပ်က ထည့်ပေးထားတဲ့ အတွေးအခေါ်က စစ်တပ်ကိုတော့ ဘယ်လိုမှ ဖြိုခွင်းလို့ မရတော့ဘူးဆိုတဲ့ အတွေးအခေါ် ဖြစ်တယ်။ နိုင်ငံရေးသမားတွေရဲ့ ကိုးဆယ်ရာနှုန်းဟာ အဲဒီအချက်ကို ပုံသေထားလက်ခံပြီးမှ ကျန်တာကို ဆက်တွေးခေါ်ကြတယ်။ အဲသလို အတွေးအခေါ်မှား အားကောင်းနေတာဟာ ပြည်သူတွေကံဆိုးတာပဲ။

“စစ်တပ်ကတော့ ရှိနေမှာပဲ၊ စစ်တပ်ကတော့ အင်အားသိပ်ကြီးတယ်၊ စစ်တပ်ကတော့ ဖြိုခွင်းလို့မရဘူး၊ အဲဒါဟာ လက်တွေ့၊ အဲဒါဟာ ပေးထားချက်၊ အဲဒါဟာ ရှောင်လွှဲလို့မရတဲ့အရာ”လို့ သူတို့ဆိုကြတယ်။ အဲဒီအချက်ကို လက်ခံပြီးမှ ကျန်တာကို ဆက်စဉ်းစားခိုင်းတယ်။ အဲဒီအချက်ကို လက်တွေ့တရားလို့ ဆိုလိုက်ပြီး အဲဒီအချက်အပေါ် ဆန်းစစ်ခွင့်၊ သံသယထားခွင့်ကို ပိတ်ပင်လိုက်တယ်။ အမှန်က အဲဒါဟာ လက်တွေ့မဟုတ်ဘူး။ အရှုံးပေး အညံ့ခံရေးကို အသေစွဲကိုင်တဲ့ တရားသေ အတွေးအခေါ်မျှသာ ဖြစ်တယ်။

“စစ်တပ်ကိုဖြိုခွဲလို့ မရနိုင်ဘူး။ လူထုနည်းလမ်းနဲ့ စစ်တပ်ကို ရင်ဆိုင်ရင် လူထု သေတာပဲ အဖတ်တင်မယ်။” ဒါက

သူတို့ခေါင်းထဲရောက်နေတဲ့ တရားသေ အတွေးအခေါ်။ စစ်တပ်ဟာ လူမျိုးပေါင်းစုံ ပြည်သူတွေကို ဖိနှိပ်နေတယ်။ ဒါကလက်တွေ့။ လက်တွေ့နဲ့ တရားသေအတွေး အခေါ်ဟာ နိုင်ငံရေးသမားတွေရဲ့ ကိုယ်တွင်း ပဋိပက္ခဖြစ်နေတယ်။ စစ်တပ်ကို နိုင်လည်း မနိုင်၊ စစ်တပ် အခုလုပ်နေတာကို လက်လည်း မခံနိုင်တဲ့အခါ "စစ်တပ်ကို ချော့ပေါင်းမယ်၊ စစ်တပ်ကို လိမ္မာယဉ်ကျေးအောင် လုပ်မယ်" ဆိုတဲ့ စိတ်ကူးယဉ်အတွေးအခေါ်ဟာ သူတို့အတွက် ထွက်ပေါက်ဖြစ်လာတယ်။

အဲဒါကို သူတို့က အမျိုးသားပြန်လည် သင့်မြတ်ရေးလို့ခေါ်တယ်။ သူတို့ခေါ်တဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုတာက စစ်တပ်နဲ့ သူတို့ သင့်မြတ်ရေးကို ခေါ်နေကြတာ ဖြစ်တယ်။ တနည်းအားဖြင့် စစ်တပ်နဲ့ သူတို့သင့်မြတ်အောင် လူထုကို အလျှော့ပေးခိုင်းတာကို အမျိုးသားပြန်လည်သင့်မြတ်ရေးလို့ ခေါ်နေကြတယ်။ ကျွန်တော်တို့ခေါ်တဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးက လူမျိုးပေါင်းစုံ ပြည်သူလူထုကြီးတရပ်လုံးရဲ့ အကျိုးစီးပွားကို ရှေ့တန်းတင်ပြီး ကျန် အင်အားစုအားလုံး ညီညွတ်သင့်မြတ်ရေး ဖြစ်တယ်။ ပြည်သူလူထု အကျိုးစီးပွားအတွက် စစ်တပ်၊ ပါတီ၊ လက်နက်ကိုင်တော်လှန်ရေး အင်အားစုအားလုံးက ကိုယ့်အကျိုးစီးပွားကို လျှော့ချညီညွတ်တာကို ကျွန်တော်တို့က အမျိုးသား ပြန်လည်သင့်မြတ်ရေးခေါ်တယ်။ လူထုအကျိုးစီးပွားကို အလျှော့ပေးရမှာ မဟုတ်ဘူး။ နိုင်ငံရေးအင်အားစုတွေရဲ့ အကျိုးစီးပွားကို အလျှော့ပေးရမှာဖြစ်တယ်။ မျက်မှောက်နိုင်ငံရေးရဲ့ တကယ့်လက်တွေ့က... ၂၀၀၈ အခြေခံဥပဒေ ရှိနေသမျှ စစ်အာဏာရှင်စနစ် ရှိမယ်။ ၂၀၀၈ အခြေခံ ဥပဒေကို ဒီချုပ်က ၂၀၀၈ အခြေခံဥပဒေ ဘောင်တွင်းက ပြင်မယ်။ ၂၀၀၈ အခြေခံ ဥပဒေကို ပြင်ဖို့အတွက် အကြီးမားဆုံး အဟန့်အတားက ၂၀၀၈ အခြေခံဥပဒေပဲ ဖြစ်တယ်။ ဒီနေရာမှာ တပတ်လည်တယ်။ ၂၀၀၈ အခြေခံဥပဒေရှိနေသမျှ စစ်အာဏာရှင် စနစ်ရှိမယ်။ စစ်အာဏာရှင်ရှိသမျှ ဒီမို ကရေစီမရဘူး။ စစ်အာဏာရှင်ဟာ ငြိမ်းငြိမ်း ချမ်းချမ်းနဲ့ အလျှော့မပေးဘူး။ ဒီချုပ်က ငြိမ်းချမ်းတဲ့နည်းကလွဲပြီး တခြားနည်း မသုံးဘူး။ အဲဒီမှာ ပိတ်မိနေပြန်တယ်။ ဒီတော့ ဒီနည်းထဲက ဖောက်ထွက်မစဉ်းစားရင် ကရွတ်ကင်း လျှောက်သလို ဖြစ်မယ်။ ကင်းဟာ ကရွတ်ဆိုတဲ့ ပေးထားတဲ့လမ်းပေါ်ကပဲ လျှောက်ဖို့ကြိုးစားတယ်။ ပေးထားတဲ့ လမ်းပေါ်က လျှောက်သမျှမှာ ချာချာလည် နေတယ်။ ပေးထားတဲ့လမ်းက ထွက်ပေါက် မရှိအောင် ဖောက်ထားတဲ့လမ်းဖြစ်နေတယ်။ စစ်တပ်ကို ရင်ဆိုင်တဲ့နည်းဟာ တနည်းတည်း ရှိတာမဟုတ်ဘူး။ အမြဲတမ်းစစ်တပ် လက်ထဲမှာ ဖွဲ့စည်းပြီးသားရှိမှ စစ်တပ်ကို ရင်ဆိုင်နိုင်မယ်လို့ တထစ်ချယူဆရင် အဲဒါလည်း တရားသေ အယူအဆ ဖြစ်မယ်။ ရုရှား အောက်တိုဘာတော်လှန်ရေးဟာ လူထု လှုပ်ရှားမှု အဓိကနည်းလမ်းဖြစ်တယ်။ လူထုက ဦးဆောင်တဲ့ လက်နက်ကိုင်တော်လှန်ရေးနည်းဖြစ်တယ်။

နည်းလမ်းများစွာ ရှိတယ်။ နည်းတနည်းတည်းကို ပုံသေမထားအပ်ဘူး။ နည်းမျိုးစုံကို စဉ်းစားရမယ်။ ထိုးထွင်တီထွင်ရမယ်။ ဖောက်ထွက်စဉ်းစားရမယ်။ နည်းလမ်း တခုတည်းကိုသာ သုံးမယ်၊ ကျန်တာကို မသုံးရဘူးလို့ ကိုယ့်ကိုယ်ကိုယ် ကန့်သတ်တာဟာ ရန်သူနဲ့ ရင်ဆိုင်ရာမှာ မိမိကိုယ်ကိုယ် သေကြောင်းကြံတာနဲ့ ဘာမှ မခြားဘူး။

> ၂၀၀၈ အခြေခံ ဥပဒေကို ပြင်ဖို့အတွက်
> အကြီးမားဆုံး အဟန့်အတားက
> ၂၀၀၈ အခြေခံဥပဒေပဲ

# ရွေးကောက်ပွဲအပြီး မြန်မာ့နိုင်ငံရေး

၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပခဲ့သော အထွေထွေ ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က နောက်တကြိမ် တောင်ပြိုကမ်းပြို အနိုင်ရရှိခဲ့သည်။ ၁၉၉၀ ခုနှစ်ကထက်ပင်ပို၍ အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။ ပြည်သူလူထုကြီးအနေဖြင့် နိုင်ငံရေးနိုးကြားပြီး သူတို့ဘက်က တာဝန်ကျေကြောင်း နောက်တဖန် ပြသလိုက်ခြင်းလည်း ဖြစ်ပါသည်။

ရွေးကောက်ပွဲမတိုင်မီက မှန်းဆချက်အမျိုးမျိုး ပေါ်ထွက်ခဲ့သည်။ ဒီချုပ် ၁၉၉၀ ကကဲ့သို့ တောင်ပြိုကမ်းပြိုအနိုင် မရနိုင်။ ယခုအခါ တိုင်းရင်းသားပါတီ အများအပြားလည်း ပေါ်ထွက်ခဲ့ပြီ ဖြစ်ပြီး ထိုပါတီများမှာလည်း ၂၀၁၀ ရွေး ကောက်ပွဲတွင် အတိုင်းအတာတခုအထိ အနိုင်ရရှိခဲ့ပြီးဖြစ်ရာ ဒီချုပ်အနေနှင့် ထိုပါတီများနှင့် ရွေးကောက်ပွဲ မတိုင်မီကပင် နားလည်မှုယူထားသင့်သည်၊ ရွေးကောက်ပွဲအပြီး အစိုးရဖွဲ့နိုင်ရေးအတွက် ယခုကတည်းကပင် ဗျူဟာချထားသင့်သည်။ တဖက် ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဘက်ကလည်း စစ်တပ်ကျောထောက်နောက်ခံလည်းရှိ၊ ဘဏ္ဍာငွေ တောင့်တင်းမှုလည်းရှိ၊ ကျေးဇူးခံ ကျေးဇူးစားများလည်းရှိရာ သူတို့ကလည်း ရွေးကောက်ပွဲမနိုင်တောင် အမတ်နေရာ အတော်အသင့်ရနိုင်သည်။ ထိုအမတ်နေရာဖြင့် စစ်တပ်ခွဲတမ်း အမတ်နေရာပေါင်းပါက လိုအပ်သည့် အရေအတွက်မပြည့်မီသည့်တိုင် ပါတီငယ်တချို့နှင့်ပေါင်းလျှင်၊ သူတို့ဘက်ပါမည့် တိုင်းရင်းသားပါတီများနှင့်ပေါင်းလျှင် အစိုးရ ဖွဲ့နိုင်လောက်သည့် အင်အားအထိ ရှိလာနိုင်မည်ဟု ပြောဆိုခဲ့ကြသည်။ ထိုကြံ့ဖွံ့ပါတီမှ အမတ်တဦးကဆိုလျှင် ဒေါ်အောင်ဆန်းစုကြည်အနေနှင့် ဒီဘဝတွင် သမ္မတမဖြစ်နိုင် စိတ်လျှော့ပါဟုပင် ရမ်းရမ်းကားကား ပြောခဲ့သည်။

တကယ်လည်း သူတို့ဘက်က ပြင်ဆင်မှု အများအပြား ပြုလုပ်ခဲ့ပါသည်။ နိုင်ငံရေးကို ဘာသာရေးမှိုင်းဖြင့်တိုက်ရန် မဘသကို အလွန်အကျွံပွဲထုတ်ခဲ့သည်။ ခြေမြဲလက်မြဲဖြစ်စေရန် လက်ခွဲပါတီ (proxy) များ ဖွဲ့ခဲ့သည်။ ထိုထဲမှ ထင်ရှားသည်မှာ သမ္မတအကြံပေးဟောင်း နေဇင်လတ်၏ ခါတော်မီပါတီ ဖြစ်သည်။ ဆိုရှယ်မီဒီယာများမှ မမှန်သတင်းဖြန့်ခြင်း၊ အပုပ်ချခြင်း စသည့် အောက်လမ်းနည်းပေါင်းစုံကိုလည်း အသုံးပြုခဲ့သည်။ မဲပေးရန် ရက်ပိုင်းမျှသာ လိုတော့ချိန်၊ ရောဝတီတိုင်းတွင်ဆိုလျှင် နာရီပိုင်းမျှသာ လိုတော့ချိန်အထိ လေကမလျှော့ သူတို့ဘက်က နိုင်ကိုနိုင်ရမည်ဟု ကြွေးကြော်ခဲ့သည်။ မှန်ပါသည်။ သူတို့ဘက်မှ ဘက်လိုက်မည့် ဒိုင်လူကြီး ရွေးကောက်ပွဲ ကော်မရှင်အားကိုးကလည်း ရှိသည်ကိုး။ ထိုကော်မရှင်ကလည်း တတ်စွမ်းသမျှ သူတို့ပါတီကြီး အနိုင်ရရေး ညစ်နည်းပေါင်းစုံ သုံးခဲ့ပါသည်။ ဗဟိုတွင်သာမက အောက်ခြေကော်မရှင်အဆင့်ဆင့်အထိ ဘောင်းဘီချွတ် မိုးကျရွှေကိုယ်များကိုသာ ခန့်အပ်ခဲ့သည်။ ၁၉၉၀၊ ၂၀၁၀ အထွေထွေရွေးကောက်ပွဲများနှင့် ၂၀၁၂ ကြားဖြတ်အထိ မကြုံဖူးခဲ့သော မဲစာရင်းမှားယွင်းမှုကြီးကို ပြည်သူတို့ အံ့သြဘနန်းမြင်ခဲ့ရသည်။ ပိုဆိုးသည်မှာ ၂၀၁၅ ရွေးကောက်ပွဲ မတိုင်ခင် ၂၀၁၄ ခုနှစ်က တနိုင်ငံလုံး သန်းခေါင်စာရင်း ကောက်ယူမှုကြီး ပြုလုပ်ခဲ့သည်။ ကုလသမဂ္ဂနှင့် နိုင်ငံ တကာအဖွဲ့အစည်းများမှ ငွေကြေးနှင့်နည်းပညာအကူအညီများ ပေးခဲ့သည်။ အပြီးသတ်ထုတ်ပြန်မှုများကို ၂၀၁၅ ဩဂုတ်လတွင် ပြုလုပ်နိုင်ခဲ့သည်။

နောက်တလအကြာ စက်တင်ဘာလတွင် ပထမအကြိမ်မဲစာရင်း ထုတ်ပြန်ရာ တပြည်လုံး အုံးအုံးကြွက်ကြွက် ဖြစ်သွားသည်အထိ မဲစာရင်းမသမာမှုကြီးကို ကြုံခဲ့ကြရသည်။ သန်းခေါင်စာရင်း ကောက်ခံရာနှင့် ယခုအထွေထွေရွေးကောက်ပွဲအတွက် အကူအညီပေးနေသော နိုင်ငံတကာအဖွဲ့အစည်းများကလည်း ထိုမဲစာရင်းမှားယွင်းမှုကြီးမှာ သူတို့နှင့် မသက်ဆိုင်ကြောင်း ဖြေရှင်းခဲ့ကြရသည်။ သူတို့အဆိုအရ အစိုးရကို ကွန်ပျူတာပရိုဂရမ် ၂ ခု ပေးအပ်ခဲ့ပြီး ဖြစ်သည်။ ထိုပရိုဂရမ် ၂ ခုဖြင့် သန်းခေါင်စာရင်းကို အခြေခံကာ မဲစာရင်းကို အလွယ်တကူထုတ်ပြန်နိုင်သည်ဟု ဖြေရှင်းခဲ့သည်။ အဆိုပါ မဲစာရင်းများကို ၃ ကြိမ်တိုင်တိုင် ထုတ်ပြန်ခဲ့ရာ အကြိမ်တိုင်းတွင် အရာရာနှင့် အကြောင်းကြောင်းဆိုသလို ဖြစ်ခဲ့သည်။ ရွေးကော်ဥက္ကဋ္ဌကြီးကလည်း ထိုသို့ မဲစာရင်းမှားယွင်းမှုအတွက် သူ့တွင်တာဝန်မရှိ၊ မဲစာရင်းမှန်စေလိုလျှင် မဲဆန္ဒရှင်များကိုယ်တိုင် မဲစာရင်းသွားကြည့်ကာ ပြန်ပြင်ပေးရန် သတ်မှတ်ပုံစံများဖြင့် တင်ပြရမည်၊ ယခုလာကြည့်သူ ပြန်ပြင်ပေးရန်တင်ပြသူက ၃၀% သာရှိ၍ ထိုမဲစာရင်းများ မှန်ကန်ရေးအတွက် သူ့ဘက်ကလည်း ၃၀ % သာ တာဝန်ယူနိုင်မည်ဟု ပြောပြန်သည်။ မဲစာရင်းများ မှားရခြင်းမှာ ကွန်ပျူတာပရိုဂရမ်အပြစ် ဖြစ်သည်ဟုလည်း ပြောပြန်သည်။ နောက်ဆုံးအကြိမ် ထုတ်ပြန်ရာတွင် မဲရုံအလိုက်၊ လမ်းအလိုက်၊ အိမ်ထောင်စုအလိုက် မဟုတ်တော့ဘဲ ကျားမခွဲခြားပြီး နာမည် အက္ခရာစဉ်ဖြင့် ထုတ်ပြန်ခဲ့သည်ကို သူကြိုတင်မသိရှိပါဟု ပြောင်လိမ်သည်အထိ အခြေအနေဆိုးခဲ့သည်။ တဖက်ကလည်း အောက်ခြေမဲရုံဝန်ထမ်းများမှာ လခမရဘဲ ကိုယ့်ထမင်းကိုယ်စား လုပ်အားပေးနေရသည်၊ သူတို့ရွေးကော်တွင် ဝန်ထမ်းအလုံအလောက် မရှိပါဟု ကာကွယ်ဆင်ခြေပေးသည်။

နောက်ဆုံးတွင် ကြံ့ဖွံ့ကို အလဲထိုးခဲ့သည်မှာ သူတို့ချင်း ဂိုဏ်းဂဏတိုက်ပွဲပင် ဖြစ်သည်။ သန်းခေါင်ယံအာဏာလုပွဲဟု ခေါ်ကြသော ဩဂုတ် ၁၂ ရက် နေရာလုပွဲက ကြံ့ဖွံ့၏ ရွေးကောက်ပွဲမျှော်လင့်ချက်နှင့် ကံကြမ္မာကို အဆုံးသတ်ပေးလိုက်ခြင်း ဖြစ်သည်။ တတိုင်းပြည်လုံး ခိုးဆိုးလုယက် အိတ်ထဲထည့်၊ အာဏာပြ၊ တိုင်းရင်းသား ပြည်သူလူထုကြီးတရပ်လုံးကို အနိုင်ကျင့်နှိပ်စက်ခဲ့သော စစ်အာဏာရှင်များနှင့် သူတို့လက်ဝေခံတသိုက်ကို ပြည်သူလူထုက စိတ်ကုန်ခဲ့သည်မှာ ကြာပါပြီ။ သေနတ်ပြ မဲလိမ်မဲခိုးကာ တက်လာ၍သာ အစိုးရဖြစ်နေခြင်းဖြစ်သည်။ ၁၉၆၂ ခုနှစ်မှ အစပြုကာ ရှင်သန်အမြစ်တွယ်နေခဲ့သော စစ်အာဏာရှင်စနစ်ဆိုးကြီးကို အဆုံးသတ်လိုနေကြပြီ ဖြစ်သည်။ တိုင်းပြည်တွင် ဒီမိုကရေစီစနစ် ရှင်သန်ကြီးထွား၍ ဖွံ့ဖြိုးတိုးတက်ကာ နိုင်ငံသားတိုင်း အေးချမ်းစွာ ရှာဖွေစားသောက်နိုင်သည့်ဘဝ၊ ခေါင်းပြားအောင်အိပ်နိုင်မည့်ဘဝကို သူတို့တောင့်တမျှော်လင့်ခဲ့ကြသည်။

သူတို့၏ မျှော်လင့်ချက်ကို ဒီချုပ်က ‘အပြောင်းအလဲ’ ဟူသော ကြွေးကြော်သံဖြင့် စုစည်းနိုင်ခဲ့သည်။ တောင်ပြိုကမ်းပြိုနိုင်ခဲ့သည်။ ရခိုင်နှင့်ရှမ်းပြည်နယ် ၂ ခုမှအပ ပြည်နယ်အများတွင် ဒီချုပ် နိုင်ခဲ့သည်။ အချို့တိုင်းရင်းသားပါတီများဆိုလျှင် ပါတီအကြီးအကဲများပင် အရွေးမခံရသည်အထိ အခြေအနေဆိုးခဲ့သည်။ ရွေးကောက်ပွဲတွင် မဲပေးသည့်အရေအတွက်ကလည်း ၈၀ % ကျော်ခဲ့သလို ဒီချုပ် အနိုင်ရရှိမှုကလည်း ၈၀% မျှရှိခဲ့သည်။ စစ်တပ်နှင့် ကြံ့ဖွံ့ အင်အားကောင်းသည့် နေပြည်တော်လို နယ်မြေမှာပင် အပြတ်အသတ်နိုင်ခဲ့သည်။ ပြင်ဦးလွင်တွင်လည်း နိုင်ခဲ့သည်။ ကိုကိုးကျွန်းတွင်သာ ညစ်လွန်း၍ ရှုံးခဲ့ရသည်။

သူ့ကိုရာထူးမှ ဖယ်ရှားခဲ့သည်မှာ ဒေါ်အောင်ဆန်းစုကြည်နှင့် ရင်းနှီးပြီး နှစ်ယောက်အတူတွဲ၍ တိုင်းပြည်အကျိုးအတွက် လုပ်ဆောင်ရန် ညှိနှိုင်းခဲ့၍ဖြစ်ကြောင်း ရွေးကောက်ပွဲပြီးသောအခါမှ လွှတ်တော်ဥက္ကဋ္ဌကြီးက နုတ်သံနှော၍ ရင်ဖွင့်ခဲ့သည်။

ရွေးကောက်ပွဲတွင် နိုင်ပြီးသောအခါ အနိုင်ရပါတီနှင့် မဲပေးခဲ့သော ပြည်သူများအတွက် စိုးရိမ်ပူပန်စရာက ရှိနေပြန်သည်။ ၁၉၉၀ တုန်းကလို အာဏာလွှဲမပေးတာမျိုး နောက်တကျော့ ပြန်ဖြစ်ဦးမှာလားဟူသော အတွေးနှင့် ရင်လေးရပြန်သည်။ စစ်အုပ်စုဟူသည်က အာဏာနှင့်ပတ်သက်လာလျှင် အရှက်ရှိသည်လည်း မဟုတ်၊ သူတို့ မလုပ်ရဲတာ မလုပ်ဖူးတာ ဘာမှရှိသူများလည်းမဟုတ်။

အနိုင်ရပါတီခေါင်းဆောင်ကမူ အမျိုးသားရင်ကြားစေ့ရေးကိုသာ ဦးတည်လုပ်ဆောင်သွားမည်ဟု ကြေညာသည်။ အစိုးရဖွဲ့ရာတွင်လည်း နိုင်သူအကုန်ယူ လုပ်မည်မဟုတ်ဘဲ တိုင်းရင်းသားခေါင်းဆောင်များနှင့် တိုင်းပြည်အတွက် အကျိုးရှိအောင် လုပ်နိုင်မည့်သူများ ပါဝင်စေမည်ဟု ထုတ်ဖော်ပြောဆိုသည်။ ကြားဖြတ်ရွေးကောက်ပွဲ ကတိတခုဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် လုပ်ဆောင်သွားမည်ဟုလည်း ပြော

သည်။ အားလုံးကောင်းပါသည်။ နောက်ပိုင်းတွင် နောက်ကြောင်းပြန် အရေးယူမှုများ ပြုလုပ်မည် မဟုတ်၊ ရှေ့တွင်သာ တရားဥပဒေ ဖောက်ဖျက်မှု မရှိစေနှင့်၊ ဖောက်ဖျက်လျှင် ဥပဒေအတိုင်း ပြတ်ပြတ်သားသား အရေးယူမည်ဟု ဆိုလိုက်ပါသေးသည်။ တိုင်းပြည်ဘဏ္ဍာ ကိုယ့်ဟာမှတ်၍ ခိုးဆိုးလုယက်ခဲ့ကြသော စစ်အာဏာရှင်များ၊ သူတို့၏ အဆွယ်အပွား ခရိုနီသူဌေးကြီးများနှင့် အကျင့်ပျက်ဗျူရိုကရက် အရာရှိဆိုးတစုအတွက် သည်းခြေကြိုက် စကားများပင် ဖြစ်သည်။

ချောချောမွေ့မွေ့ အထစ်အငေါ့မရှိ အာဏာလွှဲပြောင်းနိုင်ရေးအတွက် ယခင် ၄ ပွင့်ဆိုင် ဆွေးနွေးပွဲတောင်းဆိုခဲ့တုန်းက ၃ ဦးကိုပင် တွေ့ဆုံလိုကြောင်း စာပို့အကြောင်းကြားခဲ့သည်။ ယခုတကြိမ်တော့ သီးခြားစီ တွေ့ဆုံရန်ဖြစ်ပြီး တောင်ပြိုကမ်းပြို အနိုင်ရထားသော ပါတီ၏ဥက္ကဋ္ဌ၊ နောက်တက်မည့် အစိုးရခေါင်းဆောင် အနေနှင့် တွေ့ခွင့် တောင်းလိုက်ခြင်း ဖြစ်သည်။ လွှတ်တော်ဥက္ကဋ္ဌကြီးကသာ တွေ့ခွင့်ပြုမည့်အကြောင်း မြန်မြန်ဆန်ဆန်တုံ့ပြန်ပြီး ကျန်နှစ်ဦးက အိုက်တင်ခံနေသေးသည်။ အကြောင်းပြန်တော့လည်း တဖက်က တွေ့ခွင့်တောင်းလာ၍ သနား၍တွေ့ခွင့်ပေးရသည့် ပုံစံမျိုး အထက်စီးက ရေးလိုက်သေးသည်။ တွေ့မည့်အချိန်ကိုလည်း ရွေးကောက်ပွဲလုပ်ငန်းစဉ်များပြီးစီးမှဟု မရေမရာသောအချိန်ကို ပေးထားသည်။ သူပြောတာ နားထောင်ရုံသာဖြစ်ပြီး ဘာကိုဆွေးနွေးမည် ဘာကိုသဘောတူမည်ဟု မိမိတို့ဘက်မှ ကြိုတင်ပြင်ဆင်ထားခြင်း မရှိကြောင်းလည်း ကွန့်လိုက်သေးသည်။ ဆိုလိုသည်မှာ ဖွဲ့စည်းပုံပြင်ရေး အထူးသဖြင့် ပုဒ်မ ၅၉ (စ) နှင့် ၄၃၆ အကြောင်း မပြောနှင့် ပြောလာလျှင်လည်း ဘာမှရမည်မဟုတ်ဟု ကြိုတင်အသိပေးလိုက်ခြင်း ဖြစ်သည်။ တွေ့တော့လည်း သမ္မတဆိုသူက အာဏာလွှဲပေးပါမည်၊ စိတ်မပူပါနှင့်ဟူသော စကားကိုသာ ပါးလိုက်သည်။ ကာချုပ်ဆိုသူကတော့ အာဏာရှင်ဟောင်း၏ မြေးတော်လေးနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ နှင်းဆီစံအိမ်တွင် တွေ့ဆုံခဲ့သည်ဟူသော သတင်းများထွက်ပေါ်လာအပြီးတွင်မှ တွေ့ဆုံခဲ့သည်။ တိုက်ဆိုင်မှုလော၊ ကြိုတင်ကြံစည်ထားမှုလောဆိုသည်ကို ကာယကံရှင်များသာ သိပါမည်။ နိုင်ငံရေးအကဲခတ်များနှင့် မီဒီယာများကမူ တွေ့ဆုံမှု အောင်မြင်သည် အနာဂတ်အတွက် အားရစရာဖြစ်သည်ဟု အမိပ္ပာယ် ဖော်ကြသည်။

နောက်ဆုံးတွင် လက်ရှိစစ်အုပ်စု၏ ခေါင်းကိုင်ဖခင်ကြီးနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ ဒီဇင်ဘာ ၄ ရက်က တွေ့ကြသည်။ တွေ့ကြသည့်နေရာကို စစ်ဦးစီးအရာရှိချုပ်ရုံးဟုဖော်ပြပြီး နောက်ပိုင်းသတင်းများတွင်မှ ခေါင်းကိုင်ဖခင်ကြီး၏ အိမ်တော်တွင်ဟု ဆိုပြန်သည်။ ကာယကံရှင်များက ထုတ်ပြန်သည့် သတင်းမဟုတ်ဘဲ မြေးတော်လေးက သူ့ Facebook တွင် ဖော်ပြသမျှကိုသာ လေဖမ်းဒန်းစီးကြရခြင်း ဖြစ်သည်။ မြေးတော်လေး၏ အပြောအရ အာဏာရှင်ဟောင်းကြီးက ဒေါ်စုသာ တိုင်းပြည်အကျိုးအတွက် တကယ်ဆောင်ရွက်မည်ဆိုလျှင် သူတို့ဘက်က ကူညီရန်အသင့်ရှိပါသည်ဟု ၃၆ ကောင် အတိတ်စိမ်းဆန်ဆန် လိုသလို အဓိပ္ပာယ်ဖွင့်နိုင်သော စကားကို ပြောသည်။

ထိုအဖြစ်အပျက်များ မတိုင်မီကပင် ဒေါ်အောင်ဆန်းစုကြည်နှင့် အာဏာရှင်ဟောင်းကြီးတို့ နှစ်ကြိမ်တိုင် တွေ့ဆုံခဲ့ကြသည်ဟူသော သတင်းများလည်း ရွေးကောက်ပွဲမတိုင်မီကပင် သိုးသိုးသန့်သန့် ထွက်ခဲ့ပါသေးသည်။ အာဏာရပါတီ၏ အစိတ်အပိုင်းတခုနှင့် နားလည်မှုယူပြီး အာဏာရယူနိုင်သည်ဟူသော အကြံသည် အလွှန်အန္တရာယ်များလှကြောင်း ဩဂုတ် ၁၂ အရေးအခင်းက ပြသခဲ့ပြီး ဖြစ်သည်။ အာဏာသည် သူတို့၏ အသက်ဘူး ဆိုသည်ကို သူတို့ကောင်းကောင်းသိပါသည်။ သူတို့အသက်အိုးအိမ် စည်းစိမ်ချမ်းသာတို့ကို ကာကွယ်ပေးထားသည်မှာ ထိုအာဏာသာ ဖြစ်ကြောင်း သူတို့၏ရာစုနှစ် ထက်ဝက်ကျော် အတွေ့အကြုံက အခိုင်အမာပြသခဲ့ပြီး ဖြစ်သည်။ ဆွေခုနှစ်ဆက် မျိုးခုနှစ်ဆက် စားမကုန်သည့် စည်းစိမ်ချမ်းသာတို့ကို ထိုအာဏာဖြင့်ပင် ရှာဖွေစုဆောင်းရယူခဲ့ကြခြင်းဖြစ်ပြီး ထိုစည်းစိမ်ချမ်းသာတို့ကို ကာကွယ်ရန်မှာ အာဏာရှိမှဖြစ်မည် ဆိုသည်ကို သူတို့လောက်သိသူ မည်သူမျှမရှိ။ ထိုအာဏာ ဆိုသည်ကိုလည်း ပြည်တွင်းစစ်အတွင်းမှာပင် ပြည်တွင်းစစ်ကြောင့် ရရှိခဲ့ခြင်းဖြစ်ပြီး ရရှိလာသောအာဏာကို စည်းစိမ်ဥစ္စာစုဆောင်းရေးတွင် အသုံးပြုခဲ့ကြခြင်း ဖြစ်သည်။ ထို့ကြောင့် ပြည်တွင်းငြိမ်းချမ်းရေးသည် သူတို့မလိုချင်ဆုံး မလုပ်ချင်ဆုံးသောအရာလည်း ဖြစ်သည်။

အပြောင်းအလဲဆိုသော ကြွေးကြော်သံဖြင့် လူထုထောက်ခံမှုကို တခဲနက်ရရှိခဲ့ပြီး တောင်ပြိုကမ်းပြိုနိုင်ခဲ့သည်။ လူထုလိုချင်သော အပြောင်းအလဲမှာ လမ်းများအမိုက်ကင်းစင်၍

သန့်ရှင်းရုံ၊ ရေပိုက်များ ရေလာပြီး မီးမှန်မှန်လာရုံ၊ ဘတ်စ်ကားများ ရထားများ ချောင်ချိသွားရုံ၊ အရာရှိဆိုးများ လာဘ်မစားရဲရုံသာ မဟုတ်ဟု ထင်ပါသည်။

ကျွန်တော်တို့အမြင်အရ ပြည်သူလူထု လိုလားသော အပြောင်းအလဲဆိုသည်မှာ စစ်အာဏာရှင်စနစ်၏ အရိပ်အောက်မှ လွတ်မြောက်ရေးသာ ဖြစ်သည်။ တိုင်းပြည်၏ နေဥစ္စာတို့ကို လူတစုက ထင်သလိုခိုးဝှက်လုယူနေခြင်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး အတွက် အသုံးပြုနိုင်စေရေး ဖြစ်သည်။ အတန်အသင့် ကောင်းမွန်သော ကျန်းမာရေး စောင့်ရှောက်မှုနှင့် တူတူတန် တန်ပညာရေးကို သူတို့လိုချင်ကြပါသည်။ ညအချိန် မည်သည့်ကြောင့်ကြမှုမျိုးမျှ မရှိဘဲ အေးချမ်းစွာ အိပ်စက်လိုကြပါသည်။ ဧည့်စာရင်းစစ်သည်ဟုဆိုကာ အချိန်မတော် အိမ်တံခါးလာခေါက်ခြင်းမျိုး၊ ကိုယ့်လင်ကိုယ့်သား ကိုယ့်သမီးကို ခဏဆိုကာ ဘယ်မှန်းမသိ အချိန်မတော် ခေါ်သွားတာ ခံရသည့်ဘဝမျိုးမှ သူတို့လွတ်မြောက်လိုကြပါသည်။ ယူနီဖောင်းမြင်လျှင် မီးသတ်ကာစ ကြောက်နေရသည့် ဘဝမျိုးမှ သူတို့ လွတ်ချင်ကြပါသည်။ အနှိပ်ခန်းနှင့် ပြည့်တန်ဆာခန်း တွဲဖွင့်ထားသည့် ရပ်ကွက် အုပ်ချုပ်ရေးမှူးထံမှ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ထောက်ခံစာ သွားတောင်းရသည့်ဘဝမျိုးမှ သူတို့လွတ်ချင်ကြပါသည်။ သူတို့ ဘိုးဘပိုင်မြေပေါ်တွင် အေးအေးချမ်းချမ်း ထွန်ယက်စိုက်ပျိုးလိုကြပါသည်၊ စစ်တပ်မှ ‘တပ်ပိုင်မြေ’ ဘုတ်တိုင်လာစိုက်ခြင်း အန္တရာယ်မှ သူတို့လွတ်ကင်းလိုကြပါသည်။ ကိုယ့်ဝမ်းစာကိုယ် ရှာစားရာတွင် စည်ပင်ကြောက်ရ၊ ရဲကြောက်ရ ဘဝမျိုးမှ သူတို့ လွတ်ကင်းလိုကြပါသည်။ ပြည်ပရောက် နိုင်ငံသားများ၊ ရွှေ့ပြောင်းအလုပ်သမားများကလည်း ပြည်တွင်းမှာသာ ထိုက်ထိုက်တန်တန် လစာမျိုးရလျှင် မပူမပင်မကြောင့်မကြ နေရလျှင် ဥမကွဲသိုက်မပျက် မိသားစုနှင့် အတူသာ နေလိုကြပါသည်။ ဒါသည် သူတို့ဆန္ဒအစစ်အမှန်များ ဖြစ်ကြပါသည်။ ဒါတွေကြောင့်လည်း အတိုက်အခံပါတီကို အားကိုးကာ မဲတွေပုံပေးလိုက်ခြင်း ဖြစ်ပါသည်။

ထိုအရာများ အားလုံးသည် ဒေါ်အောင်ဆန်းစုကြည် သမ္မတဖြစ်ရုံ၊ ပုဒ်မ ၅၉(စ) ကို ပြင်ဆင်နိုင်ရုံဖြင့် ရမည်ဟု မယုံကြည်ပါ။ အပြောင်းအလဲလုပ်ရာတွင် ပြည်သူထိခိုက်နာကျင်စေမှု အနည်းဆုံးလမ်းကြောင်းကို ရွေးသည့်စေတနာကို လေးစားပါသည်။ အသိအမှတ်ပြုပါသည်။ သို့သော် ဤလမ်းဖြင့် ရည်မှန်းချက်သို့ ရောက်လိမ့်မည်ဟုတော့ မယုံကြည်ပါ။ မြန်မာပြည်၏ ဒီမိုကရေစီသည် စစ်တပ်က ပေးသလောက်သာ ရမည်ဟူသော အယူအဆကသာ ပြည်သူလူထုကို ထိခိုက်နာကျင်စေမည် ဖြစ်ပါသည်။ စစ်တပ်နှင့် သင့်မြတ်ရုံဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေး ရလိမ့်မည် မဟုတ်ပါ။

လက်ရှိဖွဲ့စည်းပုံအရ ဖွဲ့စည်းသော မည်သည့်အစိုးရမဆို ဂုဏ်နှင့်ဒြပ်ဟပ်မိသည့် အစိုးရမျိုး ဖြစ်လာမည် မဟုတ်ပါ။ ကုပ်ပေါ်ဓားဝဲနေမည့်၊ ကိုယ့်ခေါင်းကိုယ် မိုးလင်းတိုင်း ပြန်စမ်းနေရမည့် အစိုးရမျိုးသာ ဖြစ်ပါလိမ့်မည်။ ကာလုံဟုခေါ်သော အဖွဲ့က အစိုးရ၏ အပေါ်က ရှိနေမည်၊ မဲအသာစီး ယူထားမည်၊ လွှတ်တော်ထဲတွင် ကာချုပ်ခန့် အစိတ်သားအမတ်များက အမြိန့်သားထိုင်နေမည်၊ ကာချုပ်ခန့် ဝန်ကြီး ၃ ဦးက အရေးပါသောဝန်ကြီးဌာနများကို အပိုင်စီးထားမည် ဆိုသည်မှာ အားလုံးသိသောအချက်များ ဖြစ်သည်။

ကျွန်တော်တို့ ယုံကြည်သည်မှာ တိုင်းပြည်တွင် စစ် ၃ စစ်ဟုဆိုသော စစ်အုပ်စု၊ စစ်အာဏာရှင်စနစ်၊ စစ်ဗျူရိုကရက် အရင်းရှင်စနစ်ကို ဖျက်သိမ်းနိုင်မှသာ ပြည်သူလူထုတရပ်လုံး စစ်ကျွန်ဘဝမှ လွတ်မြောက်မည်ဟု ဖြစ်ပါသည်။

ထို့ကြောင့် ပြည်တွင်းစစ်ရပ်စဲ၊ ပြည်တွင်းငြိမ်းချမ်းရေး မှတဆင့် အမျိုးသားသွေးစည်းညီညွတ်ရေး တည်ဆောက်၊ လက်ရှိဖွဲ့စည်းပုံကို ဖျက်သိမ်းပြီး အားလုံးလက်ခံနိုင်မည့် ဖွဲ့စည်းပုံသစ်တရပ် ရေးဆွဲကာ အမျိုးသားတန်းတူရေးကို အာမခံသည့် ပြည်ထောင်စု တည်ဆောက်နိုင်မှသာ ပြည်သူတို့ အာသာငမ်းငမ်းတောင့်တလျက်ရှိသည့် ဒီမိုကရေစီအစစ်အမှန်၊ ဥပဒေစိုးမိုးရေး အစစ်အမှန်ကို တည်ဆောက်နိုင်ကာ လွတ်လပ်ဖွံ့ဖြိုး တောင့်တင်းတိုးတက်သည့် နိုင်ငံတော်သစ် ပေါ်ထွန်းလာမည်ဟု ယုံကြည်ပါကြောင်း တင်ပြအပ်ပါသည်။

# လက်ဝါးကြီးအုပ်နဲ့ အပေါင်းအပါအုပ်စု

ရှေ့တန်းရောက် နိုင်ငံကြီးများမှာ ဘဏ္ဍာဘုရင်များ ပေါ်ထွက်လာပြီးနောက် အရင်းရှင် စနစ်ဟာ နယ်ချဲ့စနစ်အဆင့်ကို ရောက်လာခဲ့တယ်။ အခုတော့ လက်ဝါးကြီးအုပ် ဘဏ္ဍာအရင်းဟာ ကမ္ဘာတခုလုံးကို ဖြန့်ကြက်တဲ့အဆင့် ရောက်နေပါပြီ။ ဒီဖြန့်ကြက်မှုကို နယ်ချဲ့စနစ်က ကာကွယ်ပေး၊ တွန်းဆော်ပေးပါတယ်။

လက်ဝါးကြီးအုပ် အရင်းဟာ ကာယလုပ်အားကို အသာထား၊ ဆရာဝန်၊ အင်ဂျင်နီယာလို ဉာဏလုပ်အားကိုတောင် နည်းအမျိုးမျိုးနဲ့ ကြံညှစ်သလို ညှစ်ထုတ်ပါတယ်။ အများပိုင်လုပ်ငန်းကို ပုဂ္ဂလိကအဖြစ် ပြောင်းလဲတဲ့နည်း၊ အစိုးရအနေနဲ့ လူမှုဖူလုံရေးတွေဖြတ်တောက်၊ ခြိုးခြံရေးပေါ်လစီကျင့်သုံးစေတဲ့နည်း၊ လုပ်သားဦးရေလျှော့ချ၊ စက်ရုံပိတ် စတဲ့နည်း၊ အလုပ်တူပေမယ့် လုပ်ခအဆင့်အတန်း အမျိုးမျိုးခွဲခြားတဲ့နည်း၊ လုပ်အားစိုက်ထုတ်မှုကို လက်ပေါက်စိတ်ကြီးကြပ်ထိန်းချုပ်တဲ့နည်း စတာတွေကို ကျင့်သုံးပါတယ်။ အမေရိကန်လို နိုင်ငံကြီးတွေမှာ ဒီလိုလုပ်နေကြတာပါ။ ဒါကြောင့် အလုပ်သမားများ၊ ပြည်သူများရဲ့ မကျေနပ်မှု၊ ဆန့်ကျင်မှုတွေ မပြတ်ဖြစ်ပေါ်နေပါတယ်။ လက်ဝါးကြီးအုပ်အရင်းရှင်စနစ် အရင်းခံက ထွက်ပေါ်လာတဲ့ အကြမ်းဖက်ဝါဒပြဿနာ အပါအဝင် ရာဇဝတ်မှု၊ မူးယစ်ဆေးဝါး၊ လက်နက်ကိုင်ဆောင်မှုပြဿနာများကို ဖြေရှင်းဖို့ဆိုတဲ့ အကြောင်းပြချက်နဲ့ "ဒီမိုကရေစီ" အစိုးရကြီးများဟာ ပုလိပ်နဲ့ ထောက်လှမ်းရေးကို အာဏာပုံအောပေးထားပါတယ်။ စီးနင်းရှာဖွေခွင့်၊ ဖမ်းဆီးနှိပ်စက် သတ်ဖြတ်ခွင့် စတာတွေပေါ့။ မကျေမနပ်ဖြစ်နေတဲ့ ပြည်သူလူထုကို ခြိမ်းခြောက်စိုးမိုးပြီးသား ဖြစ်သွားတယ်။ ပြည်သူလူထုရဲ့ အခွင့်အရေးအမျိုးမျိုး ဆုံးရှုံးသွားတာပဲ အဖတ်တင်ပြီး အစိုးရမင်းများ ဖြေရှင်းပေးမယ်ဆိုတဲ့ ပြဿနာတွေက ပိုပိုကြီးထွားလာပါတယ်။ ဒါကြောင့် ၂၀၁၅ ခုနှစ်ထဲမှာ အနောက်နိုင်ငံတွေရဲ့ "ဒီမိုကရေစီ" အရေခြုံဟာ ပိုမိုကွာကျလာခဲ့တယ်။ ဖက်ဆစ်ဝါဒဆန်တဲ့ လူမျိုးရေးဝါဒ အာဘော်တွေ ပြောင်အော်လာတယ်။ နယ်ချဲ့အုပ်စု ကျူးကျော်ပုံးကြဲလို့ ထွက်ပြေးလာတဲ့ ဒုက္ခသည်တွေကို အစိုးရတွေ အဝင်မခံချင်တာ အထင်အရှား တွေ့ရတယ်။ အိုဘားမား တက်လာပြီးမှ လူမဲတွေ တိုးတိုးပြီးအသတ်ခံနေရတယ်။ ဂရိမှာ "လက်ဝဲ" ပါတီကို တင်ပြီးကာမှ ခြိုးခြံရေးပေါ်လစီရဲ့ဒဏ်ကို လူထုပိုခံနေရတယ်။ အင်္ဂလန်လေဘာပါတီမှာ "လက်ဝဲ" စကားတွင်တွင်ပြောတဲ့ ခေါင်းဆောင်သစ်ကြီးလည်းပဲ နယ်ချဲ့ခေနရှင်ကြီး လူတန်းစားရဲ့ ကိုယ်စားလှယ်သစ် ဖြစ်မှာပဲ။ အပြောင်းအလဲလိုလားတဲ့ ပြည်သူလူထုကို မျက်စိလှည့်ဖို့ ကြိုးစားရုံပဲ ဖြစ်မှာပဲ။

ဗမာပြည်လို နောက်တန်းရောက် နိုင်ငံတွေကို လက်ဝါးကြီးအုပ်ဘဏ္ဍာ အရင်းက ဖြန့်ကျက်ရာမှာ အုပ်စိုးသူအစိုးရနဲ့ အပေးအယူလုပ်ခြင်း၊ ဖိအားပေးခြင်းစတာတွေကို တရားဝင်ရော၊ တရားမဝင်နည်းတွေပါသုံးပြီး လမ်းကြောင်းပေါင်းစုံက ဝင်ရောက်ခဲ့တာပါပဲ။ ဦးနေဝင်းလက်ထက်အပါအဝင်ပါ။ စစ်အုပ်စုဟာ ဟိုတုန်းကတော့ နယ်ချဲ့ပေါင်းစုံကို မှီခိုသူအဖြစ် ပေါ်လွင်ပါတယ်။ လက်ဝါးကြီးအုပ်အရင်းအနှီးအင်အားစုဟာ စစ်အုပ်စုရဲ့ စီမံကိန်းတွေကတဆင့် ငွေထုတ်ချေးပေး၊ ထွက်ကုန်ဝယ်ပေး၊ သွင်းကုန်ရောင်းပေး အမြတ်ခွဲယူတဲ့ ပုံစံပါ။ လူထုမွဲပြာကျခဲ့ရပါတယ်။ အခုကတော့ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုပုံစံက ပေါ်လွင်ပါတယ်။ လက်ဝါးကြီးအုပ်ဘဏ္ဍာအရင်းနဲ့ စစ်အုပ်စုတို့ပေါင်းပြီး လူထုကို တိုက်ရိုက်နှာတဲ့ပုံစံပေါ့။ စစ်အုပ်စုလက်ထဲမှာ စုဆောင်းထားတဲ့ အရင်းအနှီး၊ သိမ်းထားတဲ့ မြေနဲ့ အလုပ်လက်မဲ့တပ်ဖွဲ့ ရှိပါတယ်။ ဒုက္ခသည် တပ်ဖွဲ့ကြီးလည်း ရှိပါတယ်။ လက်ဝါးကြီးအုပ်ကုမ္ပဏီကြီးများဆိုတာ မတန်တဆ

အမြတ်အစွန်းကို ဖော်ဆောင်သူတွေ ဖြစ်ပါတယ်။ အလုပ်နေရာဖန်တီးသူလည်းဖြစ် အလုပ်လက်မဲ့ဖန်တီးသူလည်း ဖြစ်ပါတယ်။ အင်အားပြည့်ဝတဲ့ လူငယ်လုပ်အားကို အချိန်တိုအတွင်း ပြောင်အောင်ညှစ်ထုတ်ယူပြီး မလုပ်နိုင်ရင်ထွက် နောက်တယောက် ခေါင်းခေါက်ရွေးမှာပါ။ ကြံ့ဖတ်အလုပ်လက်မဲ့များ တိုးပွားလာပါလိမ့်မယ်။ လူ့အခွင့်အရေးတို့၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ဆိုတာ ကြော်ငြာထဲက ကြော်ငြာမျှသာပါပဲ။ အမြတ်မှ လက်ဝါးကြီးအုပ်အမြတ်၊ မတန်တဆ အမြတ်ကိုပဲ ကြည့်ပါတယ်။ အလုပ်သမား အခွင့်အရေးကို လူ့အခွင့်အရေးထဲ မထည့်ပါဘူး။ အလုပ်သမားကို လူလို့တောင် သဘောမထားပါ။ စားရိတ်သက်သက် သာသာနဲ့ အမှိုက်အချောင်ပစ်၊ ရေဆိုးအချောင်ထုတ်၊ မြေစာအချောင်ပုံတဲ့ လုပ်ရပ်တွေ သူတို့ အံ့ခွနေပါပြီ။ အမေရိကန်က မြစ်ချောင်းတချို့တောင် ရေအရောင်ဝါနေပြီပဲ။

အလုပ်သမားဟာ မိမိလုပ်မှုပတ်ဝန်းကျင်စံချိန်အရ မိသားစုစားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေးအတွက် လုံလောက်တဲ့ လုပ်ခရခွင့် ရှိပါတယ်။ ဒီလို ရရှိတဲ့တိုင်အောင် အလုပ်ရှင်အတွက် အစွန်းထွက်လုပ်အား (အမြတ်) ရရှိနေဦးမှာပါ။ အခု အလုပ်သမားတွေ တောင်းဆိုတဲ့ လုပ်ခဟာ လုံလောက်တဲ့ လုပ်ခအဆင့်ရောက်ဖို့ အများကြီးကွာပါသေးတယ်။ ဒါတောင် အစိုးရက ဘက်မလိုက်တဲ့ ပုံစံနဲ့ အလုပ်သမားအခွင့်အရေးကိုလည်း ထောက်ထား၊ အလုပ်ရှင် အခွင့်အရေးကိုလည်း ထောက်ထားဖို့ ပြောနေတာဟာ တကယ်က လက်ဝါးကြီးအုပ်ဘဏ္ဍာအရင်းအင်အားစုဘက်က ရပ်တည်နေခြင်းမျှသာ ဖြစ်ပါတယ်။ လုပ်အားသယံဇာတကို ဈေးပေါပေါနဲ့ ရောင်းပေးနေတဲ့သဘော ဖြစ်ပါတယ်။ လက်ဝါးကြီးအုပ်နဲ့ စစ်အုပ်စုတို့ ပေါင်းပြီး တိုက်ရိုက်နွှာတာကို ပြည်သူလူထုက တိုက်ရိုက်အန်တုကြရပါတယ်။ လက်ပံတောင်း ကိစ္စ၊ အထည်စက်ရုံများကိစ္စမှာ အထူး ပေါ်လွင်ပါတယ်။ စစ်အုပ်စုဟာ အလုပ်သမား၊ လယ်သမားစတဲ့ အခြေခံ လူတန်းစားဘက်က မဆိုထားနဲ့ ပြည်တွင်းခနေရှင်ကလေးများအကျိုးတောင် လုပ်မပေးပါဘူး။

ကမ္ဘာ့လက်ဝါးကြီးအုပ် ဘဏ္ဍာအရင်း အကျိုးကို ကိုယ်စားပြုတဲ့ နယ်ချဲ့စနစ်ဟာ ကမ္ဘာ့ပြည်သူများ ပခုံးပေါ် ဖိထားတဲ့ တောင်ကြီးတလုံးပါ။ ပြည်သူလူထုရဲ့ မကျေနပ်မှု၊ အန်တုမှု၊ အုံကြွမှုနဲ့ ပတ်သက်ရင် နယ်ချဲ့စနစ်ဟာ သူ့အကျိုးအတွက် လမ်းလွဲဖို့ အသုံးချဖို့ပဲ လုပ်ပါတယ်။

ဗမာပြည်သူလူထု အတွက်ကတော့ နယ်ချဲ့စနစ်၊ ဗျူရိုကရက်လက်ဝါးကြီးအုပ် အရင်းရှင်စနစ်နဲ့ မြေရှင်စနစ်ဆိုတဲ့ တောင်ကြီးသုံးလုံးကို ထမ်းထားရတယ်။ ထမ်းထားရသလို တွန်းလည်းတွန်းလှန်နေကြပါတယ်။ စစ်အုပ်စုဟာ ဒီစနစ်သုံးခုရဲ့ အကျိုးကို ကိုယ်စားပြုပါတယ်။

လူထုအရေးတော်ပုံလို ဆိုနာမီဆိုတာ အမြဲတမ်း ခဏခဏမဖြစ်ပေါ်နိုင်ပါဘူး။ ဒါပေမဲ့ အရေးတော်ပုံ တခုဆီသို့ တာစူနေတဲ့ ငြိမ်သက်တဲ့၊ မထင်ရှားတဲ့၊ အရေအတွက်ပြောင်းလဲမှုသဘောဆန်တဲ့၊ ရုပ်ပိုင်း၊ စိတ်ပိုင်းပြောင်းလဲမှု၊ ဖြစ်ပေါ်တိုးပွားမှုတွေဟာ လူထုရဲ့နေ့စဉ်ဘဝအတွင်းမှာ မပြတ် ဖြစ်ပေါ်နေပါတယ်။ ဒီဖြစ်ပေါ်တိုးပွားမှုများကို လေ့လာပြီး လူထုရဲ့ ခုခံဆန့်ကျင်မှုဘက်က ရပ်တည်ရပါမယ်။ ကိုယ်ကျရာ တတ်နိုင်ရာအခန်းက ပါဝင်ပြီး လူထုရဲ့ ခုခံအားကို အားဖြည့်ရပါမယ်။

ပြည်သူလူထုဟာ စားဝတ်နေမှု နိုင်ငံရေးစံကို ဆုပ်ကိုင်ထားပါတယ်။ အစိုးရနဲ့ နိုင်ငံရေးအင်အားစုများအပေါ် ဒီစံနဲ့ တိုင်းပါတယ်။ ဒီစံဟာ အခြေခံလည်းကျ၊ လက်တွေ့လည်းကျ၊ ခိုင်လည်းခိုင်မာတဲ့စံပါ။ ဆိုရှယ်လစ်စံ၊ ဒီမိုကရေစီစံ၊ ပြည်ထောင်စုစံ စတာတွေနဲ့ မတိုင်းရကောင်းလားဆိုပြီး အပြစ်မတင်ကြပါနဲ့။ ပြည်ခိုင်ဖြိုးကို ဆုံးမတဲ့အနေနဲ့ NLD ကို မဲပုံပေးတာ ဒီစံပါပဲ။ ဗင်နီဇွဲလားမှာ အာဏာရ ဆိုရှယ်လစ်ပါတီကို ဆုံးမတဲ့ အနေနဲ့ လက်ယာပါတီတခုကို မဲပုံအောပေးတာ ဒီစံပါပဲ။ အစိုးရသစ်များကိုလည်း ဒီစံနဲ့ ဆက်လက်တိုင်းထွာမှာပါပဲ။

ကျွန်တော်တို့ ရဲဘော်များဟာ ပြည်သူလူထုကိုင်စွဲထားတဲ့ စားဝတ်နေမှုဆိုင်ရာ နိုင်ငံရေးစံ၊ နိုင်ငံရေးခံယူချက်ကို လေ့လာသင်ယူပြီး ဒါကို အဆင့်မြှင့်ဖို့ ကြိုးစားသင့်တယ်။ ပြည်သူလူထုရဲ့ နိုင်ငံရေးခံယူချက်ဟာ နိုင်ငံတကာလက်ဝါးကြီးအုပ်ဘဏ္ဍာအရင်းနဲ့ ပြည်တွင်းရှိ စစ်ဗျူရိုကရက်လက်ဝါးကြီးအုပ် နေရှင်လူတန်းစားတို့ လက်ချင်းယှက်ပြီး လူထုကို တိုက်ရိုက်သွေးစုပ်ဖိနှိပ်တဲ့အပေါ် မကျေမနပ် ခုခံအန်တုတဲ့ နိုင်ငံရေးခံယူချက်လည်း ဖြစ်ပါတယ်။

၁၄ – ၁၂ – ၂၀၁၅

# အမြင့်ဆုံးအာဏာဟာ စစ်အုပ်စုလက်ထဲမှာသာ ရှိနေဆဲ ဖြစ်တယ်

နိုဝင်ဘာ ၁၅ ရက်နေ့တုန်းက သမ္မတဗိုလ်သိန်းစိန်ဟာ နိုင်ငံရေးပါတီ ၈၆ ပါတီမှ ကိုယ်စားလှယ်များနဲ့ တွေ့ဆုံခဲ့ပါတယ်။ အဲဒီမှာ ကြံ့ဖွံ့အစိုးရနဲ့ ဆက်နွယ်မှုရှိတဲ့ ပါတီမှ ကိုယ်စားလှယ်က ထပြီး အာဏာသိမ်းဖို့လိုကြောင်း ပြောကြားတဲ့ သူ့ရဲ့အကြောင်းပြတဲ့အထဲမှာ ဒေါ်အောင်ဆန်းစုကြည်က သမ္မတအထက်က နေမယ်ဆိုတဲ့ ပြောကြားချက်လည်း ပါဝင်ခဲ့ပါတယ်။ ဦးရဲထွန်းနဲ့ ကြံ့ဖွံ့ခေါင်းဆောင်တချို့ကလည်း သမ္မတအထက်မှာ တစုံတယောက်ရှိနေမယ်ဆိုတာ ဥပဒေနဲ့ မကိုက်ညီဘူး။ မဖြစ်နိုင်ဘူးဆိုတဲ့သဘောမျိုး ပြောခဲ့ပါတယ်။ ဒေါ်စုရဲ့ ဒီပြောကြားချက်ကို အစိုးရ။ ကြံ့ဖွံ့နဲ့ စစ်တပ်အသိုင်းအဝိုင်းက မခံချိမခံသာ ဖြစ်နေကြောင်း ထင်ရှားပါတယ်။

အင်တာဗျူးတခုမှာ တရားလွှတ်တော်ရှေ့နေဦးကိုနီကတော့ ဒေါ်အောင်ဆန်းစုကြည် သမ္မတရဲ့အထက်ကနေမယ်ဆိုတာ ဥပဒေအရ မမှားယွင်းဘူးလို့ ပြောပါတယ်။ အထူးသဖြင့် ဗမာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအရ မမှားဘူးလို့ ထောက်ပြပါတယ်။ ဗမာပြည်မှာ ၂၀ဝ၈ အခြေခံဥပဒေအရ သမ္မတလုပ်သူကို ပြည်သူက တိုက်ရိုက်မရွေးချယ်ရပါဘူး။ ပါတီက ကိုယ်စားလှယ်အမတ်တွေနဲ့ ဖွဲ့စည်းထားတဲ့ လွှတ်တော်ကနေ သမ္မတကို ရွေးချယ်ရပါတယ်။ ဒီတော့ သမ္မတလုပ်သူဟာ လွှတ်တော်ကို တာဝန်ခံရတယ်။ လွှတ်တော်ဟာ ပါတီတွေကလွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ဖွဲ့စည်းထားတယ်။ လွှတ်တော်အမတ်နေရာတွေ အများဆုံးရထားတဲ့ ပါတီရဲ့ ထိပ်ဆုံးခေါင်းဆောင်ဟာ ဒီအမတ်တွေအပေါ်မှာ ဩဇာနဲ့ အာဏာရှိနေရမှာ ဖြစ်တယ်။။ ဒီအမတ်တွေအများစု ပါဝင်နေတဲ့ လွှတ်တော်ကို သမ္မတက တာဝန်ခံရတယ်။ တာဝန်ခံရတယ်ဆိုတာမှာ ဒီအမတ် အများစုရဲ့ သဘောထားတွေကို တာဝန်ယူရပါတယ်။ ဒါကြောင့် သမ္မတအထက်ကနေမယ်လို့ ပြောတာဟာ အရှိကိုအရှိအတိုင်း ဖွင့်ပြောလိုက်တာလို့ သူရှင်းပြခဲ့ပါတယ်။

ဒီနေရာမှာ နိုင်ငံရေးသမားတွေ သိမြင်နေကြပေမယ့် ပွင့်ပွင့်လင်းလင်း ထောက်မပြသေးတဲ့ အချက်တချက်ရှိနေပါတယ်။ သမ္မတအထက်မှ အာဏာကိုင်ထားသူ ရှိနေသေးတယ်ဆိုတဲ့အချက်ပါ။ ကြံ့ဖွံ့နဲ့ စစ်အုပ်စု အသိုင်းအဝိုင်းကလည်း သိထားပါတယ်။ သူတို့ကတော့ ပြောမှာမဟုတ်ပါ။

လွှတ်တော်ဥက္ကဋ္ဌဖြစ်ဖြစ် သမ္မတဖြစ်ဖြစ် သူတို့အထက်မှာ သူတို့ထက်အာဏာရှိသူ ရှိနေပါသေးတယ်။ ဦးရွှေမန်းလွှတ်တော်ဥက္ကဋ္ဌပါ။ သူရုပ်ပျက်ဆင်းပျက် ကြံ့ဖွံ့ပါတီဥက္ကဋ္ဌအဖြစ်မှ ဖယ်ရှားခံလိုက်ရတယ်။ သူ့အထက်မှာ သူ့ထက်အာဏာရှိသူ ရှိနေလို့ သူဒါမျိုးအလုပ်ခံရတာပါ။ သူပြန်မလုပ်နိုင်တာ ဒါကြောင့်ပါ။ သမ္မတကလည်း သူက စစ်အုပ်စုရဲ့ နံပါတ်ဝမ်း မဟုတ်ဘူးဆိုရင် ဒီအတိုင်းပဲ။ ၂၀ဝ၈ ဖွဲ့စည်းပုံအရ အမြင့်ဆုံးအာဏာဟာ ကာလုံမှာ ရှိနေပါတယ်။ တိုင်းပြည်မှာ လွှတ်တော်ကို ဖျက်နိုင်၊ အာဏာသိမ်းနိုင်တယ်ဆိုတာ တိုင်းပြည်ရဲ့ နိုင်ငံရေးအာဏာကို ရုတ်ခြည်းပြောင်းလဲစေနိုင်တဲ့ ဝရဇိန်လက်နက်ပါ။ ဒီအာဏာကို ကာလုံက ကိုင်ထားပါတယ်။ ကာလုံဆိုတာ တကယ်က စစ်အုပ်စုရဲ့ ကိုယ်စားလှယ်ဖြစ်သလို တရားဝင် အာဏာလည်း ဖြစ်ပါတယ်။ မဲအများစု (ကာချုပ်ရဲ့မဲအပါ) ဟာ စစ်အုပ်စု လက်ထဲမှာသာ ရှိနေပါတယ်။ စစ်အုပ်စု သဘောမတွေ့ရင် ဘယ်သူဖြစ်ဖြစ် ဘယ်လိုအာဏာ ထိုင်ခုံပေါ်မှာ ထိုင်နေနေ နေ့ခင်းအာဏာရပြီး ညမှာ အာဏာပျောက်သွားနိုင်ပါတယ်။ စစ်

အုပ်စုဝင်အများစုနဲ့ နံပါတ်ဝမ်းက မလိုလားရင် သူတို့ စစ်အုပ်စုဝင် ထိပ်သီးတဦးဟာလည်း အာဏာပျောက်ရုံမက အသက်ပါ ပျောက်သွားနိုင်ပါတယ်။ နအဖ ခေတ်က ရဟတ်ယာဥ်ပျက်ကျတယ်ဆိုပြီး သေဆုံးသွားခဲ့ရတဲ့ အတွင်းရေးမှူး (၂) ဗိုလ်ချုပ်တင်ဦးကိစ္စကိုကြည့်ပါ။

ဒေါ်စုက သမ္မတအထက်မှာ နေမယ်လို့ ပြောဆိုချက်ကို သူတို့က တစုံတရာ ရည်ရွယ်ချက်အတွက် ရမယ်ရှာပြီး ပြောနေကြတာပါ။ အဲဒီပါတီကိုယ်စားလှယ်က အာဏာသိမ်းဖို့လိုတယ်ဆိုပြီး ကိုးကားပြောဆိုတာဟာ ဒီစကားသာမဟုတ်ပါ။ ဖြစ်နေတဲ့ စစ်ပွဲတွေကိုလည်း စစ်ရေးအရ ရန်စစော်ကားမှုလိုလိုပြောပြီး အကြောင်းရှာပြန်ပါတယ်။ တကယ်က သူတို့က စစ်ပွဲတုတွေ ဖန်တီး၊ မမှန်ကန်တဲ့ သတင်းထုတ်ပြန်မှုတွေ အသုံးပြုပြီး ပြည်တွင်းစစ်ကို အရှိန်တိုးမြှင့်နေတာ အထင်အရှားဖြစ်ပါတယ်။ စစ်အာဏာ သိမ်းချင်ရင် တိုင်းပြည်ချောက်ထဲကျမယ့်အရေး ကာကွယ်ဖို့ဆိုပြီး ဘာမှ အဓိပ္ပာယ် မရှိတဲ့ အကြောင်းပြချက်တွေ သုံးကာ အာဏာသိမ်းခဲ့ဖူးတာ သမိုင်းမှာ အထင်အရှားပါ။ စစ်အုပ်စုက လွှတ်တော်ဖျက်ပြီး အာဏာသိမ်းနိုင်တဲ့ အမြင့်ဆုံးအာဏာကို ကိုင်ထားတာကိုး။ ဒါကြောင့်လည်း ရွေးကောက်ပွဲလွန်ကာလကို ပြည်တွင်းပြည်ပက စိုးရိမ်စိတ်တွေ၊ သံသယတွေနဲ့ စောင့်ကြည့်နေကြရတာပါ။

အစိုးရသစ်ဖွဲ့နိုင်ပြီ ဆိုဦးတောင်မှ ဒေါ်စုက သမ္မတအထက်မှာ နေရုံမက ဒါထက်မြင့်တဲ့နေရာ တက်နေနေ၊ ၂၀၀၈ ဖွဲ့စည်းပုံ မဖျက်သိမ်းနိုင်သ၍ ဒေါ်စုအထက်မှာ ကာလုံ ရှိနေမယ်၊ စစ်အုပ်စုရှိနေမယ် ဆိုတာကတော့ အသေအချာပါ။

> ကာလုံဆိုတာ တကယ်က
> စစ်အုပ်စုရဲ့ ကိုယ်စားလှယ်ဖြစ်သလို
> တရားဝင် အာဏာလည်း ဖြစ်ပါတယ်

# ဘယ်လို ပြန်လည်သင့်မြတ်ရေးလဲ

၂၀၁၅ ရွေးကောက်ပွဲအလွန်မှာ ရင်ကြားစေ့ရေး ပြန်လည်သင့်မြတ်ရေးတွေ ကြားလာရပြန်တယ်။ ဗိုလ်–ဖြုတ် ဦး– လုပ်ပြီး ပြောင်းတဲ့ အပြောင်းအလဲ မဟုတ်ဘဲ အတိုက်အခံကို အာဏာ (တစိတ်တပိုင်း) လွှဲပြောင်းပေးရမယ့် အကူးအပြောင်းကာလ ဆိုတော့လည်း မဖြစ်မနေ ပြောရ ဆိုရ လုပ်ရမယ့် ကိစ္စလေးတွေ ပြန်ပေါ်လာတဲ့ သဘော။ အစကတည်းက နှစ်ဖက်လုံး ပြောနေကြတာ 'အမျိုးသား ပြန်လည်သင့်မြတ်ရေး' တဲ့ 'အမျိုးသား ရင်ကြားစေ့ရေး' တဲ့။ အရင်ကတော့ အတိုက်အခံက national reconciliation ဆိုရင် နအဖ စစ်အုပ်စုက national reconsolidation လို့ ပြောတယ်။ အဲသလို မသင့်မြတ်နိုင်တာပါ။

အမျိုးသား ပြန်လည်သင့်မြတ်ရေးလို့တော့ ပြောကြပါရဲ့တကယ်တမ်း သင့်မြတ်ရေး ဆွေးနွေးလုပ်ဆောင်ကြမှာက ဒေါ်စု ဦးဆောင်တဲ့ ဒီချုပ်ပါတီနဲ့စစ်အုပ်စု။ နှစ်အုပ်စု သင့်မြတ်ရေး လုပ်တာက အမျိုးသား ပြန်လည်သင့်မြတ်ရေး မည်သလား။ အရင်က သုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးရေး တောင်းဆိုကြ တင်ပြကြတယ်။ ၂၀၁၀–၂၀၁၅ ဘောင်းဘီဝတ်တပိုင်း–ချွတ်တပိုင်း အစိုးရလက်ထက်မှာတော့ ဆိုင်လိုက်ကြတဲ့ အပွင့်တွေ၊ ခွက်တွေ့ပြီး ဆွေးနွေးလိုက်ကြတဲ့ ဆွေးနွေးပွဲတွေ သောင်းသောင်းညံ့ သောက်သောက်လဲ။ ဒီမိုကရေစီ ဆိုတော့လည်း ကရေစီကြတာပေါ့၊ အပွင့်ဆိုင်မယ်ဆိုတော့လည်း ဆိုင်ကြတာပေါ့၊ အပစ်ရပ်ရေး ဆွေးနွေးမယ်ဆိုတော့လည်း ဆွေးနွေးကြတာပေါ့၊ ရင်ကြားစေ့မယ် ဆိုတော့လည်း စေ့ကြတာပေါ့ ဆိုပြီး ဟန် (သဏ္ဍာန်) သာရှိပြီး အဆံ (အနှစ်သာရ) မရှိ ပျော်ပျော်ပါးပါး လုပ်ကြပါတယ်။ တေ့–ကြ ဆိုင်–ကြ သူတွေတော့ တစုံတရာ အကျိုးဖြစ်ထွန်းပုံရပါတယ်။ လူထုကတော့ ဒုံရင်း။

အမျိုးသား ပြန်လည်သင့်မြတ်ရေးမှာကော ဘယ်သူတွေက ဘယ်သူ့ကို ကိုယ်စားပြုကြမှာလဲ။ စစ်အုပ်စုကတော့ ရှင်းပါတယ် သူတို့လူတစုနဲ့အပေါင်းအပါ စစ်ခရိုနီ ဓနရှင်ကြီးတွေကို ကိုယ်စားပြုပါတယ်။ အတိုက်အခံဘက်က အဖိနှိပ်ခံ ပြည်သူလူထုကို ကိုယ်စားပြုပြီး ပြန်လည်သင့်မြတ်ရေး ဆွေးနွေးလုပ်ဆောင်မှာလား။ ဗမာ အပါအဝင် တိုင်းရင်းသားပြည်သူ တရပ်လုံးက စစ်အာဏာရှင်စနစ် အောက်မှာ သေကြေပျက်စီး ဘဝပျက် အညွန့်တုံး လူလုံးမလုဖြစ်ခဲ့ရတာတွေအတွက် ခေတ်အဆက်ဆက် ဖိနှိပ်အုပ်စိုးခဲ့သူတွေကို ကြေအေးခွင့်လွှတ်လိုက်ပါပြီ၊ သူတို့နဲ့သင့်မြတ်လိုပါပြီလို့ တညီတညွတ်တည်း သဘောထားပေး လိုက်ပြီလား။ ကိုယ်တယောက်တည်း ကိုယ့်ပါတီအဖွဲ့အစည်းတခုတည်းက လွယ်လွယ် ကြေအေးပါတယ် ခွင့်လွှတ်ပါတယ်လို့ လုပ်လို့ရတဲ့ ကိစ္စ မဟုတ်ပါဘူး။ ရွေးကောက်ပွဲ အနိုင်ရအောင် ပြည်သူလူထုက မဲပေးထောက်ခံလိုက်တာဟာ သမိုင်းကြွေးကို လျှော်ခွင့်ပေးလိုက်တာ မဟုတ်ပါဘူး။

'အမျိုးသား ပြန်လည်သင့်မြတ်ရေး' ဆိုတဲ့အတွက် တမျိုးသားလုံး တိုင်းရင်းသား ပြည်သူအားလုံးရဲ့ သွေးကြွေးနဲ့ သက်ဆိုင်တဲ့ အရေးပါ။ 'ပြန်လည်' သင့်မြတ်တယ်ဆိုတဲ့ ဝေါဟာရကလည်း စဉ်းစားစရာပါ။ ဖိနှိပ်အုပ်စိုးသူ စစ်အာဏာရှင်တွေနဲ့ အဖိနှိပ်ခံပြည်သူ သင့်မြတ်ခဲ့ဖူးလို့လား။ အစကတော့ ချစ်ကြည်သူတွေ နောက်မှ မုန်းမာန်ပွားပြီး ရန်သူတွေ ဖြစ်သွားတာကြောင့် အခုအခါ 'ပြန်လည်' သင့်မြတ်ဖို့အရေး ကြိုးစားကြရမှာမျိုးလား။ ဒီချုပ်ပါတီနဲ့ အတိုက်အခံ ခေါင်းဆောင်တွေ၊ အဖွဲ့အစည်းတွေ၊ တိုင်းရင်းသား အတိုက်အခံတွေကရော အရင်က စစ်အုပ်စုနဲ့ စစ်အာဏာရှင်တွေနဲ့ အတူတူ တသွေးတသားတည်း ရှိခဲ့ကြပြီးမှ ရန်ဘက်တွေ ဖြစ်သွားကြတာကြောင့်လား။

ပိုလ်နေဝင်း စစ်အုပ်စုကစလို့ စစ်အုပ်စု အဆက်ဆက်ဟာ သူတို့ကိုယ်ကျိုးစီးပွားအတွက် ပြည်သူလူထုရဲ့အကျိုးစီးပွားကို နင်းချေဖျက်ဆီးပြီး အာဏာနဲ့ခနကို ယှဉ်တွဲ တည်ဆောက်လာခဲ့သူတွေပါ။ ပြည်သူနဲ့ ဘယ်သောအခါကမှ တသားတည်းမရှိခဲ့ တဖက်တည်းမှာ မရပ်ခဲ့သူတွေပါ။ သူတို့အုပ်စိုးသူ အာဏာရှင်ဟောင်း – သစ်တွေနဲ့ ပြည်သူလူထုက 'ပြန်လည်' သင့်မြတ်တာတော့ မဖြစ်နိုင်ပါ။ ဒီတော့ 'ပြေလည်' သင့်မြတ်တာကော ဖြစ်နိုင်မလား။ အတိုက်အခံဆိုသူတွေနဲ့လည်း 'ပြေလည်' သင့်မြတ်တာတော့ ဖြစ်ချင် ဖြစ်ပါလိမ့်မယ်၊ 'ပြန်လည်' သင့်မြတ်ရအောင်တော့ အရင်က တဂိုဏ်းတည်း၊ တအုပ်စုတည်းက လာခဲ့ကြရင်သာပါ။ အတိုက်အခံ ဆိုသူတွေနဲ့စစ်အုပ်စုကြားမှာ ပြေလည်သင့်မြတ်ဖို့က အပေးအယူတော့ လုပ်ကြပါလိမ့်မယ်။

စစ်အာဏာရှင် အဟောင်းအသစ်တွေနဲ့ဆွေးနွေး အပေးအယူ လုပ်ရာမှာ ပြည်သူလူထုရဲ့သွေးကြွေးတွေ သမိုင်းကြွေးတွေ ထည့်ပြီး လုပ်နိုင်သလား လုပ်ခွင့်ရှိသလား၊ ပြည်သူက လုပ်ခွင့်ပြုထားသလား။ ကိုယ့်သဘောနဲ့ကိုယ် ဒီသွေးကြွေးတွေကို လျှော်ပါတယ်၊ လျှော့ပါတယ်၊ ဖော့ပါတယ်လို့ကော လုပ်လို့ရသလား။ လုပ်ရင်တော့ လုပ်တဲ့သူက သမိုင်းတရားခံ ဖြစ်သွားပါလိမ့်မယ်။ ငြိမ်းချမ်းရေး၊ ပြန်လည်သင့်မြတ်ရေးအတွက် တရားမျှတမှုကို စတေးမလား၊ အမှန်တရားကို စတေးမလား၊ သွေးကြွေးကို လျှော်ပစ်ပြီး သမိုင်းထဲက မတရားမှုတွေကို ဖျောက်ဖျက်ပေးရမှာလား။ တဦးတယောက်တည်းနဲ့သာဆိုင်တဲ့ကိစ္စ၊ လူတချို့နဲ့သာ ဆိုင်တဲ့ကိစ္စ မဟုတ်ပါဘူး။ ပြည်သူလူထု တရပ်လုံးနဲ့သက်ဆိုင်တဲ့ အင်မတန် အရေးကြီးတဲ့ သမိုင်းဆိုင်ရာကိစ္စ၊ ရာဇဝင်ကြွေးကိစ္စ၊ ဥပဒေဆိုင်ရာကိစ္စ၊ အမှန်တရားအတွက် တရားမျှတမှုအတွက် တိုင်းပြည်အတွက် အသက်ပေးလှူဒါန်းပျက်ခံသွားသူတွေရဲ့အရေးကိစ္စ ဖြစ်ပါတယ်။

လောကီနိုင်ငံရေးကို ဘာသာရေးရှုထောင့်ကနေ စဉ်းစားဆုံးဖြတ်လို့လည်း မဖြစ်နိုင်ပါ။ ဘဝတွေ အသက်တွေ ပေးဆပ်ပူဇော်သွားသူတွေအတွက် သူတို့နေရာကျန်ရစ်သူတွေရဲ့နေရာက ဝင်ပြီးကိုယ်ချင်းစာ စဉ်းစားသုံးသပ်တာ မဟုတ်ဘဲ လွယ်လွယ်ကြေအေးလိုက်ပါ ခွင့်လွှတ်လိုက်ပါ အတိတ်ကို အတိတ်မှာပဲ ထားရစ်လိုက်ပါလို့ မစာမနာ ဘေးက ဝင်ပြောလို့ မရပါ။ အာဏာရှင်အဟောင်း–အသစ်တွေကကော သူတို့ကျူးလွန်ခဲ့တဲ့ အမှားတွေ၊ ပြစ်မှုကြီးတွေ အတွက် ဝန်ချတောင်းပန်တာ၊ ဝန်ခံတာတွေကော လုပ်မှာလား။ တရားမျှတမှုကို ဘယ်လို ဖော်ဆောင်ကြမှာလဲ အမှန်တရားကို ဘယ်လို ဖော်ထုတ်ကြမှာလဲ။

ကမ္ဘာ့ပဋိပက္ခကြီးတွေမှာတော့ ပြေလည်သင့်မြတ်ရေးလမ်းကို မလျှောက်နိုင်ခဲ့ဘူး၊ လျှောက်ဖို့လည်း မဖြစ်နိုင်တဲ့ ကိစ္စပါ။ ဒုတိယကမ္ဘာစစ် အဆုံးသတ်ဖို့ နာဇီဂျာမဏီ၊ ဖက်ဆစ် အီတလီနဲ့ ဂျပန်တို့ကို အနိုင်တိုက်ခဲ့ကြရတာပါ။ ဖက်ဆစ်တွေနဲ့ ပြေလည်သင့်မြတ်ရေး ကြိုးပမ်းဖို့ မဖြစ်နိုင်ပါ။ ဖက်ဆစ်တွေဘက်က အပေးအယူလုပ်ဖို့ ကြိုးပမ်းတာတွေ ရှိခဲ့ပါတယ်။ မရိုးမသား ကြိုးပမ်းတာကြောင့် မဟာမိတ်တွေ အနိုင်တိုက်ယူရတာပါ။ ယနေ့ကမ္ဘာမှာ အကြမ်းဖက်မှု တိုက်ဖျက်ရေး လုပ်နေကြတယ်။ စစ်အင်အားသုံးပြီး အကြမ်းဖက်သမား ချေမှုန်းရေး လုပ်နေကြတယ်။ ပြေလည်သင့်မြတ်ရေး မလုပ်ကြဘူး။ အကြမ်းဖက်သမားနဲ့ ရင်ကြားစေ့ရေး မကြိုးပမ်းဘူး။ ဘာကြောင့်လဲဆိုတော့ အကျိုးစီးပွားချင်း မတူလို့၊ ဦးတည်ချက်ချင်း မတူလို့၊ မပြေလည်နိုင် မသင့်မြတ်နိုင် ဘယ်နည်းနဲ့မှ ရင်ကြားစေ့ဖို့မဖြစ်နိုင်တဲ့ ရန်ဘက်ပဋိပက္ခတွေ ဖြစ်နေလို့ပါပဲ။ အကြမ်းဖက်မှုတိုက်ဖျက်ရေး ကိစ္စကတော့ နောက်ကွယ်က ရှုပ်ထွေးမှုတွေ ရှိပါတယ်။ ဒုတိယကမ္ဘာစစ် အဆုံးသတ်ဖို့အတွက် ဖက်ဆစ်နဲ့ ရင်ကြားစေ့ရေး မကြိုးပမ်းတာ၊ အပေးအယူ အလျှော့အတင်း မလုပ်ခဲ့တာဟာ ထင်ရှားတဲ့ သမိုင်းဥပမာပါ။ အကျိုးစီးပွားချင်း ဆန့်ကျင်ဖီလာဖြစ်နေတဲ့ ရန်ဘက်ပဋိပက္ခကို ပြေလည်သင့်မြတ်ရေး ရင်ကြားစေ့ရေးနဲ့ ဖြေရှင်းလို့ မရနိုင်တဲ့ သမိုင်းသက်သေပါ။

ရင်ကြားစေ့ကြပြီ၊ ပြေလည်သင့်မြတ်ကြပြီ ဆိုရင်တော့လည်း အကျိုးစီးပွားချင်း ဦးတည်ချက်ချင်း ထပ်တူကျသွားလို့သာ ဖြစ်ပါလိမ့်မယ်။ ပြည်သူလူထုရဲ့ အကျိုးစီးပွားနဲ့ စစ်အာဏာရှင်ဟောင်း – သစ်တွေရဲ့ အကျိုးစီးပွားချင်း ထပ်တူကျနိုင်ပါ့မလား။ ကြွေးဟောင်းတွေကိုရော ဘယ်လိုဆပ်ကြမှာလဲ။ ရာဇဝင်ကြွေးနဲ့ ရာဇဝတ်ကြွေးတွေက လျှော်ပစ်လို့ ရနိုင်သလား အလဲအလှယ် အပေးအယူ လုပ်လို့ရနိုင်သလား။ ဘယ်သူက ဘယ်သူ့ကို ကိုယ်စားပြုပြီး ဘယ်လို ပြေလည် သင့်မြတ်ကြမှာလဲ။ အာဏာရှင်ဟောင်းကြီးကတော့ 'သား ရွှေအိုးထမ်းကိန်း ကြုံပြီ' တဲ့။ 'တိုင်းပြည်အတွက်' ဆိုတဲ့စကားလေးကတော့ ထုံးစံအတိုင်း ရှေ့က ထည့်ပြောတာပဲ။

# စစ်အုပ်စုရဲ့ ချုပ်ကိုင်မှုအောက်က လွတ်မြောက်ဖို့ ကြိုးစားရမယ့် အရပ်သားအစိုးရ

၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ကျင်းပတဲ့ ၂၀၁၅ ရွေးကောက်ပွဲ ကျင်းပပြီးစီးသွားခဲ့ပါပြီ။ နိုင်ငံရေးပါတီပေါင်း မြောက်မြားစွာထဲက အဓိကပြိုင်ဘက်ဖြစ်တဲ့ စစ်အုပ်စုရဲ့ ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီနဲ့ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်တို့ရဲ့ ယှဉ်ပြိုင်ပွဲလည်း ဖြစ်ပါတယ်။ ပြည်သူလူထုက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ရွေးချယ်ကြောင်း ပြတ်ပြတ်သားသား ဖော်ပြလိုက်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က တိုင်းပြည်နဲ့ ပြည်သူလူထုတွေရဲ့ ဘဝချမ်းသာကြွယ်ဝပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနိုင်လိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ ပုံအောပြီးမဲ ပေးခဲ့ကြခြင်း ဖြစ်မယ်ဆိုတာ မြင်သာပါတယ်။ ဒါပေမဲ့ ရွေးကောက်ပွဲနိုင်တဲ့ ဒီချုပ်က အရပ်သားအစိုးရဖွဲ့ပြီး တိုင်းပြည်ကို စီမံအုပ်ချုပ်ခွင့်ရရုံနဲ့ ပြည်သူလူထုတွေရဲ့ ဆန္ဒကို ဖြည့်စွမ်းနိုင်လောက်အောင် မလွယ်လှတာ တည်ရှိနေတဲ့ အခြေအနေတွေက ပြသနေတယ်လို့ ဆိုနိုင်မယ်ထင်ပါတယ်။

အဓိကကတော့ ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေက တားဆီးကန့်သတ်ထားတာ ဖြစ်ပါတယ်။ ဒီဖွဲ့စည်းအုပ်ချုပ်ပုံကို စစ်အုပ်စုက အမျိုးသားနိုင်ငံရေးမှာ တပ်မတော်က ဦးဆောင်မှုအခန်းက ပါဝင်မှုရရှိအောင် အသေအချာ ရေးဆွဲပြဋ္ဌာန်းထားတာ ဖြစ်ပါတယ်။ ဒါကြောင့် တပ်မတော်နဲ့ ကာကွယ်ရေးဦးစီးချုပ်တို့ကို အခွင့်အရေးတွေ အများကြီးပေးထားတာ တွေ့နိုင်ပါတယ်။ ဒါကြောင့် စစ်တပ်က လွှတ်တော်ကိုယ်စားလှယ် ၂၅% ယူထားတာ၊ ဒီ ၂၅% သော ကိုယ်စားလှယ်များကပဲ ဒုသမ္မတတစ်ဦး ရွေးချယ်ခွင့်ယူထားတာ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အရေးကြီးဝန်ကြီးဌာန သုံးခုမှာ ဝန်ကြီးခန့်အပ်ခွင့် ယူတာ၊ သမ္မတရဲ့အထက်မှာရှိတဲ့ အမျိုးသားနဲ့ လုံခြုံရေးကောင်စီမှာ (၁၁) ယောက် ရှိတဲ့အထဲ စစ်တပ်ဘက်က (၆) ယောက် ယူထားတာ၊ ဖွဲ့စည်းအုပ်ချုပ်ပုံပြင်ခွင့်ကို ပုဒ်မ ၄၃၆ နဲ့ စစ်တပ်ကိုယ်စားလှယ်ဘက်က သဘောမတူရင် ပြင်မရအောင် ချုပ်ကိုင်ထားတာ၊ နောင်မှာ လူထုဆန္ဒပြပွဲကြီးတွေ ဖြစ်လာလို့ စစ်အုပ်စုအုပ်စိုးမှုကို ခြိမ်းခြောက်လာရင် စစ်တပ်က မျက်နှာပျက်ခံပြီး အာဏာထွက်သိမ်းစရာ မလိုအောင် သမ္မတက တိုင်းပြည်တည်ငြိမ်အောင် ထိန်းသိမ်းပေးဖို့ ကာကွယ်ရေးဦးစီးချုပ်ကို တရားဝင်အာဏာလွှဲအပ်ပေးဖို့ပါ ထည့်သွင်းရေးဆွဲထားခဲ့တာ ဖြစ်ပါတယ်။

ဗမာပြည်ရဲ့ လက်ရှိအခြေအနေက မဆလ ခေတ်၊ နဝတ၊ နအဖ ခေတ်က တည်ရှိခဲ့တဲ့ နိုင်ငံရေးပြဿနာများ အရင်ကလို ဆက်လက်တည်ရှိနေတာ ဖြစ်ပါတယ်။ ဒီမိုကရေစီရေးနဲ့ အမျိုးသားအခွင့်အရေးအတွက် တောင်းဆိုတိုက်ပွဲဝင်မှုများ ဖြစ်နေဆဲ ဖြစ်ပါတယ်။ ဒီလို ဖြစ်နေတာတွေရဲ့ အဓိပ္ပာယ်က ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနဲ့ ဖြေရှင်းပေးမှုအရ ပေါ်ထွက်လာတဲ့ ရလဒ်များကို ပြည်သူလူထုက လက်မခံနိုင်ဘူး ဆိုတာပါပဲ။ ဒီအခြေအနေကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကလည်း သဘောပေါက်ပြီး အလေးထားတယ်ဆိုတာကို သူတို့ရဲ့ ရွေးကောက်ပွဲ ကြေညာစာတမ်းထဲမှာ ၂၀၀၈အခြေခံဥပဒေပြင်ဆင်ရေးကို လုပ်မယ်လို့ ထည့်သွင်းထားတာကို ကြည့်ခြင်းအားဖြင့် သိသာပါတယ်။

ဒီတခေါက် ရွေးကောက်ပွဲမှာ ပြည်သူလူထုက ဒီချုပ်ကို မဲပုံအောပေးလိုက်တာရဲ့ အဓိပ္ပာယ်ဟာ စစ်အုပ်စု ရေးဆွဲထားတဲ့ ၂၀၀၈ အခြေခံဥပဒေကို ပယ်ဖျက်ပြီး အခြေခံဥပဒေအသစ် ရေးဆွဲပြဋ္ဌာန်းပိုင်ခွင့်ပါ ပေးအပ်လိုက်တာလို့ ယူဆရင် ရနိုင်ပေမယ့် အနိုင်ရပါတီမှာ ၂၀၀၈ အခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ဖို့ တာဝန်ယူထားတဲ့ တပ်မတော်ကို ချုပ်ကိုင်ထိန်းချုပ်ထားနိုင်လောက်အောင် တောင့်တင်းတဲ့ အင်အား

စည်းရုံးစုဖွဲ့မှု မရှိသေးပါဘူး။ အစိုးရဖြစ်လာမယ့် ဒီချုပ်ရဲ့ အရပ်သားအစိုးရဟာ သူ့ရဲ့ သက်တမ်းကာလအတွင်းမှာ ဒီအင်အားရှိလာအောင် တည်ဆောက်နိုင်မှသာ သူတို့ရဲ့ ကြေညာစာတမ်းကို လက်တွေ့ အကောင်အထည်ဖော်နိုင်မှာ ဖြစ်ပါတယ်။ လူထုကြီးမှာလည်း လိုချင်တဲ့ဆန္ဒကို မဲပေးပြီး ဖော်ပြလိုက်တဲ့တာဝန် ပြီးသွားပေမယ့် ဒီဆန္ဒ တကယ်အကောင်အထည် ပေါ်လာဖို့ ဆက်လက် တိုက်ပွဲဝင်ရာမှာပါ မဲဆန္ဒပေးခဲ့ကြသလို အင်တိုက်အားတိုက် ပါဝင်သွားဖို့ ကျန်သေးတယ်ဆိုတာကို သတိရှိနေလိမ့်မယ်လို့ ယူဆမိပါတယ်။

စစ်အုပ်စုရဲ့ ၂၀၀၈ အခြေခံဥပဒေနဲ့ ဗမာပြည်ရဲ့ နိုင်ငံရေးကို ထာဝရချုပ်ကိုင်ချယ်လှယ်ခွင့် ရယူထားမှုကို ဆက်လက်တိုက်ပွဲ မဝင်ဘဲ သူတို့ခွင့်ပြုတဲ့ ဘောင်အတွင်းမှာသာ အရပ်သားအစိုးရအဖြစ်နဲ့ ရပ်တည်နေပါက စစ်အုပ်စုအကျိုးကို ပံ့ပိုးပေးရာသာ ရောက်နေမှာ ဖြစ်ပါတယ်။ ဒါကြောင့် စစ်အုပ်စုဟာ ဒီတခေါက် ရွေးကောက်ပွဲမှာ ရှုံးနိမ့်မှုဟာ သူတို့ရဲ့ အခြေခံအကျိုးစီးပွားကို ခြိမ်းခြောက်ခံရတဲ့ထိ မရောက်လို့ အာဏာလွှဲအပ်ရေးကို ဆက်လက်လုပ်ဆောင်ပေးနေတာ ဖြစ်ပါတယ်။ အရပ်သား အစိုးရတစ်ရပ်ကို စစ်အုပ်စုရေးဆွဲထားတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ အောက်မှာ စမ်းသပ်အကောင်အထည် ဖော်ခိုင်းတဲ့ သဘောလည်း သက်ရောက်ပါတယ်။ အရပ်သားအစိုးရရဲ့ ရုန်းကန်တိုက်ပွဲဝင်မှုနဲ့ သူတို့ရဲ့ အခြေခံဥပဒေနဲ့ ပြဋ္ဌာန်းထိန်းချုပ်နိုင်စွမ်းကို စမ်းသပ်ကြည့်ခွင့်ရတဲ့ သဘောလည်း သက်ရောက်ပါတယ်။ ၂၀၁၅ ရွေးကောက်ပွဲအရ ပေါ်ထွက်လာတဲ့ အရပ်သားအစိုးရဟာ တိုက်ပွဲခွင်သစ်ကို တက်လှမ်းခဲ့ပြီ ဖြစ်ပါတယ်။ တိုက်နိုင်စွမ်းရှိသမျှ အောင်ပွဲရယူနိုင်မှာ ဖြစ်ပါတယ်။

**လူထုကြီးမှာလည်း လိုချင်တဲ့ဆန္ဒကို မဲပေးပြီး ဖော်ပြလိုက်တဲ့တာဝန် ပြီးသွားပေမယ့် ဒီဆန္ဒ တကယ်အကောင်အထည် ပေါ်လာဖို့ ဆက်လက်တိုက်ပွဲဝင်ရာမှာ**

# လောဘကို

# အတောမသတ်နိုင်တဲ့စစ်အုပ်စု

မကြာမီ ထွက်တော်မူနန်းကခွါရတော့မည့် လွှတ်တော်ကြီးမှ စည်စည်ညံညံအသံများကို တလောလေးက ကြားလိုက်ရသည်။ သက်တမ်းကုန် လွှတ်တော် အမတ်မင်းများ အတွက် နိုင်ငံရေးပင်စင်တဲ့။ ဒါမျိုးကျတော့ ပူညံပူညံ ကန့်ကွက်သံ မကြားလိုက်ရဘဲ အတည်ဖြစ်သွားခဲ့သည်။ နောက်ဆုံးရရှိခဲ့သော လစာကို တာဝန်ထမ်းဆောင်ခဲ့သောနှစ်အလိုက် ပေးရန်ဟုဆိုသည်။ ဆိုလိုသည်မှာ သက်တမ်းပြည့် တာဝန်ထမ်းဆောင်ခဲ့သော အမတ်မင်းများက သိန်း ၅၀ ကို တလုံးတခဲတည်းသော ချီးမြှင့်ငွေအဖြစ်ယူစေ၊ ကြားဖြတ်မှ ဝင်လာသော အမတ်မင်းများက သိန်း ၃၀ ယူစေဟူ၍ ဖြစ်သည်။ ကြံ့ဖွံ့မှ အမတ်မင်းတဦးနှင့် ဒီချုပ်အမတ်များကသာ မလုပ်သင့်ပါကြောင်းကန့် ကွက်ခဲ့ကြသည်။ တော်ပါသေးသည်။ နောက်ဆက်တွဲ လစဉ်ပင်စင် ပါမလာလို့ ဖြစ်သည်။ ဒါတောင် တနိုင်ငံလုံးရှိ တိုင်းနှင့်ပြည်နယ် လွှတ်တော် အမတ်များနှင့် ဗဟိုနှင့်တိုင်း ပြည်နယ် အစိုးရ ဝန်ကြီးဝန်ကလေးတို့ အကုန်ပေါင်းလျှင် ငွေက နည်းလိမ့်မည် မဟုတ်ပေ။

ထို့ကြောင့် အချို့နိုင်ငံများတွင် အမတ်မင်း လစာတိုးတောင်းတာမျိုးကဲ့သို့သော အဆိုများကို နောက်သက်တမ်းရောက်မှ အာဏာတည်စေရန် သတ်မှတ်ထားရှိကြသည်။ ဆိုလိုသည်မှာ ကိုယ့်အတွက် ကိုယ်မတောင်းနှင့် နောက်လူအတွက်သာ တောင်း၊ မိမိလည်း နောက်သက်တမ်းတွင် ထပ်မံအရွေးခံရမှ ခံစားခွင့်ရှိမည်ဟူ၍ အမတ်မင်းတို့ သိက္ခာရှိစေရန် ပြဋ္ဌာန်းသတ်မှတ်ထားကြသည်။ ယခု မြန်မာနိုင်ငံတွင်တော့ ဦးသန်းရွှေက သူ့အာဏာမစွန့်မီ နောက်ဆုံးပြဋ္ဌာန်းခဲ့သည့် ဥပဒေများတွင် သူ့အတွက်သူ သတ်မှတ်ချင်သလောက် သတ်မှတ်ခဲ့သည့် ခံစားခွင့်နှင့် အဆောင်အယောင်များ ပါသည်။ တလ သိန်း ၁၀၀၊ မာလီ၊ ထမင်းချက်၊ အိမ်တော်စောင့်၊ လုံခြုံရေး အခြံအရံ၊ ယာဉ်နှင့် စက်သုံးဆီ ဟာကွက်မရှိအောင် ပြင်ဆင်သွားခဲ့သည်။

ဒီဇာတ်လမ်းကို စခဲ့သည်မှာ သွားလေသူ စစ်အုပ်စုထိပ်သီးကြီး ဦးနေဝင်းလက်ထက်က ဖြစ်သည်။ တတိယအကြိမ်ပါတီညီလာခံအတွင်း ဖြုတ်ထုတ်ထောင်ထဲပို့ သိက္ခာချဇာတ်လမ်းများအပြီးတွင် ကျန်နေသူများကို ချွေးသိပ်သည့် အနေဖြင့်လည်းကောင်း၊ လာဘ်ထိုးသည့်အနေဖြင့်လည်းကောင်း အဆိုပါဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ သို့သော် ထိုဥပဒေတွင်ပင် လွှတ်တော်သက်တမ်းပြည့် တာဝန်ထမ်းဆောင်မှုဟု စည်းကမ်းချက် ပါရှိသည်။ လွှတ်တော်ကို သက်တမ်းမကုန်မီ ဖျက်သိမ်းခဲ့ရလျှင်သော်လည်းကောင်း၊ လွှတ်တော်သက်တမ်းပြည့် တာဝန်မထမ်းဆောင်ခဲ့သည့် အမတ်မင်းများသော်လည်းကောင်း ရခွင့်မရှိ။ တနည်းအားဖြင့် တပည့်များကို မင်းတို့ငြိမ်ငြိမ်နေ ငါ့ကိုမဲနဲ့ ဖြုတ်ချဖို့ မကြိုးစားနဲ့၊ လွှတ်တော်ဖျက်လိုက်ရင် မင်းတို့အားလုံး ခွက်ပျောက်သွားမည်ဟု အပိုင်ချည်ထားခြင်းလည်း ဖြစ်နိုင်သည်။ ဟိုတုန်းကလည်း ယခုလိုပင် လွှတ်တော်နှင့် ဗဟိုမှ ရပ်ကျေးအဆင့်ထိ အဆင့်ဆင့်သော ပြည်သူ့ကောင်စီများကို လစဉ်ပင်စင် ပေးခဲ့ရသည်။ နိုင်ငံတော်ဘဏ္ဍာမှပင်ဖြစ်သည်။ လွှတ်တော်သက်တမ်း သတ်မှတ်ရာတွင် ၁၉၇၄ ဥပဒေ၏ ကတ်သီးကတ်သတ်နိုင်သော ပြဋ္ဌာန်းချက်များကြောင့် အချို့သော ပြည်သူ့ကောင်စီများမှာ အလိုအလျောက် သက်တမ်းမပြည့် ဖြစ်ခဲ့ရသည်။ ပြည်သူ့ကောင်စီ အဆင့်ဆင့်၏ သက်တမ်းနှင့် လွှတ်တော်၏သက်တမ်းကို အတူတူထားရှိပြီး သက်တမ်းစသည့် နေ့ရက်ကို ပထမဆုံးအစည်းအဝေး စတင်သည့်နေ့မှ စတင်သည်ဟု ပြဋ္ဌာန်းထားခဲ့ခြင်းကြောင့် ထိုသို့ ဖြစ်ခဲ့ရခြင်း ဖြစ်သည်။ ဒါကိုပင် ခေတ်သစ် ဖောင်းကားစားမောင်မောင်က တိုင်းပြည်နှင့်လူထုသို့ နတ်သံနှော၍ မိန့်ခွန်းပြောကြားခဲ့ရာတွင် မဆလ ပါတီသည် တိုင်းပြည်အပေါ် အလွန်စေတနာထားသောကြောင့်သာ လွှတ်တော်သက်တမ်းကို လျှော့

ချ၍သာရပြီး တိုး၍မရအောင် ပြုလုပ်ထားခဲ့ပါသည်ဟု သူတို့အခြေခံဥပဒေကို အမွှမ်းတင်ခဲ့သေးသည်။ မည်သို့ပင်ဖြစ်စေ အဆိုပါ နိုင်ငံရေးပင်စင်ဥပဒေမှာ ပုဒ်မအနည်းဆုံးနှင့် ပြဿနာအများဆုံးဟူ၍ မဆလ အသိုင်းအဝိုင်းနှင့် ဥပဒေလောကတွင် နာမည်ကြီးခဲ့သည်။ ဥက္ကဋ္ဌကြီးကမူ ဥပဒေပြဋ္ဌာန်းရသည့် ရည်ရွယ်ချက်ကို ပြောင်ပြောင်ပဲ ပြောသည်။ မဆလ ပါတီဝင်များ နောက်ဆံမတင်းရဘဲ နောင်ရေးပူစရာမလိုဘဲ အဂတိကင်းကင်းနှင့် တာဝန်များထမ်းရွက်နိုင်စေရန်ဟု ဆိုသည်။ ယခုတိုင် ထိုပင်စင်များ ပေးနေရဆဲဖြစ်သလား ဆိုသည်ကိုမူ မသိပါ။

မဆလ ပါတီထဲမှ တပည့်လက်သားများကို ထိုသို့ လာဘ်ထိုးချွေးသိပ်ပြီးသည့်အခါ သူ့အာဏာ သိမ်းခဲ့သည့် ဖဆပလ၊ ပထစ ၊ ပမညတ စသည့် နိုင်ငံရေးသမားဟောင်းကြီးများကို လာဘ်ထိုးဖို့ လုပ်ပြန်သည်။ ယင်းမှာ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ တံဆိပ် ဖြစ်သည်။ ပထမအဆင့်နှင့် ဒုတိယအဆင့်ဟူ၍ ခွဲခြားထားပြီး အသက်ရှင်လျက်ကျန်သူကိုသာ ပေးသည်။ ထို့ကြောင့် မကြေညာမီ တရက်အလိုအထိ စစ်ထောက်လှမ်းရေးက ချီးမြှင့်ခံရမည့် နိုင်ငံရေးသမားကြီးများ ရှိရာ သွား၍ အသက်ရှင်လျက်ရှိမရှိ အတည်ပြုပေးခဲ့ရသည်။ ယင်းတွင် လစဉ်ချီးမြှင့်ငွေသာမက ယခုကဲ့သို့ တလုံးတခဲတည်းသော ချီးမြှင့်ငွေဆိုတာလည်း ပါသည်။ ပထမအဆင့်က သုံးသောင်းကျပ်နှင့် ဒုတိယအဆင့်က တသောင်းခွဲဟု ထင်ပါသည်။ လစဉ်ချီးမြှင့်ငွေက ပထမအဆင့် ကျပ် ၆၀၀ နှင့် ဒုတိယအဆင့် ကျပ် ၃၀၀ ဟု မှတ်မိပါသည်။ ထိုငွေများထက် လူအများ မက်သည်က ထိုဘွဲ့တံဆိပ်နှင့် တွဲလျက်ပါလာသည့် ပဒုမ္မာကတ်ပြားဖြစ်သည်။ စက်မှုဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော ပဒုမ္မာပြခန်းတွင် ပစ္စည်းဝယ်ယူခွင့်ရသည့် အထူးအခွင့်အရေး ဖြစ်သည်။ ယခင်က မဆလ ထိပ်သီးများနှင့် ဝန်ကြီးဝန်ကလေးများသာရသော အထူးအခွင့်အရေး ဖြစ်သည်။ ထိုပြခန်းတွင် တရပ်ကွက်လုံးအတွက် ၄–၅ လုံးသာ ပါတတ်သော ဓာတ်ဘူးကဲ့သို့ ပစ္စည်းမျိုးကို လစဉ် ဝယ်ယူနိုင်သည်။ ပက်ပက်စက်စက်မြတ်သည့် ဒူးယားနှင့် လူရည်ချွန်နို့မှုန့်လို ပစ္စည်းမျိုးလည်း လစဉ်ဝယ်၍ ရသည်။ မီးဖိုချောင်ပစ္စည်းများဖြစ်သည့် ဆန်၊ ဆီ၊ ဆား သာမက နန္ဒင်းမှုန့်လို ပစ္စည်းအထိ အလကားနီးနီးဈေးဖြင့် ဝယ်လို့ရသည်။ အချို့က အပင်ပန်းခံပြီး သွား၍ပင် မထုတ်၊ မှောင်ခိုသမားကိုကတ်ပြား အပ်ထားလိုက်ပြီး လစဉ်အမြတ်ပဲ ယူသည်။ အရင်းပင် စိုက်ရန်မလို။ ဤနည်းဖြင့် မဆလ နှင့် ဝန်ကြီးဝန်ကလေးများ ပြည်တော်သာခဲ့ကြသည်။ လူထုကို မှောင်ခိုအားပေး မလုပ်ဖို့၊ ခြိုးခြံချွေတာကြဖို့၊ ငါးကြင်းသားချည်း ဝယ်မစားဖို့၊ ဆီလျှော့သုံးဖို့ ရေဒီယိုမှ တနိုင်ငံလုံးသို့ ဩဝါဒချွေနိုင်ခဲ့သည်။ နောင်အခါ ကုန်သွယ်ရေးဝန်ကြီးဌာနမှလည်း အားကျမခံ မေတ္တာမွန်ပြခန်းဟူ၍ ထပ်ဖွင့်ပြန်ရာ နှစ်ထပ်ကွမ်း စိုပြေခဲ့ကြသည်။ ဒါတောင် ဥက္ကဋ္ဌကြီးက ဆုလက်ခံယူရသည့် နိုင်ငံရေးသမားကြီးများကို ငိုရအခက် ရယ်ရအခက်ဖြစ်အောင် တခွန်းတော့ ပြောခဲ့သေးသည်။ ထိုတလုံးတခဲတည်း ချီးမြှင့်ငွေများကို ပေးရာတွင် ယိုးဒယားသွား မှောင်ခိုစက်လှေတစင်းကို ဖမ်းမိတာနဲ့ပင် ပေးလို့ရခဲ့ပါသည်တဲ့။

ခေတ်သာ ပြောင်းသွားသည်။ စစ်အုပ်စု၏ အကျင့်က မပျောက်။ တိုင်းပြည်ဘဏ္ဍာကို ရသည့်နည်းနှင့်ကဲ့ယူ ခိုးဝှက်ရာတွင် အရှက်နည်းနည်းမှ မရှိ။ နောက်လူကပို၍ပင် လက်သံပြောင်သေးသည်။ အမတ်မင်းများ၏ပိုင်ဆိုင်မှု ကြေညာပါဟူသော အဆိုကို တခဲနက်ပယ်ချသည်။ ဝတ်လဲတော်ပိုးပုဆိုးဖိုးအတွက်မူ ဥပဒေပြဋ္ဌာန်း၍ပင် ယူလိုက်သေးသည်။ ယခု သမ္မတကြီးနှင့် အမတ်မင်းများက ချိတ်ထဘီဖိုး မတောင်းသည့်အတွက်ပင် ကျေးဇူးတင်ရပါသေးသည်။

နောက်ဆုံး ထွက်လာသည်က သမ္မတအတွက် ကိုယ်ရံတော်နှင့် ကိုယ်ရံတော် တပ်ဖွဲ့တဲ့။ လစာ၊ ဓာတ်ဆီဖိုး၊ လက်နက်နှင့် ခဲယမ်းမီးကျောက်များပေါင်းလျှင် သူ့စရိတ်ကလည်း နည်းမည်မထင်။ ပိုဆိုးသည်က သူတာဝန် ထမ်းဆောင်ခဲ့သည့်သက်တမ်းအတွင်း ပြုလုပ်ခဲ့မှုများအပေါ် ရာဇဝတ်ကြောင်းအရလည်းကောင်း တရားမကြောင်းအရလည်းကောင်း တရားစွဲခွင့် မရှိစေရတဲ့။ အခြေခံဥပဒေပါ အလားတူပြဋ္ဌာန်းချက်မျိုး ရှိနေတာပင် မတင်းတိမ်နိုင်။ ကိုယ့်ဘက်ကိုယ်ယက်တာကျတော့ အကွက်စေ့လှသည်။

တိုင်းပြည်က အခွံချည်းကျန်တော့သည်အထိ ခိုးဆိုးလုယက်ထားပြီးဖြစ်တာတောင် မကျေနပ်နိုင်သေး။ ဆွေခုနစ်ဆက် မျိုးခုနစ်ဆက်စားမကုန်အောင်စု မိဆောင်းမိဖြစ်နေတာတောင် လောဘက မသတ်နိုင်သေး။ ရသမျှတော့ ယူဦးမည် ဆိုသည့် ငို့ဘသမားများကို အောချ၍သာ နေရပါသည်။

# စစ်ခရိုနီ ကိုရီးယားမိုဒယ်

ကိုရီးယားစစ်ပွဲ (၁၉၅၀ – ၅၃) ဖြစ်နေစဉ်က ဖဆပလ အစိုးရက 'ပြည်တော်သာစီမံကိန်း' ဆိုတာကို အမေရိကန်အကူအညီနဲ့ ရေးဆွဲအကောင်အထည် ဖော်ခဲ့တယ်။ စစ်ကြောင့် ကမ္ဘာ့ဈေးကွက်မှာ ဆန်ဈေးတက်နေတာမို့ မြန်မာ့ဆန် ဈေးကောင်းရနေချိန်ဖြစ်တယ်။ ကိုရီးယားစစ်နဲ့ တချိန်တည်း ကူမင်တန်ကျူးကျော်မှု ပေါ်လာတော့ အမေရိကန်ပြိုင်ပြင်မှာစိုးလို့ ဖုံးဖိထားတယ်။

ကိုရီးယားစစ်ပွဲဟာ စစ်အေးခေတ်ရဲ့ အမေရိကန် ပါဝင်ပတ်သက်တဲ့ ဗွေဆော်ဦးအကြီးအကျယ်ဆုံး စစ်ပွဲတပွဲပါ။ ဆူပါပါဝါအဖြစ် တက်လှမ်းလာတဲ့ အမေရိကန်က အနုမြူဗုံးတောင် သုံးမယ်တကဲကဲ လုပ်နေတာပါ။ ကိုလိုနီဘဝက ရုန်းထွက်စ မဖွံ့ဖြိုးသေးတဲ့နိုင်ငံများမှာ နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှု ကမ္ဘာ့ငြိမ်းချမ်းရေး လှုပ်ရှားမှုတို့ အလွန်အားကောင်းပါတယ်။ ဗမာပြည်သူလူထု အတွင်းမှာလည်း အားကောင်းပါ တယ်။ ဒါ့ကြောင့် ဖဆပလ အစိုးရက မလွှဲသာဘဲ ကူမင်တန် အရေးအခင်းကို ကုလသမဂ္ဂသို့ တင်ပြဖြေရှင်းရတယ်။ ဗမာ့တပ် မတော်ကလည်း ဗိုလ်ကျော်ဇောဦးဆောင်ပြီး ကူမင်တန်ကို တိုက်တယ်။ ကိုရီးယား စစ်အပေါ်ထားတဲ့ ဖဆပလ အစိုးရရဲ့ ခြံစည်းရိုးခွထိုင် ကြားနေရေး (ထိုစဉ်က ဘက်မလိုက် Non - aligned လို့ မသုံးသေးဘူး၊ Neutral ကြားနေလို့ပဲ သုံးသေးတယ်) နိုင်ငံခြားရေး ပေါ်လစီကို မကျေနပ်လို့ ဆိုရှယ်လစ်ပါတီ ကွဲပြီး ဆိုရှယ် နီက အတိုက်အခံအဖြစ် ခွဲထွက်သွားတယ်။

ကိုရီးယားစစ်ဟာ လွတ်လပ်စ ဗမာပြည် နိုင်ငံခြားရေး ပေါ်လစီအတွက် အကဲဆတ်ပါတယ်။ တရုတ်ပြည်နဲ့ နယ်နိမိတ်ချင်း (၂၂၈၂ ကီလိုမီတာ သို့မဟုတ် ၁၃၆၂ မိုင်) ဆက်စပ်နေတဲ့ ဗမာပြည်ဟာ တောင်ကိုရီးယားလို အမေရိကန် (ကူမင်တန်) ခြေကုတ်စခန်း ဖြစ်ဖို့မလွယ်ပါဘူး။ အဲဒီလိုဖြစ်ခဲ့ရင်လည်း (စဉ်းစားကြည့်တာ သက်သက်ပါ) ကိုရီးယား ဗီယက်နမ်တို့လို နှစ်ပိုင်းကွဲသွားနိုင်တယ်။

ကိုရီးယားစစ်ပွဲပြီးဆုံး ကမ္ဘာ့ဆန်ဈေး ပြန်ကျလာတော့ ပြည်တော်သာလည်း ရေစုန်မျောသွားပါတော့တယ်။

ဘန်ဒေါင်းကွန်ဖရင့်မှာ (၁၉၅၅ ပြီ) ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး ၅ ချက်နှင့်အတူ ကိုလိုနီဘဝက လွတ်မြောက်ကာစ မဖွံ့ဖြိုးသေးတဲ့နိုင်ငံများရဲ့ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကြီး ပေါ်ပေါက်လာတော့ ချူအင်လိုင်းနှင့်နေရူးရဲ့ နှစ်ဖက်ညှပ်စည်းရုံးမှုအောက်မှာ ဦးနုဟာ ဆူကာနို သီဟာနု တို့နဲ့အတူ ဘက်မလိုက်အဖွဲ့ကြီးရဲ့ ကမကထပြုသူတဦး ဖြစ်လာတယ်။ ဒါဟာ ကောင်းတဲ့ကိစ္စပါ။ တရုတ် – ဗမာ ခေါင်းဆောင်များကြား အမြော်အမြင်ရှိခဲ့လို့ တရုတ် – ဗမာ နယ်နိမိတ်စာချုပ်လည်း သတ်မှတ်အတည်ပြုနိုင်ခဲ့တယ်။

ဖဆပလ – ပထစ အစိုးရ လက်ထက် ပါလီမန်ခေတ်ဗမာပြည်ဟာ ဈေးကွက်စီးပွားရေးနှင့်အတူ အထိုက်အလျောက် တိုးတက်ပါတယ်။ ထိုစဉ်က 'အာရှကျား' တွေ မပေါ်သေးဘူး။ ဗိုလ်အောင်ကြီးရဲ့ စစ်တပ်ဦးပိုင်ကော်ပိုရေးရှင်းတွေဖြစ်တဲ့ DSI တို့ BEDC တို့က ကိုရီးယားချေဘိုးလ် Chaebol (မိသားစုပိုင် စီးပွားရေးအုပ်စုကြီးတွေ) ထက်စောပါတယ်။ အလတ်စားနဲ့ အသေးစား စက်မှုနဲ့ကုန်သွယ်လုပ်ငန်း လုပ်လာတဲ့ အမျိုးသားခနရှင်များလည်း အစို့အညှောက်ပေါက် ရှင်သန်စပြုလာတယ်။ သတင်းစာလွတ်လပ်ခွင့်လည်းရှိပြီး ပညာရေး အဆင့်အတန်းလည်း မနိမ့်ပါဘူး။

ပြည်တွင်းစစ်ရပ်စဲ ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်၊ မြေယာနဲ့ စက်မှုတော်လှန်ရေးလုပ်၊ အမှီခိုကင်းတဲ့ အမျိုးသားစီးပွားရေးပေါ်လစီနဲ့ နိုင်ငံခြားရေးပေါ်လစီကို အမြော်အမြင်ရှိရှိ ချမှတ်ကျင့်သုံးနိုင်ခဲ့ရင် ဗမာပြည်ဟာ ခနရှင်ဘူဇွာတော်လှန်ရေးကို မဖြတ်သန်းခဲ့ပေမယ့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနဲ့အတူ 'ကျား'ဖြစ်နေတာ ကြာပါပြီ။ ဒါပေမဲ့ ဒီလိုမဖြစ်ခဲ့ပါဘူး။

လွတ်လပ်ရေးနဲ့အတူ အာဏာရလာတဲ့လူတန်းစားဟာ ဗျူရိုကရက်ခနရှင်တွေပါ။ စစ်တပ်က အာဏာသိမ်းတော့ စစ်

ဗျူရိုကရက်ခေါင်းဆောင်တွေ ဖြစ်လာတယ်။ အာဏာနဲ့ အခွင့်ထူးခံ ကိုယ်ကျိုးရှာ တပည့်မွေး ဆရာမွေး ကြီးပွားချမ်းသာကြသူတွေပါ။ အာဏာမဲ့သွားရင် ဘဝပျက်သွားတာပဲ။ သူတို့ချင်းလည်း အဝေမတည့်ကြပါဘူး။ ဂိုဏ်းအုပ်စုတွေ ပေါ်ပါတယ်။ အကွဲအပြဲဆိုတာ အတောမသတ်ပါဘူး။ အာဏာမြဲဖို့ နယ်ချဲ့သမားကို ကပ်ရပါတယ်။ ကွန်မြူနစ်ဆန့်ကျင်ရေး လုပ်ရပါတယ်။ တောင်ကိုရီးယား၊ တောင်ဗီယက်နမ်၊ ထိုင်း၊ စင်ကာပူ၊ ဟောင်ကောင်၊ ထိုင်ဝမ်တို့လို ပလူးပလဲလည်း မလုပ်ရဲပါဘူး။ ဗမာပြည်သူတွေက ခွင့်မပြုဘူး။ တရုတ်၊ အိန္ဒိယလို နိုင်ငံကြီးများကြား ညပ်နေလို့လည်း ဖြစ်တယ်။ ဒါ့ကြောင့် ခွတုတ်ပေါ်လစီပဲ လုပ်ရဲတယ်။ ကွန်မြူနစ်ဝါဒကို မဆန့်ကျင်ဘူး ဗမာကွန်မြူနစ်ကိုပဲ ဆန့်ကျင်တယ်လို့ အရှက်မဲ့ပြောကြပါတယ်။ ဗိုလ်နေဝင်း စစ်တပ်ကအာဏာသိမ်းပြီး မြန်မာ့ဆိုရှယ်လစ် ဆိုပြီးလုပ်တော့ အမေရိကန်က အင် (အတုကြီး) ဆိုတာ သိပါတယ်။ ဗိုလ်နေဝင်း သမ္မတဂျွန်ဆင်နဲ့ သွားတွေ့တော့လည်း ကြည်စေအေးစေပါပဲ။ စစ်အာဏာရှင်တွေ လူ့အခွင့်အရေးတွေ ဘာတွေညာတွေလည်း ပြောမနေပါဘူး။

ဗမာပြည်ဟာ နိုင်ငံရေးအရ လွတ်လပ်ရေးရခဲ့ပေမယ့် စီးပွားရေးအရ အမှီအခိုမကင်းပါဘူး။ ကိုလိုနီဘဝ ကျရောက်သွားလို့သာ ပဒေသရာဇ်မင်းဆက် ပြတ်သွားပေမယ့် စက်မှုတော်လှန်ရေး၊ ဘူဇွာတော်လှန်ရေးတို့ကို မဖြတ်သန်းလိုက်ရပါဘူး။ ကုန်းဘောင်ခေတ်နှောင်း နန်းလုပွဲမှာ ကနောင်မင်းသားကြီး လုပ်ကြံခံရခြင်းနဲ့အတူ ဗမာပြည်စက်မှုတော်လှန်ရေး လမ်းစလည်း ပိတ်သွားပါတော့တယ်။ ဗမာပြည်အရင်းရှင် လူတန်းစားဆိုတာ အဝယ်တော် ကိုယ်စားလှယ်ပွဲစားဆိုတဲ့ နယ်ချဲ့သမားက မွေးထုတ်ပေးလိုက်တဲ့ လက်ဝေခံအရင်းရှင်တွေပါ။ (ဦးနာအောက်လို ထူးချွန်တဲ့ အမျိုးသားခေါင်းရှင် တချို့ ရှိပေမယ့် နယ်ချဲ့သမားက ကြီးထွားခွင့်မပေးပါဘူး) အမျိုးသားအရင်းရှင် ဆိုတာက ဘိအိုစီ၊ စတီးဘရားသား၊ ဘုံဘေဘားမားစတဲ့ နယ်ချဲ့အရင်းရှင် ကုမ္ပဏီကြီးတွေကို မယှဉ်နိုင်ပါဘူး။ မိရိုးဖလာလက်မှုလုပ်ငန်းနဲ့ ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများသာ လုပ်နိုင်ကြတာပါ။ မြန်မာအမျိုးသားဘဏ်ဆိုတာလည်းမရှိပါဘူး။ တရုတ် – ကုလားကမှ ဘဏ်လုပ်ငန်းကော စီးပွားရေးလုပ်ငန်းတွေပါ ရှိပါသေးတယ်။ ဒါ့ကြောင့် ဗမာပြည်က အမျိုးသားခေါင်းရှင်ဆိုတာ အလွန်ချည့်နဲ့ပါတယ်။ မျိုးချစ်စိတ်လည်း ပြင်းတယ်။ ဗမာပြည်မှာက ဗျူရိုကရက်နဲ့ မြေရှင်ကိုပဲ နယ်ချဲ့သမားက ကြီးထွားခွင့်ပေးခဲ့တာပါ။

စစ်ခရိုနီ (စစ်ဗျူရိုကရက် + ခရိုနီ) ဆိုတာ ဒီခေတ်မှာမှ (၈၈ နောက်ပိုင်း စစ်အုပ်ချုပ်ရေးခေတ်) ပေါ်တာပါ။ ၂၀၀၈ က သူတို့ကို လူရာသွင်းထားပါတယ်။ သူတို့ကြောင့် တိုင်းပြည်ဟာ ဖြုံခြောက်ပြုံကျခဲ့ပါပြီ။ သစ်တော၊ သတ္တု၊ ကျောက်မျက်၊ ဓာတ်ငွေ့ သယံဇာတ သဘာဝပတ်ဝန်းကျင် ပြုန်းတီး၊ မြေသိမ်းယာသိမ်း၊ ပုဂ္ဂလိကပိုင် (စစ်ခရိုနီပိုင်) ပြု၊ ပညာရေးနိမ့်ကျ၊ ဘဝပျက် ဖြစ်ကြရပါပြီ။ သူတို့ဟာ အမျိုးသားခေါင်းရှင် အငွေ့အသက် တစက်မှမရှိပါဘူး၊ မှီခိုရေးအရင်းရှင်တွေပါ၊ ပြည်တွင်းမှာလက်ဝါးကြီးအုပ် ပြည်ပမှာ လက်ဝေခံလုပ်ကြမှ ရှင်သန်နိုင်ပါတယ်။ အမေရိကန်က ဒဏ်ခတ်ပိတ်ဆို့ ခံထားရတော့ တရုတ်ကို ကပ်ရတယ်။ ဒါပေမဲ့ အမေရိကန်ကိုကပ်ဖို့ တောက်လျှောက် ကြိုးစားခဲ့တာ ဖြစ်တယ်။

အမေရိကန်နဲ့ ရွှေလမ်းငွေလမ်းဖောက်ဖို့ NLD က အောင်သွယ်ပေးနိုင်လိမ့်မယ်လို့ ယူဆတဲ့အခါ NLD ကို ကပ်ပြန်ပါတယ် (ဘယ်တော့ပြန်ကန်ဦးမလဲ မသိဘူး)။

တောင်ကိုရီးယားဟာ ကွန်မြူနစ်အန္တရာယ် တားဆီးရေးအတွက် အမေရိကန်အစောင့်အရှောက်ခံ နိုင်ငံပါ။ အကျယ်အဝန်းက ရှမ်းပြည်နယ်လောက်ပဲ ရှိသော်လည်း လူဦးရေက ဗမာပြည်နဲ့ဆတူ သန်း ၅၀ ခန့် (၂၀၁၅) ရှိပြီး ဆိုလ်းမြို့တော်ဒေသမှာ လူဦးရေထက်ဝက် (၂၅သန်း) နေထိုင်တယ်။ အမေရိကန်စစ်အုပ်ချုပ်ရေးအောက် ၃ နှစ် (၁၉၄၅ – ၁၉၄၈) နေခဲ့ပြီး ကိုရီးယားစစ်ပွဲ (၁၉၅၀ – ၁၉၅၃) အပြီး အမေရိကန်နဲ့ စစ်ရေးစာချုပ် ချုပ်ဆိုကာ အမေရိကန်စစ်စခန်းများ အခြေဆိုက်ခွင့်ပေးတယ်။ ဗီယက်နမ်စစ် (၁၉၆၄ – ၁၉၇၅) မှာ ကိုရီးယားစစ်သင်္ဘောများ စေလွှတ်ကူညီတယ်။ အမေရိကန်စစ်တပ်ရဲ့ ကုန်ကျစရိတ်ကို မျှထမ်းရတာဖြစ်လို့ စစ်ရေးအသုံးစရိတ်က GDP ရဲ့ ၁၈% (ကမ္ဘာ့အဆင့် ၁၁) ရှိပြီး စစ်သည်အင်အား ၆ သိန်းခွဲ (ကမ္ဘာ့အဆင့် ၆) ရှိတယ် (၂၀၁၁)။ မြောက်ကိုရီးယားနဲ့ ပြိုင်တူ ၁၉၉၁ ကျမှ ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံ ဖြစ်လာတယ်။

၁၉၆၀ မှာ ခြစားသမ္မတ ဆမ်မင်ရီး Syngman Rhee ကို ဆန့်ကျင်တဲ့ ‘ဧပြီ ၁၉ ကျောင်းသားအုံကြွမှုကြီး’ ပေါ်ပေါက်တယ်။ ဗိုလ်ချုပ်ကြီးပတ်ချုံဟီး General Park Chung-hee (လက်ရှိအမျိုးသမီးသမ္မတ ပတ်ကွမ်ဟေး Park Geun-hye ရဲ့ဖခင်) က ၁၆ မေ ၁၉၆၁ မှာ အာဏာသိမ်းတယ် (ဗိုလ်နေဝင်းနဲ့ နည်းနည်းပဲစောတယ်)။ စစ်အာဏာရှင် သမ္မတဗိုလ်ချုပ်ကြီးပတ်ချုံဟီး လက်ထက် (၁၉၆၁–၁၉၇၉) ကိုရီးယားစီးပွားရေး ဖွံ့ဖြိုးတိုးတက်ခဲ့တယ်။ IMF မှတဆင့် အမေရိကန်ရဲ့ အကူအညီ အထောက်အပံ့ ချေးငွေရင်းနှီးမြှုပ်နှံမှု ဈေးကွက်ဝေစုတွေ ရခဲ့တယ်။ ဗီယက်နမ်စစ်နဲ့နွှယ်ပြီး ကန်ထရိုက် လုပ်ငန်းတွေလည်း အများအပြား ရရှိတယ်။ ၁၉၇၃ စီးပွားရေးကပ် (အမေရိကန်ရွှေဦး စတင်

ပျောက်ဆုံးချိန်) နောက်ပိုင်း အမေရိကန် အရင်းအနှီးနဲ့ စက်မှုကုန်ထုတ်လုပ်ငန်း ဟောင်းများ ပြည်ပတင်ပို့ပြီး outsourcing အမေရိကန်ဈေးကွက်ကို ဖွင့်ပေးလိုက်တဲ့ အခါ တောင်ကိုရီးယားဟာလည်း (ထိုင်ဝမ်၊ ဟောင်ကောင်၊ စင်ကာပူတို့နဲ့အတူ) ပို့ကုန် ဦးစားပေး စီးပွားရေးပုံစံ အာရှကျားများ ဖြစ်လာတယ်။ ၁၉၈၀ ခုနှစ်များ စီးပွားရေးကပ်နဲ့ ထပ်ကြုံတော့ သက်ချာ – ရီဂင် ခေတ် နီယိုလစ်ဘရယ် စီးပွားရေးမူဝါဒနဲ့ အတူ လစ်ဘရယ်ပြုမှု၊ ပုဂ္ဂလိကပိုင်ပြုမှု၊ လွတ်လပ်ဈေးကွက် (တကယ်တော့ မလွတ်လပ်ပါဘူး) ဆိုတာ လုပ်လာတယ်။ 'အမေရိကန် အိပ်မက်' ဆိုပြီး အမေရိကန်မှာ အကြွေးဝယ်စနစ် ဖောင်းပွလာခြင်းနှင့်အတူ ဖြုန်းအားကောင်းတဲ့ အမေရိကန်ဈေးကွက်ကို ဖွင့်ပေးလိုက်တဲ့အခါ ကျားတွေဟာ ထွန်းသစ်စ စီးပွားဖွံ့ဖြိုးနိုင်ငံများ new emerging countries ဖြစ်လာတယ်။

တောင်ကိုရီးယားကို အားကျတယ်ဆိုတာ ဘာကိုအားကျတာလဲ။

အမေရိကန်နဲ့ အနောက်နိုင်ငံတွေက အရင်းအနှီးတွေလိုမ့်ဝင်လာ ပြည်တွင်းက စစ်ခရိုနီတွေနဲ့ပေါင်း ကျားအသစ်ကလေး ဖြစ်လာမယ်။ လွယ်လိုက်တာ။ ကော်ပိုရိတ်ဘဏ္ဍာအရင်းနဲ့ တွဲပါလာမယ့် (နိုင်ငံရေး၊ စစ်ရေး) နောင်ကြိုးတွေ (ကပ်၊ ကြွေးဝန်ထုပ်၊ မတည်မငြိမ်ဖြစ်မှုစတဲ့) ဘေးထွက်ဆိုးကျိုးတွေ ဒါတွေကို ဘယ်လိုဖြေရှင်းမလဲ။။ လွယ်လွယ်ပဲ သေနတ်နဲ့ဖြေရှင်းလို့ရမယ်ထင်သလား။

ရေရှည်တည်ငြိမ်တဲ့ ဖွံ့ဖြိုးတိုးတက်မှုဆိုတာ ကိုယ့်မှာကိုယ်ခံအားကောင်းမှ ဖြစ်နိုင်ပါတယ်။ အလုပ်သမား၊ လယ်သမား အခြေခံလူတန်းစားတွေ လွတ်မြောက်မှ၊ အမှီခိုကင်းစွာ ကိုယ့်ခြေပေါ်ကိုယ်ရပ်နိုင်မှ၊ ပညာတတ်လူငယ်တွေ မျိုးဆက်နဲ့ချီ ပြုစုမွေးမြူထားနိုင်မှ၊ အသိဉာဏ်ပွင့်လင်းတဲ့ လူလတ်တန်းစားတွေများမှ၊ အခွင့်အလမ်းနဲ့ အန္တရာယ်ကို မြော်မြင်နိုင်တဲ့ မှန်ကန်တဲ့ (ဈေးကွက်တံခါးဖွင့်မှု အပါအဝင်) ရေတိုရေရှည် ပေါ်လစီတွေရှိမှ ဖြစ်နိုင်တာပါ။ ပုံတူကူးချလို့ မရဘူး။ ကိုယ့်လမ်းကိုယ်ထွင်ဖို့ လိုပါတယ်။ ဒီလိုဖြစ်ဖို့ဆိုရင် လူထုကြီးတရပ်လုံး နိုးကြားတက်ကြွနေဖို့ လိုပါတယ်။ လက်တဆုပ်စာ အာဏာရှင်တစုကသာ တိုင်းပြည်ကို ငါတို့ကယ်တင်ထားရတာ လုပ်နေလို့ မရပါဘူး။

တောင်ကိုးရီးယားမှာ ပညာတတ်တွေ များတယ်။ ၂၅ – ၃၄ နှစ်ကြား လူငယ် ၆၅%ဟာ အနည်းဆုံး ဝိဇ္ဇာသိပ္ပံဘွဲ့ ရရှိကြသူတွေဖြစ်တယ် (OECD နိုင်ငံတွေထဲမှာ အမြင့်ဆုံး)။ ပြည်တွင်းမှာလည်း အဆင့်မြင့် တက္ကသိုလ်ကြီးတွေ ရှိတယ်။ နှစ်စဉ် နိုင်ငံခြား ပညာသင်ကျောင်းသားဦးရေ တသိန်းလောက် ရှိတယ်။ အလုပ်အကိုင် ကောင်းကောင်း ရဖို့အတွက် သိပ္ပံနဲ့နည်းပညာကို အလုအယက် သင်ကြတယ် (ဝိဇ္ဇာဘာသာရပ် အားနည်းတာဟာ နောင်မှာ ပြဿနာ ဖြစ်လာတယ်)။ ပညာတတ်တွေ များလာတော့ စက်မှုနဲ့နည်းပညာ တော်လှန်ရေး အောင်မြင်မှုအသီးအပွင့်တွေ ရရှိလာတယ်။ (ဗမာပြည်နဲ့တော့ ပြောင်းပြန်ပဲ၊ ဒီမှာက ပညာရေးပြုပြင်ပြောင်းလဲဖို့ တောင်းဆိုတဲ့ ကျောင်းသားလူငယ်တွေကို ထောင်ချနေတယ်)

ကိုရီးယားစီးပွားရေးကို လက်ဝါးကြီးအုပ်ထားတာက Samsung , Hyundai , LG Electronic , SK Holding စတဲ့ လက်တဆုပ်စာ မိသားစုပိုင် ချေးဘိုးလ် chaeboles လို့ခေါ်တဲ့ စီးပွားရေးအုပ်စု လုပ်ငန်းစုံကော်ပိုရေးရှင်းကြီးတွေဖြစ်တယ်။ အီလက်ထရောနစ်၊ အဆင့်မြင့်နည်းပညာ၊ မော်တော်ကား၊ သင်္ဘောတည်ဆောက်ရေး လုပ်ငန်းတွေမှာ အောင်မြင်မှုရတယ်။ ကိုရီးယားစီးပွားရေး စန်းထချိန် (၈၀ ခုနှစ်များမှာ) နှစ်စဉ်ပျမ်းမျှ GDP တိုးတက်နှုန်း ၁၀% ရှိတယ်။ လစာမြင့်တဲ့ အလုပ်အကိုင် ကောင်းကောင်းရဖို့ အပြိုင်အဆိုင် ပညာသင်ကြားရပြီး ချေဘိုးလ် သို့မဟုတ် အစိုးရအလုပ်ရဖို့ အလုအယက်ကြိုးစားကြရတယ်။

၁၉၇၉ မှာ စစ်ခေါင်းဆောင် ဗိုလ်ချုပ်ကြီးပတ်ချုံဟီး လုပ်ကြံခံရပြီးနောက် ဒီဇင်ဘာ ၁၂ မှာ ဗိုလ်ချုပ်ကြီးချွန်ဒူးဟွမ် အာဏာသိမ်းတယ်။ မာရှယ်လောထုတ် တက္ကသိုလ်တွေပိတ် နိုင်ငံရေးလှုပ်ရှားမှုတွေနှိပ်ကွပ် သတင်းစာဆင်ဆာဖြတ် လုပ်တယ်။ သူ သမ္မတအဖြစ်ခံယူတဲ့နေ့ ၁၉၈၀ မေ ၁၇ ပြည်လုံးကျွတ်ဆန္ဒပြပွဲနဲ့ လူထုကဆန့်ကျင်တယ်။ အထူးသဖြင့် ကွမ်ကျူးမြို့ ဒီမိုကရေစီလှုပ်ရှားမှု Gwangju Democratization Movement ဟာ ကမ္ဘာကျော်အောင် ထင်ရှားတယ်။ စစ်အစိုးရက အထူးတပ်များ စေလွှတ် ပြင်းပြင်းထန်ထန်နှိမ်နင်းတယ်။ ချွန်ဒူးဟွမ်ရဲ့ အာဏာရှင်အုပ်စိုးမှုဟာ ၇ နှစ် (၁၉၈၀ – ၁၉၈၇) ကြာခဲ့တယ်။ ဆိုးလ်တက္ကသိုလ် ကျောင်းသား Park Jong-chul ညှင်းပန်းခံရပြီး သေဆုံးသွားမှုကြောင့် ၁၉၈၇ ဇွန် ၁၀ ဒီမိုကရေစီအုံကြွမှုကြီး နိုင်ငံအနှံ့ဖြစ်ပွားပြီး ချွန်ဒူးဟွမ်ပြုတ်ကျကာ စစ်ကောင်စီကို ဖျက်သိမ်း ဖွဲ့စည်းပုံသစ်ရေးဆွဲ တိုက်ရိုက်သမ္မတရွေးကောက်ပွဲကို ကျင်းပပေးရပါတယ်။ (ဗမာပြည် ၈ လေးလုံး အရေးတော်ပုံကြီးနဲ့ ဆင်တယ်)

ဒီနောက် စစ်အေးလွန်ခေတ် ၁၉၉၇ အာရှစီးပွားရေးကပ်ဒဏ် အကြီးအကျယ် ခံရပြီး တခြားကျားများနည်းတူ GDP တိုးတက်နှုန်း သုညတဝိုက် ရောက်သွားတယ်။ IMF အကူအညီနဲ့ ပြန်နာလန်ထူခဲ့ပေမယ့် စီးပွားရေးနှေးကွေးသွားတယ်။ ၂၀၀၈ စီးပွားကပ်ဒဏ်ကိုလည်း ဆက်လက်ခံရပြီး ၂၀၀၉ GDP တိုးတက်နှုန်း ၂% ထိ ဖြစ်သွားတယ်။ ယခုအချိန်ထိ နာလန်ထတယ်ဆိုသော်လည်း စီးပွားရေးက နှေးကွေး

တုန်းပဲ။ နိုင်ငံတော်ကြေးမြီလည်း မြင့်မားဆဲပဲ။ စီးပွားရေးလုပ်ငန်းတွေ ကမောက်ကမဖြစ် အလုပ်အကိုင်တွေဆုံးရှုံး အနာဂတ်မျှော်လင့်ချက်တွေပျက်ပြား စိတ်ဖိစီးမှုတွေများလာတာကြောင့် ကိုယ့်ကိုယ်ကိုယ်သတ်သေသူတွေ များပြားတယ်။ ဖွံ့ဖြိုးပြီး OECD နိုင်ငံများထဲမှာ အမြင့်ဆုံးဖြစ်ကာ လူတသိန်းမှာ ၂၈.၁ ယောက် ဖြစ်တယ် (၂၀၁၂)။ အလုပ်လုပ်သူ လေးပုံတပုံဟာ မြင့်မားတဲ့စိတ်ဖိစီးမှုဒဏ် ခံနေရတယ်။ နေ့စဉ်လူအယောက် ၄၀ လောက် ကိုယ့်ကိုယ်ကိုယ် သတ်သေနေကြတယ်လို့ ဆိုတယ်။ (The Korean Neuropsychiatric Association)

ယခုအခါ တောင်ကိုရီးယားမှာ လူထုအုံကြွမှုများ ပေါ်ပေါက်လာပြန်တယ်။ လွန်ခဲ့တဲ့ ၇ နှစ် (၂၀၀၈) က ပေါ်ပေါက်တဲ့ အမေရိကန်က တင်သွင်းတဲ့ နွားရူးအမဲသား တင်သွင်းမှုကို ဆန့်ကျင်တဲ့ဆန္ဒပြမှုအပြီး ယခုဆန္ဒပြမှုဟာ အကြီးဆုံးလို့ဆိုတယ်။ ၁၄ နိုဝင်ဘာ ၂၀၁၅ ဆိုလ်းမြို့တော်မှာ အလုပ်သမား၊ လယ်သမား၊ ကျောင်းသား၊ အရပ်သား တသိန်းကျော် သမ္မတရုံးကို ချီတက်ဆန္ဒပြတယ်။ လုပ်ကြံခံရပြီး ကွယ်လွန်သွားတဲ့ သမ္မတ ဗိုလ်ချုပ်ကြီးပတ်ချုံဟီးရဲ့ သမီး လက်ရှိ အမျိုးသမီးသမ္မတ ပတ်ကွမ်ဟေး (၂၀၁၂ သမ္မတဖြစ်လာသူ) နုတ်ထွက်ဖို့ တောင်းဆိုတယ်။ အဓိက မကျေနပ်ချက်နှစ်ချက်က ကျောင်းသုံးသမိုင်းဘာသာ ပြဋ္ဌာန်းစာအုပ်သစ်ကို ဆန့်ကျင်တာနဲ့ အလုပ်သမားဥပဒေသစ်ကို ဆန့်ကျင်တာတို့ ဖြစ်တယ်။ သတင်းစာလွတ်လပ်ခွင့်ကို ပိတ်ပင်လာတာ၊ တလောကဖြစ်တဲ့ ကူးတို့သင်္ဘော နစ်မြုပ်မှုမှာ အစိုးရတာဝန်ယူမှု ပျက်ကွက်တာတွေလည်း ပါတယ်။

ကွန်ဆားဗေးတစ် အစိုးရခန့်ဆရာနဲ့ပညာရှင်တစုက ပြုစုထားတဲ့ သမိုင်းစာအုပ်သစ်ဟာ တောင်ကိုရီးယားနိုင်ငံ ပေါ်ပေါက်လာပုံကို လိမ်ညာသရုပ်ဖျက်ပြီး စစ်အာဏာရှင် ပတ်ချုံဟီးကို အမွှမ်းတင်ထားတယ်။ ဂျပန်ကိုလိုနီခေတ် (၁၉၁၀ – ၁၉၄၅) အလိုတော်ရိလုပ်ခဲ့သူများကို ချီးမြှောက်ထားတယ်။ ကိုရီးယားစစ်မှာ တာဝန်အရှိဆုံးသူတွေထဲမှာ အမေရိကန်နောက်လိုက် ပတ်ချုံဟီးပါတယ်။ တောင်ကိုရီးယား ရေပေါ်ဆီများက အာဏာရှင်ပတ်ချုံဟီးကို အောင်မြင်သော စီးပွားရေး မဟာဗျူဟာသမားအဖြစ် ပုံဖော်နေတာကို ဆန့်ကျင်တယ်။ ၁၉၇၀ နှစ်များနဲ့ ၁၉၈၀ နှစ်များ ဒီမိုကရေစီအရွေ့မှာ အကြမ်းဖက်မှုကြံရာပါများကို အမွှမ်းတင်ထားတယ်။ ဒါတွေကို သူတို့ဆန့်ကျင်ကြတာဖြစ်တယ်။ ဂျပန်အစိုးရရဲ့ ကိုလိုနီသမိုင်းကို ပြင်ဆင်မှုကို သမ္မတပတ်ကွမ်ဟေး ကိုယ်တိုင် ရှုံ့ချခဲ့တာကို မေ့ပစ်ပြီး သူမကိုယ်တိုင်လည်း လိမ်ညာဖို့ကြိုးစားတယ်လို့ ဝေဖန်ကြတယ်။ Gallup Korea ရဲ့ ထင်မြင်ချက်စစ်တမ်း ကောက်ယူမှုအရ ပြဋ္ဌာန်းစာအုပ်သစ်ကို ၄၉% က ဆန့်ကျင်ပြီး ၃၆%က ထောက်ခံဟု ဆိုတယ်။ ကိုရီးယားလူထုထဲမှာ အမေရိကန်ဆန့်ကျင်ရေးစိတ်ဓာတ်ပြင်းပါတယ်။ ကိုရီးယား တောင် – မြောက်ကွဲနေမှုကို အစဉ်တစိုက် ဆန့်ကျင်နေတာဖြစ်တယ်။

အလုပ်သမားဥပဒေ ပြင်ဆင်ရာမှာ ချေဘိုးလ် စီးပွားရေးအုပ်စုကြီးများသာ Chaeboles conglomerates အကျိုးရှိပြီး ကျိုကျိုတက်ကြွယ်ဝ ချမ်းသာလာကြတယ်။ ဆင်းရဲချမ်းသာကွာဟမှု ပိုဆိုးလာတယ်။ တိုးပွားလာတဲ့ အလုပ်သမားများဟာ အလုပ်ပြုတ် လစာလျှော့နည်း ယာယီကန်ထရိုက်လုပ်ငန်းများသို့ တွန်းအပို့ခံရတယ်။ ဒါတွေကိုသူတို့ ဆန့်ကျင်ကြတာဖြစ်တယ်။

ချီတက်ပွဲမှာ အသင်းအဖွဲ့ပေါင်းစုံပါဝင်တယ်။ အစိုးရက ကြမ်းကြမ်းတမ်းတမ်းကိုင်တွယ်ဖြိုခွဲတယ်။ ပြစ်မှုကြီးများနဲ့ စွဲချက်တင်တယ်။ ထင်ရှားတဲ့ အလုပ်သမားသမဂ္ဂ Korean Confederation of Trade Unions ခေါင်းဆောင်ကို ဖမ်းတယ် (ဒီဇင်ဘာ ၉)။ ဒီဇင်ဘာ ၁၉ မှာ အင်အားသိပ်မကြီးတဲ့ သပိတ်တရပ် ထပ်ဖြစ်တယ်။ အလုပ်သမားတွေက အထွေထွေသပိတ်နဲ့ တုံ့ပြန်မယ်လို့သတိပေးထားတယ်။ ကိုရီးယားအခြေအနေဟာ ၁၉၈၀ ခုနှစ်များ အာဏာရှင်ဖြုတ်ချတဲ့ ဆန္ဒပြပွဲများနဲ့ တူလာနေတယ်လို့ သတင်းသမားများက သုံးသပ်ကြတယ်။

ကိုရီးယားမိုဒယ်ကို ဗမာစစ်ခရိုနီတွေ စိတ်ကူးယဉ်နေကြတယ်။ ခေတ်လည်း မတူဘူး ပထဝီလည်းမတူဘူး အခြေအနေလည်း မတူဘူး။ သမိုင်းကြောင်းလည်း မတူတော့ဘူး။ ဗမာပြည်သူတွေကလည်း ငွေထုပ်နဲ့လက်နက်ရဲ့ ဗိုလ်ကျမှုကို ငုံ့ခံနေတာမဟုတ်ဘူး။ အစဉ်အဆက် တိုက်ပွဲဝင်လာကြပြီး ကိုယ့်လမ်းကိုယ်ထွင် ကိုယ့်သမိုင်းကိုယ်ရေးဖို့ နိုးကြားနေကြပြီဖြစ်ပါတယ်။

(၂၃ ဒီဇင်ဘာ ၂၀၁၅)

# အထည်ချုပ်အလုပ်သမားများ
# နှင့်
# နီယိုလစ်ဘရယ်ဝါဒ

"မြန်မာနိုင်ငံသည် အထင်ရှားဆုံး ဥပမာတခု ဖြစ်ပါသည်။ ဤနိုင်ငံသည် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး အလုံးအရင်းပြုလုပ်ရန် တာစူနေသော တိုင်းပြည်ဖြစ်သလို အထည်ချုပ်လုပ်ငန်းကဏ္ဍမှာလည်း စန်းပွင့်လာနေသည်။ သို့သော် ကျွန်ုပ်တို့ **Oxfarm** ၏ သုတေသနပြုချက်များအရ အာမခံချက်ရှိသော နိုင်ငံတိုးတက်မှုသည် အထည်ချုပ် အလုပ်သမားများထံသို့ ရောက်မလာပါ။ သူတို့သည် တပတ်လျှင် ၆ ရက် အလုပ်လုပ်ရပြီး တရက်လျှင် အလုပ်ချိန် ၁၁ နာရီအထိ အလုပ်လုပ်ရကာ လုပ်ခမှာလည်း အလွန်နိမ့်သလို အလုပ်ခွင်ကလည်း အလွန်အန္တရာယ်ရှိသော အလုပ်ခွင် ဖြစ်နေတော့သည်"

ဒီဇင်ဘာ ၉ ရက်နေ့က ထုတ်ပြန်သော **Oxfarm** ၏ သုတေသနပြုချက် **Made in Myanmar** အကျဉ်းချုပ်စာတမ်းအရ ၂၀၁၅ ခု ဇူလိုင်လမှစ၍ အခြားအဖွဲ့များနှင့်ပူးတွဲကာ ရန်ကုန်တိုင်း စက်မှုဇုန် ၅ ခု (ဒဂုံဆိပ်ကမ်းသာ၊ ရွှေလင်ပန်း၊ မင်္ဂလာဒုံ၊ သီလဝါ၊ လှိုင်သာယာ) နှင့် ပဲခူးစက်မှုဇုန်တို့မှ စက်ရုံ ၂၂ ရုံကို သွားရောက်ကာ အလုပ်သမား ၁၂၃ ဦးကို တွေ့ဆုံမေးမြန်းခဲ့ကြကြောင်း သိရသည်။ ထိုသုတေသန ပြုချက်သည် လက်ငင်းလိုအပ်နေသော အထည်ချုပ်လုပ်ငန်းအပါအဝင် ချွေးသံရွှဲရွှဲကာယလုပ်ငန်း **Sweatshops** များ၏ ထင်သာမြင်သာ မရှိမှုများကို ဖွင့်ချပေးလိုက်သလို ဖြစ်သွားလေသည်။ သို့သော် ထိုသုတေသနပြုချက်သည် ခေတ်ပေါ် ပို့ကုန်လုပ်ငန်း အခြေပြု ချွေးသံရွှဲရွှဲ ကာယအလုပ်သမားများ (အများစုမှာ အသက်ငယ်သော အမျိုးသမီး အလုပ်သမားများဖြစ်သည်) ၏ ပင်ပန်းဆင်းရဲမှုကို လှစ်ဟပြသ နိုင်စွမ်း ရှိသော်လည်း တခုခုလိုနေသလို ခံစားလိုက်ရသည်။ ယင်းမှာ ယနေ့ မြန်မာပြည် အလုပ်သမားများ အခြေအနေကို နိုင်ငံတကာ့ အရင်းရှင်စနစ်၊သို့မဟုတ် မျက်မှောက် နီယိုလစ်ဘရယ်ဝါဒ ကမ္ဘာလွှမ်းပတ် စီးပွားရေးစနစ်ကြီးနှင့် ဆက်စပ်မပေးနိုင်သော အားနည်းချက် ဖြစ်လေသည်။

အားလုံးသိကြသည့်အတိုင်း ၂၀၁၄ ခုနှစ် မြန်မာ့ပို့ကုန်ဝင်ငွေစုစုပေါင်း၏ ၁၄% ( အမေရိကန်ဒေါ်လာ ၁.၅ ဘီလီယံ) ကို ပို့ကုန်ဝင်ငွေ ရှာဖွေပေးနေသော အထည်ချုပ်လုပ်ငန်းသည် လျင်မြန်စွာ ကြီးထွားလာနေသောလုပ်ငန်းတခု ဖြစ်နေလေသည်။ ၂၀၁၀ ခု နောက်ပိုင်းတွင် တပတ်လျှင် စက်ရုံ ၂ ရုံနှုန်းလောက် တိုးလာနေသော အထည်ချုပ်စက်ရုံများသည် ယခုအခါ ရုံပေါင်း ၃၀၀ ခန့်ရှိလာသလို အလုပ်သမား ဦးရေမှာလည်း ၃ သိန်းကျော်လာနေလေသည်။ ရန်ကုန်တဝိုက် စက်မှုလုပ်ငန်းများတွင် ပါဝင်အလုပ်လုပ်နေသော စက်မှုအလုပ်သမား စုစုပေါင်း၏ ၇၀%သည် အထည်ချုပ်လုပ်ငန်းမှဖြစ်လာလေသည်။

ထိုသို့တိုးများလာနေသော အလုပ်သမားများ၏ အခြေအနေမည်သို့ရှိပါသနည်း။ ၁ ရက်လျှင် အလုပ်ချိန် ၁၁ နာရီ တပတ်အလုပ်ချိန် ပျမ်းမျှ ၇၀ နာရီ လုပ်ကိုင်နေရသော အလုပ်သမားများ၏ တနေ့အနိမ့်ဆုံးလုပ်ခမှာ ၃၆၀၀ ကျပ် ( ၈၃ ဒေါ်လာ) သာ ရရှိကြလေသည်။ ယင်းအထည်ချုပ်လုပ်ငန်းများသည် တရုတ်၊ ဘင်္ဂလားဒက်ရှ်၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊အီသီယိုးပီးယား စသည်တို့တွင်လည်း ရှိကြသဖြင့် လုပ်ခတချို့ကို နှိုင်းယှဉ်ကြည့်ဖို့ လိုလိမ့်မည်။ တရုတ်အထည်ချုပ် အလုပ်သမားတဦး၏ လစာမှ ၁၅၅ ဒေါ်လာမှ ၂၉၇ ဒေါ်လာအထိ ရှိသဖြင့် မြန်မာနိုင်ငံနှင့် မတိမ်းမယိမ်းနိုင်ငံများကိုသာ ပို၍နှိုင်းယှဉ်သင့်လေသည်။ ဗီယက်နမ်တွင် တလ ၁၄၅ ဒေါ်လာ၊ ကမ္ဘောဒီးယား ၁၂၈ ဒေါ်လာ၊ ဘင်္ဂလားဒက်ရှ်တွင် ၆၇ ဒေါ်လာနှင့် အီသီယိုးပီးယားတွင် ၃၅ ဒေါ်လာမှ ၄၀ ဒေါ်လာတို့ ဖြစ်လေသည်။ သေချာသည်ကတော့ **Oxfarm** သုတေသနအရ မြန်မာ အလုပ်သမား ၇၅%သည် ရရှိသောလခဖြင့် အခြေခံ နေထိုင်မှုစရိတ်၊ သွားလာမှု

စရိတ်၊ ဆေးဝါးကုသမှု စရိတ်မလုံလောက်ကြချေ။ ရရှိသောလခ တဝက်ကျော်မှာ နေစရာအခန်းခနှင့်ကုန်သွားလေသည်။ အလုပ်သမား ၉၀% လောက်မှာ နေထိုင်မှု စရိတ်လိုငွေကို အတိုးကြီးစားထံမှ ငွေချေးသုံးကြရလေသည်။ ၂၀၁၅ ခု စက်တင်ဘာလတွင် နိုင်ငံတော်အစိုးရမှ အတည်ပြု လိုက်သော အနိမ့်ဆုံးလုပ်ခ တနေ့ ၃၆၀၀ သတ်မှတ်လိုက်ပြီးနောက်ပိုင်းတွင် စက်ရုံပိုင်ရှင်အများအပြားသည် လုပ်ခကို သတ်မှတ်ချက်အတိုင်း ပေးသော်လည်း ခါတိုင်းဝန်ဆောင်ပေးနေသော ပို့ဆောင်ရေးကို လုပ်မပေးခြင်း၊ အစားအသောက် ဝန်ဆောင်မှု ဖြတ်တောက် ပစ်ခြင်းစသည့် တန်ပြန်ထိုးနှက်မှုများကြောင့် အလုပ်သမားများ ပို၍ခက်ခဲနေကြလေသည်။ ည ၁၀ နာရီအထိ အိုဗာတိုင် ဆင်းရသော မိန်းကလေးများမှာ လုံခြုံမှုအတွက် အတော်ပင်စိုးရိမ်နေကြလေသည်။

အလုပ်သမား ၄ ဦးလျှင် ၁ ဦးက အချိန်ပိုဆင်းလျှင် လုပ်ခမရကြချေ။ စက်ရုံအတော်များများသည် အရေးပေါ်ထွက်ပေါက်များကို ပိတ်ထားတတ်သလို သော့ခတ်ထားသဖြင့် မီးလောင်လျှင် ပြေးစရာမရှိ ဖြစ်နေကြသည်။ အလုပ်သမား ၄၃% သည် ကိုယ်အလုပ် လုပ်သော အလုပ်ခွင် စိတ်မချရဘူးဟု ခံစားနေရသည်။ အလုပ်သမား ၃ ပုံ ၁ ပုံလောက်သည် အလုပ်လုပ်ရင်း ထိခိုက်ဒဏ်ရာရဖူးသူများ ဖြစ်သည်။ အမျိုးသမီးအလုပ်သမား ၃၁% သည် စီမံခန့်ခွဲသူ သို့မဟုတ် အင်ချက်ကြီးကြပ်သူများက နှုတ်ဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ရိုင်းပြစွာ ပြုမူဆက်ဆံပြောဆိုခြင်း ခံဖူးသူများ ဖြစ်လေသည်။ အလုပ်ချိန်အတွင်း အိမ်သာသွားခွင့်မပေးသော စက်ရုံအများအပြား ရှိသည်။ ကျန်းမာရေးအရ ဆေးခွင့်ယူလျှင် လုပ်ခဖြတ်တောက်သည်။ တချို့စက်ရုံများသည် ဖျားနာလျှင် လုပ်ခ ၄၀၀၀ ကျပ် အထိ ဖြတ်လေသည်။ တချို့ဆိုလျှင် အလုပ် အထုတ်ခံရသည်။ အလုပ်သမားသမဂ္ဂဖွဲ့စည်းဖို့ ကြိုးစားသူများ၊ အလုပ်သမားသမဂ္ဂ စည်းရုံးလှုပ်ရှားသူများကို အကြောင်းအမျိုးမျိုးပြ၍ အလုပ်ထုတ်ပစ်ကြလေသည်။ စက်ရုံများတွင် တိုင်တန်းခွင့် ပေးထားသည်ဆိုသော်လည်း တိုင်တန်းရဲသူ ၁၃% လောက်သာ ရှိသည်။ ထိုသို့ တိုင်တန်းသူများထဲမှ ၅၀% ခန့်သာ ပြဿနာကိုင်တွယ်ဖြေရှင်းပေးခြင်းပြုသည်။

ဤနစ်နာချက်များနှင့် ပတ်သက်၍ Oxfarm မှ သက်ဆိုင်ရာကုမ္ပဏီများ၊ ကန်ထရိုက်များ၊ အစိုးရအာဏာပိုင်များကို အခြေ အနေ ပြုပြင်နိုင်ရန် အကြံပေးချက် အများအပြားလည်း ပြုလုပ်ထားသည်ကို တွေ့ရပါသည်။ အမှန်တော့ သက်ဆိုင်ရာ နိုင်ငံများအလိုက် အလုပ်သမားများ လုပ်ခအနိမ်ခံနေရခြင်းနှင့် အလုပ်သမားအခွင့်အရေးများ ဆုံးရှုံးနေရခြင်းမှာ Brands ခေါ် နာမည်ကြီး အမှတ်တံဆိပ် ကုမ္ပဏီများ၊ ကန်ထရိုက်ယူထားသူများ၊ စက်ရုံပိုင်ရှင်များသာမက သက်ဆိုင်ရာအစိုးရနှင့် ချစားသော အလုပ်သမားသမဂ္ဂ ခေါင်းဆောင်များနှင့်လည်း သက်ဆိုင်နေတတ်သည်။ အစိုးရများက နှစ်စဉ်ပြည်ပပို့ကုန်ဝင်ငွေ အလုံးအရင်း ရှာပေးနေသော အထည်ချုပ် ကုမ္ပဏီများကို လက်လွှတ် မခံနိုင်သောကြောင့် ထိုစက်ရုံများ စည်းကမ်းချိုးဖောက်ပြီး ဖြစ်ချင်သလို ဖြစ်နေကြသည်ကို လက်ပိုက်ကြည့် နေတတ်ကြရုံမက အခွင့်အရေး တောင်းဆိုသော အလုပ်သမားများကိုပင် အလုပ်ရှင်ဘက်မှ ဝင်ရောက်နှိမ်နင်း ဖမ်းဆီးကြသည်များလည်း ရှိလေသည်။

ဘင်္ဂလားဒက်ရှ်နိုင်ငံမှာဆိုလျှင် ၂၀၁၄ ခုနှစ်က အထည်လုပ်ငန်းမျိုးစုံ ရှိရာ ၈ ထပ် အဆောက်အဦ ရာနာပလာဇာ ပြိုကျ၍ အမျိုးသမီး အလုပ်သမား ၁၁၀၀ လောက်သေဆုံးခဲ့လေရာ ယင်းပြဿနာကို စိစစ်သောအခါ အဆောက်အဦပိုင်ရှင်သာမက ကြီးကြပ်စစ်ဆေး သူများရော အစိုးရပိုင်းမှပါ တာဝန်မကင်းသည်ကို တွေ့ရလေသည်။ ထိုပြဿနာ ပေါ်ပြီးနောက် ထူးခြားချက်မှာ အထည်ချုပ်ရန်အပ်နှံသော Brands နာမည်ကျော်အမှတ်တံဆိပ်ကုမ္ပဏီများမှာလည်း ကိုယ်အပ်နှံလိုက်သော လက်ခွဲကန်ထရိုက်များ စည်းကမ်းချက်နှင့် ညီမညီ စစ်ဆေးခြင်းမရှိကြောင်း တွေ့ရှိလာခြင်း ဖြစ်လေသည်။ ရာနာပလာဇာကိစ္စကြောင့် Brands ကုမ္ပဏီကြီး တချို့ သည် ရန်ပုံငွေမတည်ကာ စက်ရုံစစ်ဆေးရေး၊ စည်းကမ်းအတိုင်းအထည်ချုပ်ရေးများ ပြုလုပ်လာသည်ကိုတွေ့ရလေသည်။

မြန်မာနိုင်ငံတွင်လည်း ကန့်ကွက်သူရှိနေသည့်ကြားမှ Brand ကုမ္ပဏီတချို့၏ တိုက်တွန်းမှုကြောင့် အနိမ့်ဆုံးလုပ်ခသတ်မှတ်မှု ပေါ်ထွက်လာခြင်းဖြစ်လေသည်။ ဥရောပတွင် လုပ်ခလစာနှိမ်ထားသောစက်ရုံများမှလာသည့် အထည်များကို စားသုံးသူက အားမပေးကြချေ။ ယင်းကို Ethical Shopping ဟုခေါ်ကြသည်။ ဤသည်ကို Brands ကုမ္ပဏီကြီးများက ကြောက်ကြသည်။ Oxfarm ကဲ့သို့ NGO များ၊ တက်ကြွလှုပ်ရှားသူများကလည်း စောင့်ကြည့်နေပေးကြသည်။ ထိုသို့ ဝိုင်းဝန်းနေကြသည့်ကြားထဲမှ ချွေးသံရွှဲရွှဲ ကာယအလုပ်သမားများဘဝအခြေအနေ အဘယ့်ကြောင့်မြင့်တက်မလာပါသနည်း။

ချွေးသံရွှဲရွှဲ ကာယအလုပ်ဆိုသည်မှာ ဖွံ့ဖြိုးပြီးနိုင်ငံများမှ ပြောင်းရွှေ့လာသော အလုပ်များဖြစ်ပြီး ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ရောင်းချမည့် ရောင်းကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို လုပ်ခသက်သာသော၊ ကုန်ကြမ်းဈေးနိမ့်သော၊ သယ်ယူပို့ဆောင်စရိတ် သက်သာသော၊ အလုပ်သမားဥပဒေလျော့ရည်းသော၊ ရင်းနှီးမြှုပ်နှံမှုဥပဒေမတင်းကျပ်သော၊ ဥရောပနှင့်အမေရိကတို့မှ သွင်းကုန်အခွန် လျှော့ချပေးထားသော ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ထုတ်လုပ်ပေးရခြင်းဖြစ်သည်။ ယင်းကို **Global sourcing** ကမ္ဘာလုံးဆိုင်ရာ အလုပ်လွှဲပြောင်းခိုင်းစေခြင်း ဟုလည်း ခေါ်လေသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများရှိကုန်တိုက်ကြီးများတွင် အပြိုင်အဆိုင် ရောင်းချနေသော နာမည်ကျော်အမှတ်တံဆိပ်များသည် ပြိုင်ဘက်ကုမ္ပဏီများအပေါ် ဈေးနှုန်းအရ၊ အရည်အသွေးအရ အမြဲယှဉ်ပြိုင်နိုင်အောင်လုပ်ရာတွင် မိမိကုန်ပစ္စည်းထုတ်လုပ်မှု စရိတ်ကို အစွမ်းကုန် လျှော့ချစေလေ့ ရှိသည်။ ကုန်ကျစရိတ် သက်သာလေလေ အမြတ်အစွန်းများလေလေ ဖြစ်သည်။

သို့ဖြင့် လုပ်ခသက်သာသော နိုင်ငံများသို့ ချွေးသံရွှဲရွှဲကာယအလုပ်များ ပြောင်းရွှေ့လာတော့သည်။ အထည်ချုပ် အလုပ်များသည် ဖိနပ်ချုပ်လုပ်ငန်း၊ ကလေးကစားစရာလုပ်ငန်းစသည့် ကျွမ်းကျင်မှု သိပ်မလိုသော လုပ်ငန်းများနှင့်အတူ လုပ်ခနိမ့်သော တိုင်းပြည်များသို့ တဆင့်ပြီးတဆင့် ပြောင်းလာကြလေသည်။ အာရှတိုက်တွင် ထိုခရီးသည် အစက တောင်ကိုးရီးယား၊ ထိုင်ဝမ်၊ ဟောင်ကောင်၊ စင်္ကာပူ စသည့် နိုင်ငံများတွင် ဝင်ရောက်ရပ်နားကြပြီး နောက်တော့ အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်း၊ ဖိလစ်ပိုင် စသည်တို့ဆီ ခရီးဆက်သည်။ အများစုသည် တရုတ်ပြည်တွင် ရောက်ရှိသွားသည်။ နောက်ပိုင်းတွင် ထိုနိုင်ငံများထက် လုပ်ခသက်သာသော ဘင်္ဂလားဒက်ရှ်၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ မြန်မာစသည်တို့ထံ ဆိုက်ကပ်လာသည်။ ယခု နောက်ပိုင်းတွင်တော့ ပိုမို၍လုပ်ခသက်သာသော အာဖရိကတိုက်ကို မျက်စောင်းထိုးလာကြလေသည်။

ဤနေရာတွင် အထည်ချုပ်စက်ရုံ အလုပ်သမားအမျိုးသမီးလေးတစ်ဦးကို ဥပမာပေးမှ ပိုမိုနားလည်နိုင်မည်။ ဂျာမနီနိုင်ငံ ဘာလင်မြို့တော်ရှိ အလက်ဇန်ဒါပလတ် စတိုးဆိုင်ကြီးတွင် အရောင်းစက်ဖြင့် တင်ရောင်းနေသော အဖြူရောင် တီရှပ်တစ်ထည်သည် ယူရိုငွေ ၂ ဒေါ်လာ ဖြစ်သည်။ ထိုဈေးနှုန်းသည် အလွန်ချိုသာသဖြင့် လူတိုင်းဝယ်နိုင်လေသည်။ သို့သော် ထိုတီရှပ်သည် ဘင်္ဂလားဒက်ရှ်နိုင်ငံ အထည်ချုပ် စက်ရုံတခုမှ ၁၆ နှစ်အရွယ် ကောင်မလေးက ချုပ်လိုက်ခြင်းဖြစ်သည်။ ထိုကလေးမသည် တရက်ကို အလုပ်ချိန် ၁၆ နာရီဖြစ်ပြီး ၁ နာရီလုပ်ခမှာ ၁၆ ဆင့်သာရှိသည်။ သူသည် စက်ရုံထဲတွင် ၁ နာရီလျှင် တီရှပ် အထည် ၄၅ ထည်မျှ ချုပ်ရလေသည်။ ထိုအခါ တီရှပ်တထည် ချုပ်ခမှာ ၁၀ ထည်ကို ၄ ဆင့်မျှသာ ရှိတော့သည်။ အရပ်ထဲတွင် အပ်ချုပ်စက်ထောင်စားသူဆိုလျှင် ထိုအင်္ကျီချုပ်ခ တထည် မည်မျှယူသည်ကို အားလုံးခန့်မှန်းနိုင်ပါသည်။ ထိုကလေးမ အလုပ်လုပ်နေသော စက်ရုံမှာ မီးဘေးအန္တရာယ်ရှိသလို ပြိုကျချင်လည်း ပြိုကျနိုင်သေးသည်။ တရက် ၁၆ နာရီ နားရက်မရှိ အလုပ်လုပ်ရသဖြင့် အာဟာရချို့တဲ့မှု အပါအဝင် ကျန်းမာရေးချို့ယွင်းမှု မည်မျှရှိမည်ဆိုသည်ကိုတော့ အထူး မပြောလိုတော့ပါ။

ဂလိုဘယ်လိုက်ဇေးရှင်းဟုခေါ်သော မျက်မှောက်အရင်းရှင်စနစ် အချင်းအရာသည် ရှောင်တခင် ထွက်ပေါ်လာခြင်းမဟုတ်။ အရင်းရှင်စနစ်သည် တကမ္ဘာလုံး အတိုင်းအတာအရ သက်ဝင်လှုပ်ရှားရာတွင် ဖြောင့်ဖြူးညီညာမှု မရှိသည်ကို အားလုံးသိကြပြီးဖြစ်၍ အထူး မတင်ပြတော့ပါ။ ဂလိုဘယ်လိုက်ဇေးရှင်းသည် ၁၉၇၄–၇၅ စီးပွားကပ်နှင့်အတူ တွန်းဆော်နေသော အချက် ၃ ချက်ရှိသည်။ ယင်းတို့မှာ စီးပွားရေးတိုးတက်မှု ကျဆင်းနေခြင်း၊ လက်ဝါးကြီးအုပ် နိုင်ငံစုံကော်ပိုရေးရှင်းကြီးများ ပြန့်ပွားလာခြင်းနှင့် အရင်းစုပုံမှုသည် ဘဏ္ဍာရေး အသွင်အဖြစ် ကူးပြောင်းလာခြင်းတို့ ဖြစ်သည်။ ဤအခြေအနေတွင် နီယိုလစ်ဘရယ်ဝါဒ **neo-liberalism** ထွက်ပေါ်လာခြင်း ဖြစ်သည်။ နီယိုလစ်ဘရယ်ဝါဒဆိုသည်မှာ စီးပွားရေးဆိုင်ရာဝါဒဖြစ်ပြီး ယင်းနှင့်အတူ လက်ယာသစ် **New Right** ခေါ် **neo conservativism** ဆိုသည့် နိုင်ငံရေးဝါဒလည်း တပါတည်း အားကောင်းလာခြင်း ဖြစ်သည်။ နီယိုလစ်ဘရယ်ဝါဒသည် ၁၉၈၀ ခုများတွင် အမေရိကန်သမ္မတ ရော်နယ်ရေဂင်နှင့် ဗြိတိသျှဝန်ကြီးချုပ် မာဂရက်သက်ချာတို့၏ အားကောင်းမောင်းသန် ထောက်ခံမှုဖြင့် အရှိန်အဟုန်ရလာသည်။ ၁၉၉၀ ခုများတွင် ဆိုဗီယက်ပြည်ထောင်စုပြိုလဲသောအခါ နိုင်ငံဖွံ့ဖြိုးရေးတွေးခေါ်မှု အများစုတွင် နီယိုလစ်ဘရယ်ဝါဒလွှမ်းလာလေသည်။ ၂၀၀၁ ခု စက်တင်ဘာ ၉ ရက် အတိုက်ခိုက်ခံရပြီးနောက် ပေါ်ထွက်လာသော သမ္မတဘုရှ်၏ အကြမ်းဖက်ဝါဒစစ်ဆင်ရေး နောက်ပိုင်းတွင်တော့ နိုင်ငံစုံ ကော်ပိုရေးရှင်းများ အာဏာပိုတောင့်တင်းလာကြကာ ပထဝီနိုင်ငံရေးအတွက် အင်အားအသုံးပြုမှု ပိုမိုများပြားလာတော့သည်။

ကမ္ဘာ့အင်အားလွန် အဖွဲ့အစည်းများဖြစ်သော ကမ္ဘာ့ဘဏ်၊ ငွေကြေးရန်ပုံငွေအဖွဲ့ IMF နှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ချုပ် WTO စသည်တို့သည် ကမ္ဘာအနှံ့ နီယိုလစ်ဘရယ်ဝါဒကို သွတ်သွင်းလာကြကာ ဘဏ္ဍာရေးအရ ကမ္ဘာလုံးဆိုင်ရာ ပြန်လည်တည်ဆောက်ခြင်းများ ပြုလုပ်လေတော့သည်။

နီယိုလစ်ဘရယ်ဝါဒအရ နိုင်ငံအများအပြားကို ပြန်လည်ပုံသွင်းရာတွင် အစိုးရပိုင်များနှင့်အများပြည်သူပိုင်များကို ပုဂ္ဂလိကပိုင်များ အဖြစ် ပြောင်းစေခြင်း၊ အထည်ချုပ်လုပ်ငန်းလို ပြည်ပပို့ကုန်ထုတ်လုပ်ရေးကို တပြည်လုံး အမှီပြုမှုများဖြစ်လာခြင်း၊ မြေယာများကို ပုဂ္ဂလိကလုပ်ငန်းရှင်များ လုယက်သိမ်းယူလာခြင်း၊ စက်ရုံများတွင် အတည်တကျ အမြဲတမ်းအလုပ်သမားများကို ယာယီအလုပ်သမား၊ အချိန်ပိုင်း အလုပ်သမားများအဖြစ် ပြောင်းလဲလိုက်ခြင်း၊ ပြည်တွင်းအလုပ်အကိုင် ရှားပါးသဖြင့် ပြည်ပသို့ အလုပ်ထွက်လုပ်သူ များပြားလာကာ ပြည်ပရောက် အလုပ်သမားများက အိမ်ကိုပြန်ပို့သော နိုင်ငံခြားငွေ များပြားလာခြင်း။ အလုပ်သမားလုပ်တန်းစားကို လုပ်ခပို၍ သက်သာသော အမျိုးသမီးအလုပ်သမားများဖြင့် အစားထိုးလိုက်ခြင်း၊ ပုဂ္ဂလိကဘဏ်က ပိုများလာသဖြင့် လက်လုပ်လက်စားနှင့် ကျေးလက်တောင်သူများ စိုက်ပျိုးစရိတ်အတွက် ငွေတိုးပိုများသော ချေးငွေများကို မှီခိုလာရခြင်းစသည့်စသည့် အကျိုးဆက်များကို တွေ့နိုင်ပါသည်။အတင်းအကျပ် ခြိုးခြံချွေတာရေး နီယိုလစ်ဘရယ်ဝါဒ ပေါ်လစီဒဏ်ကိုလည်း နိုင်ငံတိုင်းနီးပါးပင် ခံစားဖူးကြလေသည်။ လက်တင်အမေရိကန်တိုက်နိုင်ငံများဆိုလျှင် ထိုနီယိုလစ်ဘရယ်ဝါဒဒဏ်ကို အလူးအလဲ ခံစားကြရလေသည်။ အာရှတိုက်တွင်မူ ၁၉၉၈ ဘဏ္ဍာရေးကပ်ကြောင့် နိုင်ငံအများအပြား IMF ၏ နီယိုလစ်ဘရယ်ဝါဒကို မြည်းစွင့်ရလိုက်လေသည်။

ဒါးမောင့်ကောလိပ်မှ ဘောဂဗေဒပညာရှင် ဂွန်ကင့်ဘဲလ်က နီယိုလစ်ဘရယ်ဝါဒ ပုဂ္ဂလိကပိုင်ပြောင်းခြင်းကို အကျဉ်းထောင်ဖြင့် နှိုင်းယှဉ်ဖူးသည်။ ထိုအကျဉ်းထောင်တွင် အဆင့်နိမ့်သူများကို ပြွတ်သိပ်နေအောင် ထောင်ချထားသော်လည်း ထောင်ပိုင်နှင့်တူသော အထက်တန်းစားများကို အမြတ်များများ ရစေလေသည်။ လူလတ်တန်းစားများကတော့ ထောင်အလုပ်လုပ်ပေးနေရာမှ ဝေစုအနည်းငယ် ရနေသည်ဟုဆိုလေသည်။ ဤအကျဉ်းထောင်သည် အကျဉ်းသားတွေက ကြာလေ လုပ်ခနိမ့်အလုပ်သမားအဖြစ် ပြောင်းလဲနေသဖြင့် အလုပ်များကို တဆင့်လွှဲပြောင်း လုပ်ခိုင်းစေသည့်နည်းဖြင့်လည်း အကျိုးအမြတ်တွေ ရနေတော့သည်ဟု သူက ဆိုပါသည်။

နီယိုလစ်ဘရယ်ဝါဒသည် အမျိုးသားနိုင်ငံများကို ဈေးကွက်နိုင်ငံများအဖြစ် ပြောင်းလဲပစ်ရေး ဖြစ်သည်။ ဈေးကွက်နိုင်ငံဆိုသည်မှာ ကမ္ဘာလုံးဆိုင်ရာအရင်းစုပုံမှုကို ဥပဒေစည်းမျဉ်းများလက်မှ ကင်းနိုင်သမျှ ကင်းကင်းဖြစ်အောင်လုပ်ရေးကို အခြေခံ ရည်ရွယ်ချက်အဖြစ် ထားရှိလေသည်။ ထို့ကြောင့် အစိုးရ၏ အခန်းကဏ္ဍကို လျှော့ချကာ အစိုးရလုပ်ဆောင်နေသော ဥပဒေစောင့်ထိန်းရေး၊ ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများ ထိန်းသိမ်းရေးနှင့် အစိုးရ ငွေကြေးဆိုင်ရာ စည်းမျဉ်းကန့်သတ်မှုများကို ဘောင်ခတ်ကန့်သတ်ရန် ကြိုးစားကြလေသည်။ နောက်ဆက်တွဲရလဒ်မှာ နိုင်ငံစုံကော်ပိုရေးရှင်းကြီးများ အားကောင်းမောင်းသန်ဖြင့် ထွက်ပေါ်လာပြီး ဥပဒေစည်းမျဉ်းများကင်းစွာ ဝိနည်းလွတ် အမြတ်ထုတ်ယူခွင့်များ ရရှိသွားခြင်း ဖြစ်သည်။ အထည်ချုပ်စက်ရုံတခု ပြိုကျလျှင်လည်း တဆင့်ခံကန်ထရိုက်များနှင့် ပစ္စည်းထုတ်လုပ်ရန် အပ်နှံခံရသူများတာဝန် ဖြစ်သွားလေသည်။ အထည်စက်ရုံ အလုပ်သမားများ၏ ရပိုင်ခွင့်များ ဆုံးရှုံးလျှင်ဖြစ်စေ၊ လုပ်ခအဆမတန် နိမ့်နေလျှင်ဖြစ်စေ နိုင်ငံစုံကုမ္ပဏီများမှ တာဝန်ယူစရာ မလိုတော့ချေ။

အလုပ်သမားများသည် ထိုသို့ နှစ်ထပ်ကွမ်း သွေးစုပ်ခံနေရသော်လည်း နိုင်ငံစုံကုမ္ပဏီများကို အလွယ်တကူ မတွေ့မြင်နိုင်တော့ဘဲ အနီးကပ်စက်ရုံပိုင်ရှင်နှင့် လက်ခွဲကန်ထရိုက်များကိုသာ မြင်တွေ့ကြရတော့သည်။ အမှန်တော့ ပင်ရင်းသွေးစုပ်သူမှာ ဖွံ့ဖြိုးပြီး နိုင်ငံများ ဈေးကွက်တွင် ဈေးသက်သာရေးပြိုင်ဆိုင်မှုတွင်လည်း အသာရချင်၊ မိမိအစုရှယ်ယာရှင်များကိုလည်း အမြတ်ဝေစုများများ ရစေချင်၊ မိမိတို့ ခနဥစ္စာကိုလည်း ဆထက်ထမ်းပိုး တိုးစေချင်ကြသော နီယိုလစ်ဘရယ်စီးပွားရေးဝါဒီ နိုင်ငံစုံကုမ္ပဏီများသာ ဖြစ်လေသည်။ ထို့ကြောင့် ဖွံ့ဖြိုးဆဲဆင်းရဲသော နိုင်ငံများမှ အလုပ်သမားများအခြေအနေ ပြုပြင်ပြောင်းလဲရေးအကြောင်း ပြောသူများသည် ရောဂါ၏ အပေါ်ယံ လက္ခဏာကိုသာ မကြည့်ဘဲ ရောဂါဇာစ်မြစ်ဖြစ်သော နီယိုလစ်ဘရယ်ဝါဒကိုလည်း ကြည့်ဖို့လိုကြောင်း တင်ပြလိုက်ပါသည်။



# အခွင့်မသာမှုမှ အခွင့်အလမ်းကောင်းသို့

မာ့က်စ်နဲ့အိန်ဂယ်တို့က ကမ္ဘာ့ပစ္စည်းမဲ့တော်လှန်ရေးဟာ ရှေ့တန်းရောက် အရင်းရှင်နိုင်ငံကြီးတွေမှာ တပြိုင်တည်းပေါ်ပေါက်မယ်လို့ မျှော်မှန်းခဲ့ကြတယ်။ ရှေ့တန်းရောက် အရင်းရှင်နိုင်ကြီးတွေမှာ ပစ္စည်းမဲ့လူတန်းစားက နှိုင်းယှဉ်ချက်အရ အင်အားကောင်းတယ်။ ကုန်လုပ်စွမ်းအားစုကလည်း ပိုဖွံ့ဖြိုးတာကြောင့် ဆိုရှယ်လစ်တော်လှန်ရေး ဆင်နွှဲဖို့ ပိုပြီးအားသာစေတယ်။ နောက်ပြီး အရင်းရှင်နိုင်ငံကြီးတွေ အားလုံးမှာ ပစ္စည်းမဲ့လူတန်းစားက အာဏာရလာမှာကြောင့် ပစ္စည်းမဲ့နိုင်ငံတော်ကို ရန်ပြုမယ့် အင်အားကြီးနိုင်ငံတွေလည်း ရှိတော့မှာ မဟုတ်ဘူးလို့ မာ့က်စ်နဲ့အိန်ဂယ်တို့က ယူဆခဲ့ကြဟန်တူပါတယ်။

ဒါပေမဲ့ ကမ္ဘာ့ပထမဆုံးပစ္စည်းမဲ့တော်လှန်ရေးဟာ ခေတ်နောက်ကျတဲ့ ရုရှားနိုင်ငံမှာ ပေါ်ပေါက်ခဲ့တယ်။ လီနင်ဟာ အခွင့်မသာမှုတွေ ကြားထဲကနေ ပေါ်ပေါက်လာတဲ့ အခွင့်အလမ်းကောင်း (ပထမကမ္ဘာစစ်) ကို အမိအရ ဆုပ်ကိုင်ပြီး မဟာအောက်တိုဘာတော်လှန်ရေးကို အောင်မြင်စွာဆင်နွှဲနိုင်ခဲ့ပါတယ်။

ပထမကမ္ဘာစစ် (၁၉၁၄–၁၈) ဆိုတာ ခေတ်သစ်အရင်းရှင်စနစ်အတွင်း ကိုလိုနီနယ်မြေခွဲဝေရာမှာ အဝေမတည့်ဖြစ်ကာ နယ်ချဲ့နိုင်ငံချင်း ပဋိပက္ခပြင်းထန်လာပြီး ဖြစ်ပွားတဲ့စစ်ပွဲဖြစ်တယ်။ ဒီစစ်ပွဲကြီးအပြီးမှာ ဥရောပဟာ ပြာပုံဖြစ်ခဲ့ရပြီး အင်ပိုင်ယာကြီးသုံးခု (ဩစရီး–ဟန်ဂေရီအင်ပိုင်ယာ၊ အော်တိုမန်အင်ပိုင်ယာ၊ ရုရှားဇာအင်ပိုင်ယာ) ပြိုပျက်ခဲ့တယ်။

ဒီကာလအတွင်းမှာပဲ အချောင်သမားလွှမ်းမိုးတဲ့ ဒုတိယအင်တာနေရှင်နယ်ကို ဖျက်သိမ်းပြီး လီနင်ဦးဆောင်တဲ့ တတိယအင်တာနေရှင်နယ်ကို ထူထောင်ခဲ့တယ်။ လီနင်ဦးဆောင်တဲ့ ရုရှားအောက်တိုဘာ တော်လှန်ရေး အောင်ပွဲဆင်ပြီး၊ ကောက်စကီးနဲ့နောက်ပိုင်းထရော့စကီးတို့ ဦးဆောင်တဲ့ ဆိုရှယ်ဒီမိုကရက်များလွှမ်းမိုးတဲ့ အရင်းရှင်နိုင်ငံများမှ တော်လှန်ရေးများ သစ္စာဖောက်ခံရကာ ကျရှုံးခဲ့ အရောင်ပြောင်းခဲ့တယ်။

'အဖနိုင်ငံကို ကာကွယ်ကြ' ဆိုတဲ့ ဖောက်ပြန်တဲ့ ခနေရှင်ရှော်ဗင်ဝါဒ ကြွေးကြော်သံကို နားမယောင်ဖို့၊ နယ်ချဲ့ အရင်းရှင်အချင်းချင်း တိုက်နေတဲ့စစ်ပွဲမှာ ပစ္စည်းမဲ့များအစတေးမခံဖို့၊ အရင်းရှင်စနစ်ကပ်ဆိုက် အကျပ်တွေ့နေချိန်မှာ နယ်ချဲ့စစ်ကို ပြည်တွင်းစစ်အဖြစ်ပြောင်းလဲပြီး ပစ္စည်းမဲ့တော်လှန်ရေး ဆင်နွှဲကာ ဆိုရှယ်လစ်လမ်းကြောင်းကို ချီတက်ကြဖို့ လီနင်က ဆော်ဩခဲ့တာဖြစ်တယ်။

ဒါပေမဲ့ လီနင်မျှော်မှန်းတဲ့အတိုင်း ဖြစ်မလာဘူး။ ရုရှားတော်လှန်ရေး အောင်ပွဲရပေမယ့် ဥရောပတော်လှန်ရေးများ ပေါ်ပေါက်မလာဘူး။ အဖျားရှုးကုန်ကြတယ်။ ဂျာမနီတော်လှန်ရေး ဖြစ်ပွားသော်လည်း ရန်–ငါ မပြတ်တဲ့အတွက် ဂျာမန်ဆိုရှယ်ဒီမိုကရက်များရဲ့ သစ္စာဖောက်မှုကြောင့် ရဲဘော်ရိုဇာရိုဇင်ဘတ်၊ ရဲဘော်ကားလ်လစ်ဘနစ် အစရှိတဲ့ ကွန်မြူနစ် ထောင်ပေါင်းများစွာ အသတ်ခံကြရတယ်။ ဒါ့ကြောင့် ရဲဘော်လီနင်က 'လင်းယုန်ဟာ ရံဖန်ရံခါမှာ ကြက်ထက်နိမ့်စွာ ပျံသန်းသော်ငြားလည်း ကြက်ဟာ ဘယ်သောအခါမှ လင်းယုန်ထက်မြင့်စွာ မပျံသန်းနိုင်ပါ' လို့ ကျဆုံးသွားတဲ့ ဂျာမန်ရဲဘော်များ အပေါ် စိတ်ထိခိုက်စွာ ဂုဏ်ပြုစကားဆိုခဲ့ပါတယ်။

ဇာဘုရင်ရဲ့စစ်တပ်ဟာ လီနင်ရဲ့ 'ပေါင်မုန့် ငြိမ်းချမ်းရေးနဲ့ မြေယာ' ဆိုတဲ့ ကြော်ကြားတဲ့ လှုံ့ဆော်ချက်အောက်မှာ ဇာစစ်တပ် ပြိုတာပါပဲ။ ဇာဘုရင်ခေတ် ရုရှားမှာ မင်းညီမင်းသားနဲ့ စစ်ဗိုလ်ချုပ်ကြီးများ ကျိကျိတက်ကြွယ်ဝချမ်းသာ စည်းစိမ်တက်အဆီယစ်နေကြပေမယ့် ပြည်သူတွေမှာ အငတ်ဘေးဆိုက်နေပြီး အဓမ္မစစ်ထဲမောင်းသွင်း ခံနေရတယ်။ ဖိနှိပ်သွေးစုပ်မှုပြင်းထန်တဲ့ စစ်ပဒေသရာဇ်စနစ်အောက်မှာ လယ်သမားများ လယ်မဲ့ယာမဲ့ဖြစ်ကာ ဆင်းရဲဒုက္ခအမျိုးမျိုး ခံစားနေရကာ စိတ်ဓာတ်ပျက်ပြား မျှော်လင့်ချက်ကင်း

မဲ့ ဖြစ်ကြရတယ်။ သူတို့မိသားစုတွေ ငတ်နေတယ်။ အဓမ္မစစ်ထဲ အသွင်းခံရတယ်။ သူတို့လယ်ယာတွေ အသိမ်းခံရတယ်။

ရှေ့တန်းစစ်မြေပြင်မှာ အငတ်ငတ်အပြတ်ပြတ်ဖြင့် အချည်းနှီးအသက်တွေ ပေးနေရတဲ့ စစ်သားများဟာ ငြိမ်းချမ်းရေးကို ဘယ်လောက် တမ်းတလိမ့်မလဲ။ အစားအစာရိက္ခာဖြစ်တဲ့ ပေါင်မုန့်ကို ဘယ်လောက် တမ်းတလိမ့်မလဲ။ လက်လွှတ်ဆုံးရှုံးသွားတဲ့ မြေယာကို ဘယ်လောက် တမ်းတလိမ့်မလဲ။

ဇာဘုရင်ရဲ့ ဆောင်းရာသီနန်းတော်ကို ဘော်ရှီဗစ်အလုပ်သမားရဲဘော်တွေ သိမ်းပိုက်လိုက်ပြီး ဇာအစိုးရကို ဖြုတ်ချလိုက်ပြီးနောက် လီနင်ရဲ့ 'ပေါင်မုန့် ငြိမ်းချမ်းရေး နဲ့ မြေယာ' ဆိုတဲ့ ကြွေးကြော်သံအောက်မှာ တော်လှန်ရေးကို ချေမှုန်းဖို့ ရှေ့တန်းက ပြန်ခေါ်လာတဲ့ ဇာစစ်တပ်ကော ရှေ့တန်းကို တွန်းပို့ခံရတဲ့ စစ်သားများပါ ဗိုလ်ချုပ်ကြီးများရဲ့အမိန့်ကို ငြင်းဆန်ပြီး တပ်ပျက်ကာ အိမ်ပြန်ကုန်ကြပါတယ်။

အဲ့ဒီကာလ ရုရှားတော်လှန်ရေးရဲ့ အခက်အခဲကို လီနင်က ယခုလိုပြောခဲ့တယ်။

'ရုရှားတော်လှန်ရေးရဲ့ အခက်အခဲဟာ ဘာလဲဆိုတော့ ရုရှားတော်လှန်တဲ့ အလုပ်သမားလူတန်းစားအဖို့ အနောက်ဥရောပ အလုပ်သမားလူတန်းစားထက်စာရင် တော်လှန်ရေးကို စတင်ဖို့ လွယ်ကူသော်လည်း ဆက်လက်သယ်ဆောင်သွားဖို့ ပိုမိုခက်ခဲပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ အနောက်နိုင်ငံတွေမှာ ပစ္စည်းမဲ့များအနေဖြင့် မြင့်မားတဲ့ယဉ်ကျေးမှုရေးရာ အောင်မြင်မှုတွေနဲ့ ရင်ဆိုင်နေရသော်လည်း အလုပ်သမားလူတန်းစားဟာ ယဉ်ကျေးမှုအရ ကျွန်ပြုခံနေရလို့ ဖြစ်တယ်'။ (The Current Situation. June 27 – July 2, 1918)( Fourth Conference Of Trade Unions and Factory Committees Of Moscow, June 27-July 2, 1918)

လီနင်သုံးသပ်ခဲ့သလိုပဲ ရုရှားတော်လှန်ရေးဟာ အခက်အခဲကြီးပါတယ်။

ဥရောပတော်လှန်ရေးတွေ ဖြစ်ပွားမလာတော့ ပိုလို့တောင် အခက်အခဲကြီးလာတယ်။ ဂျာမန်နဲ့ တူရကီ (အော်တိုမန်အင်ပိုင်ယာ) တပ်တွေက ဇာအင်ပိုင်ယာထဲက ရုရှားပြည်နယ်တွေကို ဝင်ရောက်ကျူးကျော်လာတယ်။ တပ်ဖြူ (ဇာလက်ကျန်တပ်) ဗိုလ်ချုပ်တွေကို မြှောက်ပေးတယ်။ ဗြိတိသျှ၊ ပြင်သစ်တို့ကလည်း တဖက်မှာ ဂျာမန်နဲ့တိုက်ရင်း တဖက်မှာ ရုရှားပြည်တွင်းရေးကို ဘောလ်တစ်နိုင်ငံတွေမှတဆင့် ဝင်စွက်လာတယ်။ ဒီလိုနဲ့ ရုရှားပြည်တွင်းစစ် (တပ်ဖြူတွေနဲ့တိုက်ရ) ဖြစ်လာတယ်။ ဒုတိယကမ္ဘာစစ်ပြီးသွားပြီးနောက် နယ်ချဲ့နဲ့နောက်လိုက် နိုင်ငံ ၁၄ နိုင်ငံတို့ရဲ့ ကျူးကျော်မှုကို ခုခံတွန်းလှန်ရတယ်။

လီနင်ဘာလုပ်သလဲ။

မြေယာဝေခြမ်းရေးလုပ်တယ်။ အလုပ်သမားရဲဘော်တွေ ကျေးလက်လွှတ်ပြီး ဆင်းရဲလယ်သမားများကို ကူခိုင်းတယ်။ မြေရှင်တွေ အမြတ်ကြီးစားတွေ ရိက္ခာမှောင်ခိုသူတွေထံမှ ရိက္ခာတွေ သိမ်းတယ်။ ငတ်နေသူတွေကို ဝေတယ်။ အကျပ်အတည်းကာလ 'ရိက္ခာကိုတာစနစ်' ကျင့်သုံးတယ်။ စက်ရုံတွေကို ရအောင်လည်ပတ်ပြီး လယ်သမားတွေကို အထူးစျေးနဲ့ရောင်းပေးတယ်။ စိုက်ပျိုးရေး တရာသီကို ကုန်းရုန်းဖြတ်သန်းပြီးနောက် အငတ်ဘေးကို အတော်အတန် ကျော်လွှားနိုင်လာတယ်။ ဒီလိုနဲ့ အလုပ်သမား–လယ်သမား မဟာမိတ်ဖွဲ့မှုကို ခိုင်မာစေတယ်။ တဖက်မှာ တပ်ဖြူတွေကို တိုက်နေရတယ်။ တပ်နီတော်ကိုလည်း တည်ဆောက်ရတယ်။ အခုအချိန်မှာ အလိုအပ်ဆုံးအရာက 'အချိန်'ပဲ ဖြစ်တယ်လို့ လီနင်က ရှင်းပြခဲ့တယ်။ ရန်သူကို မကြောက်ဘူး။ အခက်အခဲကို မကြောက်ဘူး။ အချိန်လုပြီး မိမိရဲ့ အတ္တဘာဝအင်အားကို တည်ဆောက်ဖို့ကိုသာ လီနင်က အာရုံစိုက်တယ်။

တိုင်းပြည်ကို စစ်ထဲကရုန်းထွက်ဖို့ ဂျာမန်နဲ့ ဘရက်လစ်တော့ ငြိမ်းချမ်းရေးစာချုပ် (Brest Litovsk Peace Treaty) ကို အနာခံပြီးချုပ်တယ်။ ဓားပြအတိုက်ခံနေရချိန်မှာ အသက်မသေအောင် ပစ္စည်းတချို့ ပေးလိုက်ရသလိုပါပဲလို့ လီနင်က ရှင်းပြတယ်။ ဂျာမန်စစ်ရှုံးတော့ ဒီစာချုပ်လည်း အလိုလိုပျက်ပြယ်သွားတယ်။ ကျေးလက်ပြန်ရောက်ပြီး အလုပ်သမားရဲဘော်တွေနဲ့ ထိတွေ့ဆက်ဆံရကာ အတွေးအခေါ်ပြောင်းလာတဲ့ လယ်သမားများဟာ တပ်နီတော်အတွင်း စွမ်းစွမ်းတမံ တိုက်ခိုက်ရေးကောင်းတဲ့ စစ်သည်တော်တွေ ဖြစ်လာတယ်။ ဒီလိုနဲ့ တပ်နီတော်ဟာ တဟုန်ထိုးကြီးထွားလာပြီး တိုက်တိုင်းအောင်တပ်ကြီး ဖြစ်လာခဲ့ပါတယ်။

လီနင်ဦးဆောင်တဲ့ ဘော်ရှီဗစ်ပါတီရဲ့ ခိုင်မာပြတ်သားတဲ့ ဦးဆောင်မှု၊ ထက်မြက်တဲ့ ခွဲခြမ်းစိပ်ဖြာ သုံးသပ်နိုင်မှု၊ ရုရှားပစ္စည်းမဲ့များရဲ့ သွေးစည်းညီညွတ်မှုနဲ့ ရဲရင့်မှုတွေကြောင့် အခက်အခဲများကို ကျော်လွှားကာ အောင်ပွဲဆင်နိုင်ခဲ့ပါတယ်။

(၁၁ ဒီဇင်ဘာ ၂၀၁၅)

# ဆက်လက်တည်ရှိနေဦးမည့် အာဏာ၊ ဓန၊ အင်အားဆိုင်ရာ စိန်ခေါ်မှုများ

**ကြီးမားတဲ့ စိန်ခေါ်မှုက ဘာလဲ၊**

ဒီနေ့ အကူးအပြောင်းကာလအတွက် ကြီးမားတဲ့ စိန်ခေါ်မှုက ဘာလဲ–တဲ့၊ တွေ့ဆုံဆွေးနွေးမှုတခုမှာ အနိုင်ရပါတီရဲ့ ခေါင်းဆောင်က မေးမြန်းခဲ့တယ်လို့ ဦးရွှေမန်းက ဆိုပါတယ်။ သူပြောတဲ့ တွေ့ဆုံဆွေးနွေးမှုတွေဆိုတာက သမ္မတ၊ လွှတ်တော်ဥက္ကဋ္ဌ၊ ကာချုပ်၊ ဗိုလ်သန်းရွှေ တို့နဲ့ အနိုင်ရပါတီခေါင်းဆောင်တို့ လတ်တလော တွေ့ဆုံဆွေးနွေးမှုတွေကို ရည်ညွှန်းတာပါ၊ ဒီမေးခွန်းကို အများပြည်သူတွေကလည်း ဖြေကြည့်ကြစေချင်တယ်လို့ ဦးရွှေမန်းက တောင်းဆိုပြန်ပါတယ်။

ပထမဆုံးအနေနဲ့တော့ အကူးအပြောင်းကာလနဲ့ပတ်သက်တဲ့ သူ့ရဲ့ပြောဆိုချက်ကို အရင် လေ့လာစူးစမ်းရမှာပါ၊ ဒီအကူး အပြောင်းကာလအတွက် "နိုင်ငံတည်ငြိမ်အေးချမ်းအောင်၊ ငြိမ်းချမ်းအောင်၊ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ဖို့ နိုင်ငံချစ်သူများက ယနေ့အချိန်အခါတွင် ညှိနှိုင်းတိုင်ပင် ကြိုးစားလျက် ရှိကြသည်"လို့ ဆိုထားပါတယ်။ သူပြောတဲ့ နိုင်ငံချစ်သူများဆိုတာက အနိုင်ရ ပါတီရဲ့ခေါင်းဆောင်ကလွဲရင် သမ္မတ၊ ကာချုပ်၊ လွှတ်တော်ဥက္ကဋ္ဌနဲ့ ဦးသန်းရွှေတို့ကို ဆိုလိုတာပါ၊ အနိုင်ရပါတီရဲ့ခေါင်းဆောင်က လွဲရင် သူတို့အားလုံးဟာ လက်ရှိ ဘာတာဝန်တွေ ယူထားထား၊ တကယ်ကတော့ စစ်အုပ်စုဝင်တွေ၊ စစ်တပ်ထိပ်သီးတွေပါပဲ။ သူတို့ဟာ တကယ်ပဲ နိုင်ငံချစ်သူများ ဟုတ်ပါသလား၊ သူတို့ တိုင်းပြည်အုပ်ချုပ်စဉ်ကာလမှာ တိုင်းပြည်ဟာ ဘယ်လိုတိုးတက်ဖွံ့ဖြိုးမှုတွေ ရခဲ့ပါသလဲ၊ ဘယ်လို ငြိမ်းချမ်းမှုတွေ ရခဲ့ပါသလဲ၊ ဘယ်လို သာယာဝပြောမှုတွေ ရခဲ့ပါသလဲ။ တိုးတက်ဖွံ့ဖြိုးမှုတွေ၊ ငြိမ်းချမ်းမှုတွေနဲ့ သာယာဝပြောမှုတွေ မရှိခဲ့ဖူးဆိုတာတော့ ဗမာပြည် ပြည်သူလူထုတရပ်လုံးက တည်ကြည်လေးနက်စွာ တညီတညွတ်တည်း အဖြေပေးလိုက်ပြီးပါပြီ၊ ရွေးကောက်ပွဲမှာ စစ်တပ်ပါတီဖြစ်တဲ့ ကြံ့ဖွံ့ပါတီကို တခဲနက်ဆန့်ကျင်ပြလိုက်တာဟာ ပြည်သူလူထုရဲ့ အပြတ်သားဆုံး အဖြေပဲ မဟုတ် ပါလား။

သူတို့ပြောတဲ့ အကူးအပြောင်း ကာလဆိုတာကရော ဘာလဲ။ ၂၀၀၈ ဥပဒေဘောင်အောက်က ကျင်းပတဲ့ ရွေးကောက်ပွဲ ပြီးဆုံးပြီးနောက် ၂၀၀၈ ဥပဒေဘောင်အောက်မှာ ပြုလုပ်တဲ့ အစိုးရအပြောင်းအလဲကာလကို ဆိုလိုနေတာပါ၊ တခြားနိုင်ငံများမှာလို ရွေးကောက်ပွဲပြီးဆုံးပြီးနောက် အနိုင်ရပါတီက ချောချောမောမော အဆင်ပြေပြေ အာဏာလွှဲပြောင်းရယူနိုင်တဲ့ အနေအထားမျိုးမဟုတ်ဘဲ အာဏာလွှဲပေးမှ ပေးပါ့မလားဆိုပြီး စိုးရိမ်ပူပန်နေရတဲ့ အနေအထားမို့ အကူးအပြောင်းကာလမှာ ကြီးမားတဲ့ စိန်ခေါ်မှုက ဘာလဲ–လို့ မေးခွန်းထုတ်နေကြရတာပါ၊

စိန်ခေါ်မှုတွေနဲ့ စိုးရိမ်ပူပန်ရမှုတွေကတော့ ဒီလို အစိုးရအကူးအပြောင်းကာလအတွက်သာ မဟုတ်ဘဲ ရှေ့မှာလည်း ဆက်လက် ပြီး တွေ့ကြုံရင်ဆိုင်နေရဦးမှာပါ။ ဒီစိန်ခေါ်မှုတွေဟာ တကယ်က အနိုင်ရပါတီအတွက်သာမက ပြည်သူလူထုကိုပါ ခြိမ်းခြောက်နေတဲ့ အန္တရာယ်တွေလည်း ဖြစ်ပါတယ်။ ဒါကြောင့် ဘယ်သူမေးမေး မမေးမေး တိုင်းချစ်ပြည်ချစ် ပုဂ္ဂိုလ်များအနေနဲ့လည်း ဒီပြဿနာကို အလေး အနက်ထား စဉ်းစားနေကြတာပါပဲ။ ကြီးမားတဲ့ စိန်ခေါ်မှုတွေ ဘက်စုံမှာ ရှိနေကြတာပါ။ စိန်ခေါ်မှုတွေအပေါ် အမြင်အမျိုးမျိုးလည်း ရှိနေကြမှာပါ။

## အာဏာဆိုင်ရာ စိန်ခေါ်မှု

အနိုင်ရပါတီရဲ့ခေါင်းဆောင်တွေနဲ့ စစ်တပ်ဘက်က ခေါင်းဆောင်တွေရဲ့ အပြန်အလှန် နားလည်မှု ရရှိရေးဟာ ဒီနေ့ကာလ အတွက် အကြီးမားဆုံး စိန်ခေါ်မှုလို့ ယူဆကြသူတွေလည်း ရှိနေပါတယ်။ ဒါဟာ အရင်းစစ်လိုက်ရင် အာဏာပြဿနာပါပဲ။ အစိုးရအာဏာ လွှဲပြောင်းရေးအတွက်ပင်လျှင် စစ်ဘက်ရဲ့ ကြည်ဖြူမှုကို ရယူထားဖို့ လိုအပ်တယ်ဆိုတာကို ဖော်ပြနေခြင်းလည်း ဖြစ်ပါတယ်။

ရွေးကောက်ပွဲဆိုတာလည်း တကယ်က အစိုးရအာဏာ ရရှိဖို့ လူထုဆန္ဒကို အမှီပြုပြီး သူနိုင်–ငါနိုင် အပြိုင်ကြဲရတဲ့ ပွဲ ဖြစ်ပါ တယ်။ ဒါပေမဲ့ ဗမာပြည်က ရွေးကောက်ပွဲဟာ မဲအနည်းငယ် အသာစီးရရုံနဲ့ အစိုးရဖွဲ့နိုင်ဖို့ မသေချာသေးပါဘူး။ ရွေးကောက်ပွဲမှာ ၇၀ ရာခိုင်နှုန်း၊ ၈၀ ရာခိုင်နှုန်း အသာရတော့ကော အစိုးရဖွဲ့နိုင်ဖို့ သေချာပြီတဲ့လား။ ၉၀ ခုနှစ် ရွေးကောက်ပွဲ သင်ခန်းစာအရ စစ်တပ်က အာဏာကို ရှောရှောရှူရှူ လွှဲပေးပါ့မလားဆိုတဲ့ ပြဿနာနဲ့ ထိပ်တိုက်တိုးလာရပြန်တယ်။ အဲဒီအခက်အခဲကို ကျော်လွှန်သွားတော့ရော စိန်ခေါ်မှုတွေ မရှိပြန်တော့ဘူးလား။ လွှတ်တော်ထဲမှာ အစိတ်သား စစ်တပ်ကိုယ်စားလှယ်တွေက အသင့်စောင့်ဆိုင်းနေကြပြန်တယ်။ ဒီစစ်တပ်ကိုယ်စားလှယ် လွှတ်တော်အမတ်တွေ သဘောမတူဘဲ လွှတ်တော်က တိုင်းပြည်အတွက် ဘယ်လို အရေးကြီးတဲ့ ဆုံးဖြတ်ချက်ကိုမှ ချနိုင်မှာ မဟုတ်ပါ။ ဒါ့အပြင် ကာကွယ်ရေး၊ ပြည်ထဲရေးနဲ့ နယ်စပ်ရေးရာဝန်ကြီးဌာနဆိုတဲ့ ဝန်ကြီးဌာန သုံးခုကို စစ်တပ်က ခန့်ထားတာပါ။ နောက်ထပ် ဝန်ကြီးဌာန သုံးခုလောက်တောင် စစ်တပ်ထဲက လူကို ခန့်ထားဖို့ တောင်းဆိုနေတယ်လို့ ကြားနေရပါတယ်။ သမ္မတဦးသိန်းစိန် ကို နောက်ထပ် တနှစ်လောက် အာဏာဆက်ပေးထားဖို့ တောင်းဆိုတဲ့သူတောင် ရှိနေသေးတာမို့ ဒီသတင်းဟာလည်း မဖြစ်နိုင်ဘူးလို့ ပြောမရပါဘူး။ အနိုင်ရလွှတ်တော်အမတ်တွေဟာ လွှတ်တော်ထဲ ရောက်ရင်လည်း ၂၀၀၈ အခြေခံဥပဒေကို လိုက်နာဖို့ ကျမ်းကျိန်ရ ဦးမှာဖြစ်လို့ ဒါဟာလည်း ၂၀၀၈ အခြေခံဥပဒေရဲ့ ချုပ်နှောင်မှုခံရမယ့်သဘော ဖြစ်နေပါတယ်။ ဒါ့အပြင် သူတို့ စိတ်တိုင်းမကျတဲ့တနေ့ အချိန်မရွေး အာဏာထပ်သိမ်းခွင့်ကလည်း ဥပဒေထဲမှာကို အတိအလင်း ထည့်သွင်းရေးဆွဲပြီးသားပါ။ ဒါတွေဟာ အတားအဆီး အဟန့်အတားတွေပါပဲ။

ရွေးကောက်ပွဲမတိုင်မီ စောစောကတည်းက ဒေါ်အောင်ဆန်းစုကြည်က သမ္မတဖြစ်ချင်တယ်လို့ ပြောကြားခဲ့ပါတယ်။ အစိုးရ အာဏာရဲ့ အမြင့်ဆုံးအာဏာထိုင်ခုံကို ရယူထားလိုတဲ့ သဘောပါ၊ အလားတူ ဦးရွှေမန်းရော၊ သမ္မတ ဦးသိန်းစိန်ရော သမ္မတရာထူး အတွက် မျှော်မှန်းတဲ့ ပြောဆိုမှုတွေ ရှိခဲ့ကြပါတယ်။ ကာချုပ်ပင်လျှင် ဒီဆန္ဒမျိုး ရှိနေနိုင်ပါတယ်။ စစ်အုပ်စုမှာ တူညီချက်တခုကတော့ ဒီရာထူးကိုပင်လျှင် ဒေါ်အောင်ဆန်းစုကြည်ကို မပေးလိုခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ဖွဲ့စည်းအုပ်ချုပ်ပုံ ရေးဆွဲကတည်းက ဒေါ်အောင်ဆန်း စုကြည် ဒီနေရာ မရနိုင်အောင် ဥပဒေတားမြစ်ချက်တွေနဲ့ ကြိုတင်ပိတ်ကာ ထားခဲ့ကြတာပါ။

ရွေးကောက်ပွဲကာလမှာ ဒေါ်အောင်ဆန်းစုကြည်က သမ္မတအထက်မှာ ရှိနေမယ်လို့ ပြောလိုက်တော့ ပွက်လောရိုက် ကုန်ကြပါတယ်။ တရားလွှတ်တော်ရှေ့နေ ဦးကိုနီကတော့ ဒေါ်အောင်ဆန်းစုကြည် ဒီလို ပြောတာဟာ ဗမာနိုင်ငံရဲ့ အခြေအနေအရ မမှားဘူးလို့ ရှင်းလင်းတွက်ချက်ပြပါတယ်။ တကယ်က ဒေါ်အောင်ဆန်းစုကြည်ဟာ သမ္မတရဲ့ အထက်ကို မိုးပျံအောင် တက်နေနေ၊ သူ့ အထက်မှာ တကယ့်အာဏာကို ချုပ်ကိုင်ထားသူ ရှိနေပြန်ပါတယ်။ ဦးသိန်းစိန် သမ္မတဖြစ်တုန်းကလည်း သူ့အထက်မှာ အာဏာချုပ်ကိုင် ထားသူ ရှိနေတာပါပဲ။ ဘယ်သူ သမ္မတ တက်လုပ်လုပ် အဲဒီ တကယ့်အာဏာပိုင်ကတော့ ရှိနေမှာပါ၊ အဲဒါကတော့ ကာလုံနဲ့ ကာချုပ်ပါ။ နောက်ပြီး ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ၊ ကာလုံနဲ့ ကာချုပ်ဆိုတာလည်း တကယ်က စစ်အုပ်စုက ခန့်ထားတဲ့ စစ်အုပ်စုရဲ့ အာဏာ ကိုယ်စားလှယ်တွေပဲ ဖြစ်ပါတယ်။ သူတို့မလိုလားရင် အစိုးရကို ဖယ်ရှားပြီး အာဏာသိမ်းနိုင်တဲ့ တကယ့်အခွင့်အာဏာကို သူတို့ကိုင်ထား ပါတယ်။ တိုင်းပြည်ရဲ့ သေရေးရှင်ရေး အပြောင်းအလဲလုပ်နိုင်တဲ့ အာဏာကို သူတို့ကိုင်ထားတာပါ။ စစ်တပ်သဘောမတူရင် ဘာမှလုပ်လို့ မရနိုင်အောင် ကာလုံနဲ့ အစိတ်သား စစ်တပ်ကိုယ်စားလှယ်တွေက ချုပ်ထိန်းထားပါတယ်။ တကယ်က ဒီမိုကရေစီကို ဦးတည်သွားနေတဲ့ လမ်းခရီးမှာ ရှိနေတဲ့ အကြီးမားဆုံး အတားအဆီး(ဒါမှမဟုတ်) အကြီးမားဆုံး စိန်ခေါ်မှုကြီးဟာ တပြည်လုံးက မြင်တွေ့နိုင်အောင် ထီးထီး မားမားကြီး ကန့်လန့်ခံ တည်ရှိနေတဲ့ တံတိုင်းကြီး တခုပါ။ အဲဒါကတော့ စစ်အုပ်စုနဲ့ စစ်အာဏာရှင်စနစ်ပါပဲ။ ၂၀၀၈ ဖွဲ့စည်းပုံဥပဒေ ဆိုတာက ဒီစစ်အာဏာရှင်စနစ်ကို သားစဉ်မြေးဆက် တည်တံ့အောင်၊ တနည်းအားဖြင့် စစ်အုပ်စုလက်ထဲက အာဏာကို ဘယ်သူ့ကိုမှ လွှဲမပေးရအောင် အခိုင်အခံ့တည်ဆောက်ထားတဲ့ နောက်ထပ် ခံကတုတ်တခုပါ။

## ဓနဘက်ဆိုင်ရာ စိန်ခေါ်မှု

အနိုင်ရပါတီဟာ စီးပွားရေးဆိုင်ရာဘက်မှာတော့ လွတ်လွတ်လပ်လပ် လုပ်နိုင်ကောင်းရဲ့လို့ တချို့က မျှော်လင့်တွက်ဆနေကြပါတယ်။ သူတို့ဟာ ဝမ်းခေါင်းကျယ်လွန်းလှတဲ့ စစ်အုပ်စုကို မေ့လျော့တွက်ဆနေကြသလား စဉ်းစားမိပါတယ်။ စစ်အုပ်စုလို့ သုံးလိုက်ပေမယ့် တိုက်ရိုက်တာဝန်ရှိသူ စစ်အုပ်စုရော သူရဲ့ စီးပွားရေးလုပ်ငန်းဖြစ်တဲ့ ဦးပိုင်ရော၊ သူ့ဝေစုခွဲပေးရတဲ့ ခရိုနီတွေ၊ သူ့ဆွေမျိုးသားချင်းတွေနဲ့ မိုက်ဖော်ဆိုးဖက်တွေ အကုန်ပါဝင်ပါတယ်။ သူတို့ အစားကြီး ဝမ်းခေါင်းကျယ်လွန်းလှတဲ့အတွက် ဗမာပြည် တပြည်လုံးက သယံဇာတတွေ ပြောင်သလင်း ခါနေပါပြီ။ တိုင်းပြည် ဖွံ့ဖြိုးမှုအနိမ့်ဆုံးနိုင်ငံဘဝ ရောက်ခဲ့ရတာ အနှစ်သုံးဆယ်နီးပါး ရှိပါပြီ။ ခုထိ ဒီဘဝက ရုန်းမထွက်နိုင်သေးပါဘူး။ သူတို့ဟာ တိုင်းပြည်ကို လက်ညှိုးထိုးရောင်းစား၊ ပြည်သူ့အကျိုးစီးပွားကို နင်းချေပြီး သူတို့အကျိုးစီးပွားသာမက သူတို့ရဲ့ သားစဉ်မြေးဆက် အကျိုးစီးပွားအတွက် ဉစ္စာနေကို မတရားလုယက်သိမ်းပိုက်နေကြသူတွေပါ။ တိုင်းပြည်နဲ့ ပြည်သူပြည်သားတွေအတွက်တော့ သူတို့ဟာ ကြွေးမြီဝန်ထုပ်ဝန်ပိုးတွေကိုပဲ ပေးထားကြပါတယ်။

ဗမာနိုင်ငံဟာ ပြီးခဲ့တဲ့ မေလအထိ နိုင်ငံတကာကြွေးမြီ အမေရိကန်ဒေါ်လာ ၉ ဘီလီယံကျော် တင်ရှိနေပါတယ်။ အဲဒီအထဲမှာ တရုတ်ပြည်ကို ပေးဆပ်ဖို့လိုတဲ့ အကြွေးကိုက အမေရိကန်ဒေါ်လာ ၄ ဒသမ ၂ ဘီလီယံ ရှိနေပါတယ်။ ပြည်တွင်း ကြွေးမြီအနေနဲ့လည်း ကျပ်ငွေ ၁၀ ဒသမ ၆၁၇ ထရီလီယံ (အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံခန့်) တင်ရှိနေပါတယ်။ မွေးကင်းစ ကလေးငယ်ကနေ သေအံ့ဆဲဆဲ သက်ကြီးရွယ်အိုတွေအထိ လူတဦးချင်းစီ အကြွေးငွေ ၅ သိန်းဆိုတဲ့ ဝန်ထုပ်ဝန်ပိုးကြီးကို စစ်အုပ်စုက အမြဲတမ်း အထမ်းခိုင်းထားတာပါ။

တဖက်မှာကျ စစ်အုပ်စုနဲ့ သူ့ အပေါင်းပါတွေကတော့ တိုင်းပြည်ရဲ့ အလွန်များပြားလှတဲ့ အကျိုးအမြတ်တွေကို နည်းမျိုးစုံနဲ့ ရယူထားကြတာပါ၊ တိုင်းပြည်လည်း တောတွေပြုန်း တောင်တွေပျောက် မြစ်ချောင်းအင်းအိုင်တွေ ခန်းခြောက် နာလန်ထူဖို့ ခက်ခဲလောက်အောင် ဆုံးရှုံးမှု ကြီးမားနေပါပြီ။ ၂၀၁၄ ခုနှစ်အတွင်း တရုတ်နိုင်ငံမှာ အရောင်းအဝယ်ဖြစ်ခဲ့တဲ့ မြန်မာနိုင်ငံက တမလန်းသစ် အမျိုးအစားတခုတည်းကပဲ ဒေါ်လာ ၃ ဘီလီယံကနေ ၄ ဒသမ ၆ ဘီလီယံကြား ရှိခဲ့ပေမယ့် ဗမာနိုင်ငံက ပြန်ရခဲ့တာက ဒေါ်လာ သန်း ၄၀၀ လောက်သာ ရှိခဲ့ပါတယ်။ ဒါဟာ တမလန်းသစ်တမျိုးတည်းက နိုင်ငံအတွက် နစ်နာချက်ကို တွက်ချက်ထားတာပါ၊ ကျွန်းသစ်အပါအဝင် တခြားသစ်တွေ အပစ်ရပ်အဖွဲ့တွေ လုပ်ပိုင်ခွင့်ပေးခဲ့တာရော၊ မှောင်ခိုရော အစိုးရခွင့်ပြုချက်နဲ့ ခုတ်ရောင်းတာရော တိုင်းပြည်ဘယ်လောက် နစ်နာဆုံးရှုံးမလဲ။ မှန်းဆကြည့်နိုင်ပါတယ်။ ဗမာနိုင်ငံကနေ တရုတ်ပြည် ယူနန်ပြည်နယ်ကို သစ်ခိုးထုတ်မှု ပမာဏဟာ တနှစ်လျှင် တန်ချိန် တသန်းခန့် ရှိနေတယ်လို့ ဆိုပါတယ်၊ ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၄ ခုနှစ်အထိ ၁၃ နှစ်အတွင်း ကုဗမီတာ ၁၆ ဒသမ ၅ သန်း ရှိတဲ့ သစ်လုံးတွေ ခိုးထုတ်ခဲ့ကြတယ်၊ တရားမဝင် သစ်ရောင်းမှု တန်ဖိုးဟာ ဒေါ်လာ သန်း ၅၇၀၀ ခန့် ရှိပါတယ်။ ဗမာပြည် တပြည်လုံး ပညာရေးနဲ့ ကျန်းမာရေးစရိတ် စုစုပေါင်းရဲ့ ၄ ဆ ရှိတယ်။ ဒီလို တိုင်းပြည်ရဲ့ သယံဇာတဖြစ်တဲ့ သစ်တွေကို စစ်အာဏာရှင်စနစ် သက်တမ်းရဲ့ ၂၅ နှစ်အတွင်း ထင်သလို ခုတ်လှဲရောင်းချခဲ့တာ ဘယ်လောက်များ တိုင်းပြည်အတွက် ဆုံးရှုံးနစ်နာမလဲ။ မှန်းဆကြည့်နိုင်ပါတယ်။

တိုင်းပြည်ရဲ့ အဖိုးတန်သယံဇာတတွေက တိုင်းပြည်အတွက် ကြီးမားတဲ့ ပမာဏနဲ့ အကျိုးအမြတ်တွေ ပေးအပ်နေတာပါ၊ ဒါတွေ ဘယ်သူ့လက်ထဲ ရောက်သွားသလဲ။ ဒါကို ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းကိုပဲ နမူနာထားပြီး တင်ပြပါမယ်။

ကျောက်စိမ်းရောင်းရတဲ့ဝင်ငွေဟာ ၂၀၁၄ ခုနှစ်၊ တနှစ်အတွင်းမှာကိုပဲ ဒေါ်လာ ၁၂ ဘီယံမှ ၃၁ ဘီလီယံကြား ရရှိပါတယ်။ အလွန်ကြီးမားတဲ့ ငွေပမာဏပါ။ ဒါဟာ ကျန်းမာရေးအတွက် အစိုးရသုံးနေတဲ့ ကျန်းမာရေးစရိတ်ထက် ၄၆ ဆ ရှိနေပါတယ်၊ တနိုင်ငံလုံး၏ တရားဝင် အသားတင် ကုန်ထုတ်လုပ်မှုတန်ဖိုး (GDP) ရဲ့ ၄၈ ရာခိုင်နှုန်း ဖြစ်ပါတယ်၊ အကျိုးအမြတ် အများစုကို တပ်မတော်ရဲ့မြန်မာ့စီးပွားရေးဦးပိုင်နဲ့ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၊ ထူးအုပ်စု၊ အေရှားဝေါလ်၊ KBZ Group Ever Winner လုပ်ငန်းစုနဲ့ Sky Net ကုမ္ပဏီ။ မူးယစ်ရာဇာ ဝေရှောက်ခမ်းတို့နဲ့ ဆက်စပ်နေတဲ့ ကုမ္ပဏီလုပ်ငန်းတွေကပဲ ချုပ်ကိုင်သိမ်းယူသွားခဲ့တာပါ။ ဖားကန့်မှာ မြေကေပေါင်း နှစ်သောင်းကျော်၊ လုပ်ကွက် ရှစ်ထောင်ကျော်မှာ လုပ်ကိုင်နေတဲ့ ကုမ္ပဏီပေါင်း (၈၅၀) ရှိပါတယ်။ ဒီကုမ္ပဏီတွေ အားလုံးဟာ နေပြည်တော်က စီးပွားရေး တာဝန်ခံတွေနဲ့ ဆက်နေတဲ့ ကုမ္ပဏီတွေချည်းပါ။ တနည်းအားဖြင့် စစ်အစိုးရနဲ့ ဆက်စပ်နေတာတွေချည်းပါပဲ၊ လူပုဂ္ဂိုလ်အနေနဲ့ ပြောရင်တော့ စစ်အုပ်စုဝင်ဖြစ်တဲ့ ဦးသန်းရွှေနဲ့မိသားစုများ၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ ကြံ့ဖွံ့ပါတီ အထွေထွေအတွင်းရေးမှူးဟောင်း ဗိုလ်ချုပ်ဟောင်း ဦးမောင်မောင်သိန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဟောင်း ဦးဘုန်းဆွေ၊ ဗိုလ်ချုပ်ဟောင်း ဦးဝင်းသန်းတို့ နာမည်တွေဟာ ဖုံးမရ ဖိမရ ပေါ်ထွက်လာခဲ့ပါတယ်။။ ကျန်တဲ့ စစ်အုပ်စုဝင်တွေလည်း နောက်ကွယ်ကနေ တနည်းနည်းနဲ့ ဒီအကျိုးအမြတ်တွေကို ခွဲဝေခံစားရမယ်ဆိုတာ သံသယ ရှိစရာ မလိုပါဘူး။

ဦးပိုင်၊ စစ်အုပ်စုဝင်တွေနဲ့ သူတို့အပေါင်းပါတွေ၊ ခရိုနီတွေရဲ့ အိတ်တွေသာ ဖောင်းသွားတယ်။ ဖားကန့်မှာ မူလကတည်းက ရှိနေတဲ့ ချိုင့်ကြီးက လောဘတကြီး ကျောက်တူးထားတဲ့ ချိုင့်သစ်ကြီးရဲ့အထက်မှာ တောင်မြင့်ကြီးတလုံးလို ဖြစ်သွားတဲ့ အခြေအနေ ရောက်နေပါပြီ။ ဥရုချောင်းပျက်သွားပြီ။ ဗမာပြည်သား လက်လုပ်လက်စားဆင်းရဲသားတွေရဲ့အသက်ပေါင်းများစွာ သည်ကျောက်စိမ်းမြေမှာ စတေးခဲ့ရပြီ။ ဒေသခံများ၊ တိုင်းရင်းသားများ ဘာအကျိုးခံစားခွင့်မှ မယ်မယ်ရရလက်ဆုပ်လက်ကိုင် ပြစရာမရှိ။ တိုင်းပြည်လည်း ဘာအကျိုး စီးပွားမှ မရ၊ အစိုးရ ရယူရမယ့် အခွန်အကောက်တောင် အယိုယိုအပေါက်ပေါက်နဲ့ နစ်နာဆုံးရှုံးခဲ့တယ်။ ခုနောက်ဆုံးအချိန်မှာ အစိုးရသစ်တက်မလာခင် စက်ယန္တရားကြီးတွေ ထောင်နဲ့ချီပြီး ကျောက်စိမ်းမြေကိုမြေလှန် တူးနေကြပြီ၊ တိုင်းသူပြည်သားတွေ ရင်နာနာနဲ့ ထိုင်ကြည့်နေကြရတယ်။ မနေနိုင်သူတွေက စက်ယန္တရားတွေ ကားတွေကို တားမြစ်တာ လုပ်လာနေကြတယ်၊ အစိုးရနဲ့ သက်ဆိုင်ရာ တာဝန်ရှိသူတွေ ခွင့်မပြုရင် ဘယ်သူကမှ ဒီလို လာပြီး ကျောက်စိမ်းမြေကို မြေလှန်တူးတာ လုပ်နိုင်ကြမှာ မဟုတ်ဘူးဆိုတာလည်း ပြည်သူတွေ သိနေကြပြီ။ စစ်အုပ်စုနဲ့ စစ်အစိုးရအကျိုးစီးပွားသာမပါရင် ဒီလိုလုပ်ခွင့် ဘယ်သူက ပေးမလဲ။

ဒါဟာ ထင်သာမြင်သာ ရှိတဲ့ ကျောက်စိမ်းထုတ်လုပ်မှုလုပ်ငန်းကို ဥပမာ ပြတာပါ၊ ရွှေနဲ့ ဓာတ်သတ္တု တူးဖော်ရေးလုပ်ငန်း ဆိုရင်လည်း တိုင်းပြည်နစ်နာမှု အလွန်ကြီးပါတယ်။ လက်ပံတောင်းတောင် ဒေသကိုပဲ ကြည့်ပါ။ ဦးပိုင်နဲ့ တရုတ်ဝမ်ပေါင်ကုမ္ပဏီဖက်စပ် ကြေးနီ တူးဖော်ရေးလုပ်ငန်းကြောင့် ဗမာပြည်ကတောင်တွေ တလုံးပြီး တလုံးပြို၊ မြစ်ချောင်းတွေပါ ပျက်စီးတဲ့အဖြစ် ရောက်ရပါတယ်။ ဆင်းရဲသားတောင်သူလယ်သမားတွေ အသက်ပါဆုံးရှုံးခဲ့ရပြီး မြေဆုံးယာဆုံး လူလုံးမလှ ဒုက္ခတွေ ပင်လယ်ဝေအောင် ဦးပိုင်ရဲ့ အကျိုး စီးပွားကာကွယ်ဖို့အတွက် အာဏာပိုင်တွေရဲ့ ဖိနှိပ်ခြင်းကို ခံကြရတယ်။ ရွှေကျင်တဲ့လုပ်ငန်းတွေကို သူတို့အကျိုးစီးပွားအတွက် ခွင့်ပြုပေးခဲ့တာကြောင့် မြစ်ချောင်းတွေနဲ့ သဘာဝပတ်ဝန်းကျင်တွေ အဆိပ်သင့်နေရပါပြီ။ သဘာဝဓာတ်ငွေ့ တူးဖော်ရေးလုပ်ငန်းဘက်က များပြားလှတဲ့ ဝင်ငွေတွေဟာလည်း စစ်အသုံးစရိတ်၊ အစိုးရအသုံးစရိတ်လို့ စာရင်းသာ ပြထားပြီး တိုင်းပြည်အတွက် ထိထိရောက်ရောက် သုံးစွဲတာမျိုး မြင်တွေ့ရတာ မရှိပါ။

စစ်အုပ်စုနဲ့ စစ်အစိုးရဟာ သူတို့အကျိုးစီးပွားအတွက် တိုင်းပြည်ရဲ့ သယံဇာတတွေကို ထင်သလို ရောင်းချခဲ့ရုံမက ပြည်သူ ပြည်သား တောင်သူလယ်သမားတွေရဲ့ မြေယာတွေကိုပါ အတင်းအဓမ္မ လုယူသိမ်းပိုက်နေတာ တပြည်လုံးအသိပါ။ ဒီမြေယာလုယူ သိမ်းပိုက်မှု ပြုသူတွေထဲမှာ စစ်တပ်နဲ့ ဗိုလ်ချုပ်တွေ၊ ခရိုနီတွေအပြင် သမ္မတနဲ့ စစ်အုပ်စုထိပ်သီးတွေပင်လျှင် ပါဝင်နေကြတယ်။ မြေသိမ်းခံ တောင်သူလယ်သမားတွေ ဘဝတွေ ပျက်စီးပြီး လယ်သမားမိသားစုတွေ မျက်ရည်ဝေနေရတဲ့ အဖြစ်ဟာ တိုင်းပြည်အတွက် ကြီးမားတဲ့ ပြဿနာပါပဲ။

ယခု တင်ပြခဲ့တာတွေဟာ စီးပွားရေးဘက်ဆိုင်ရာ တခုလုံးအခြေအနေတွေ မပါသေးပါဘူး။ တိုင်းပြည်ကို ရောင်းစားပြီး သူတို့ အတွက် ဥစ္စာဓနရယူစုဆောင်းမှုနဲ့ သက်ဆိုင်တဲ့ ထင်သာမြင်သာရှိတဲ့ အခြေအနေတချို့ကိုသာ အကျဉ်းချုပ် ဖော်ပြလိုက်တာပါ။

ဆိုလိုရင်းကတော့ စစ်အုပ်စု၊ စစ်အစိုးရနဲ့ သူ့အပေါင်းပါတွေ ခရိုနီတွေဟာ စားတဲ့ဝါးတဲ့ဘက် တနည်းဆိုရင် ကိုယ်ကျိုးစီးပွား ရယူတဲ့ဘက်မှာ အလွန်လောဘရမ္မက်ကြီးပါတယ်။ ဝမ်းခေါင်းကျယ်ပါတယ်။ တင်းတိမ်မှု မရှိတတ်ပါဘူး။ စစ်အာဏာရှင်စနစ် ဆက်လက် တည်တံ့နေသမျှ၊ ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေကို မဖျက်သိမ်းနိုင်သေးသရွေ့ သူတို့ရဲ့ အကျိုးစီးပွားအတွက် မတရားရယူလိုမှုကို ဟန့်တားဖို့ မလွယ်ပါဘူး။ စစ်အုပ်စုနဲ့ စစ်အစိုးရဟာ သူတို့အကျိုးစီးပွားကို ကာကွယ်ဖို့ ရေ့မှာလည်း မီးကုန်ယမ်းကုန် ခုခံသွားမှာ သေချာပါတယ်။ တက်လာတဲ့အစိုးရဟာ ကိုယ်ကျိုးစီးပွားအတွက် သူတို့ ထင်သလို အမြတ်ထုတ်နေမှုကို မဟန့်တားနိုင်ရင် တိုင်းပြည်ရဲ့ စီးပွားရေးဟာ ဘယ်လိုမှ နာလန်ထူလာနိုင်မှာ မဟုတ်ပါ။ ဒါဟာလည်း တိုင်းပြည်အတွက် ကြီးမားတဲ့ စိန်ခေါ်မှုတခု ဖြစ်ပါတယ်၊ ခုလည်း တိုင်းပြည်ရဲ့ စီးပွားရေးနဲ့ ဘဏ္ဍာရေးအခြေအနေဟာ အနုတ်ဘက်ကို ဦးတည်နေတာပါ။

**အင်အားဆိုင်ရာ စိန်ခေါ်မှု**

ရွေးကောက်ပွဲအနိုင်ရပြီးတဲ့နောက်မှာ ဒေါ်အောင်ဆန်းစုကြည်က ဗမာနိုင်ငံအတွက် တိုင်းပြည်လွတ်လပ်ရေးရစက ကျင့်သုံးခဲ့တဲ့ နိုင်ငံခြားရေးဝါဒဟာ သင့်တော်ကိုက်ညီတယ်လို့ ပြောလိုက်ပါတယ်။ အဲဒီနိုင်ငံခြားရေးဝါဒဆိုတာ ဘက်မလိုက် ကြားနေရေးဆိုတဲ့ နိုင်ငံခြားရေးဝါဒပါ။ ဒီနိုင်ငံခြားရေးဝါဒကို ကျင့်သုံးစေဦး၊ ယနေ့အခါ နိုင်ငံချင်းဆက်ဆံရေးဆိုတာ တိုင်းပြည်အစိုးရချင်းသာမက ပါတီနဲ့တပ်မတော်ချင်းဆက်ဆံရေးအပါ ကဏ္ဍပေါင်းစုံဆက်ဆံရေးများ ဖြစ်တည်လာတာကတကြောင်း၊ ပြောင်းလဲလာနေတဲ့ ပထဝီနိုင်ငံရေးကြောင့်တကြောင်း ပြဿနာတွေ ဆက်လက်တည်ရှိနေနိုင်တယ်လို့ ဗမာပြည်နိုင်ငံရေးကို လေ့လာအကဲခတ်နေသူတွေက သုံးသပ်ကြပါတယ်။

ဗမာနိုင်ငံဟာ အရှေ့တောင်အာရှမှာ ပထဝီနိုင်ငံရေးအရ အချက်အချာ ကျနေတာကြောင့် တရုတ်၊ အမေရိကန်၊ အိန္ဒိယနဲ့ ဂျပန်တို့က ဗမာပြည်အပေါ် ဩဇာသက်ရောက်မှု ရရှိအောင် စောစွာကတည်းက ကြိုးပမ်းလာခဲ့ကြပါတယ်။

အမေရိကန်ဟာ ၂၀၁၂ ခုနှစ်မတိုင်မီကတည်းက သူရဲ့ နိုင်ငံခြားရေးနဲ့ ကာကွယ်ရေးဆိုင်ရာပေါ်လစီကို ပြောင်းလဲဖို့ စတင်စဉ်းစားခဲ့ပါတယ်။ ၂၀၁၂ ဇန်နဝါရီလ၅ ရက်နေ့ကျတော့ သူ့ရဲ့ကာကွယ်ရေးနဲ့ နိုင်ငံခြားရေးဆိုင်ရာမဟာဗျူဟာလမ်းညွှန်ကို ချမှတ်လိုက်ပါတယ်။ ဒီလမ်းညွှန်ရဲ့ပစ်မှတ်၊ ဦးတည်ချက်နဲ့ မဟာဗျူဟာဒေသဟာ အာရှ–ပစိဖိတ်ဒေသ ဖြစ်လာပါတယ်။ အာရှ–ပစိဖိတ်ဒေသမှာ စစ်နေရာချမှုတွေလည်း တိုးချဲ့ဆောင်ရွက်ခဲ့ပါတယ်။ ဩစတြေးလျကနေ ဂျပန်အပါအဝင် အာရှ–ပစိဖိတ်ဒေသမှာ တရုတ်ကို ဝိုင်းပိတ်တဲ့ စစ်နေရာချထားမှုအစီအမံတွေ ပြင်ထားပြီးပါပြီ။ ဒီရည်ရွယ်ချက်ရှိတဲ့အမေရိကန်အနေနဲ့ တရုတ်ရဲ့အနောက်တောင် ဝမ်းဗိုက်ပိုင်းမှာ တည်ရှိနေတဲ့ ဗမာပြည်ကို သူ့လက်ခုပ်ထဲက ရေ ဖြစ်လိုတဲ့ ဆန္ဒ ရှိမယ်ဆိုတာ ရှင်းနေပါတယ်။

ဒါကြောင့် အမေရိကန်သမ္မတ အိုဘားမားနဲ့ နိုင်ငံခြားရေးဝန်ကြီး ဗမာပြည်သို့ သမိုင်းဝင်ခရီးအဖြစ် လာပါတယ်။ ဒီနောက် အမေရိကန် စီအိုင်အေညွှန်မှူး လာပါတယ်။ သူတို့အပြင် အမေရိကန်ရဲ့ အပေါင်းပါတွေ၊ အဆွယ်အပွားတွေလည်း ခြေချင်းလိမ်အောင် ဗမာပြည်ကို လာခဲ့ကြတာပါ။ နောက်ပိုင်းမှာ အန်ဂျီအိုတွေ၊ အရပ်ဘက်လူ့အဖွဲ့အစည်းတွေနဲ့ သင်တန်းတွေကအစ ဗမာပြည်မှာ တစိမ့်စိမ့် ထိုးဖောက်လာခဲ့ကြပါတယ်။ အမေရိကန်ရဲ့လက်တံဟာ တရုတ်ပြည် ယူနန်ပြည်နယ်ရဲ့ ခြံစည်းရိုး ကချင်စစ်မြေပြင်ထိ ရောက်ရှိလာနေတာပါ။

တရုတ်ဘက်ကလည်း ဒီအခြေအနေတွေကို သိပါတယ်။ ဒါကြောင့် ဗမာပြည်ဆိုင်ရာ တရုတ်သံအမတ်က ဗမာပြည်မှာ အင်အားကြီးနိုင်ငံတွေရဲ့ ထိပ်တိုက်အားပြိုင်မှု ဖြစ်လာမယ်ဆိုရင် ဗမာနိုင်ငံအတွက် မကောင်းပါလို့ စောစွာကတည်းက ထုတ်ဖော်ပြောဆိုလာခဲ့ပါတယ်။ ရွေးကောက်ပွဲလွန်ကာလမှာလည်း အမေရိကန်နဲ့ အနောက်နိုင်ငံတွေ ဗမာပြည်ရဲ့ အစိုးရသစ်လက်ထက်မှာ ပိုမိုထိုးဖောက်လာမှာကို စိုးရိမ်မိကြောင်းတွေ၊ သတိပေးချက်တွေ တရုတ် သတင်းမီဒီယာများမှာ ဖော်ပြလာကြပါတယ်။ ဒါဟာ အမေရိကန်ရဲ့ တရုတ်ပြည်ကို ဝိုင်းပတ်ပိတ်ဆို့မှုတွေကြောင့်သာမက ဗမာပြည်မှာရှိတဲ့ တရုတ်အကျိုးစီးပွားတွေအတွက်လည်း ဖြစ်ပါတယ်။ တရုတ်ပြည်ရဲ့ အကျိုးစီးပွားဟာ ဗမာပြည်မြောက်ပိုင်း မြစ်ဆုံ၊ လက်ပံတောင်းတောင်ကအစ မြန်မာပြည်တောင်ပိုင်း ကျောက်ဖြူအထိ ရှိနေတာပါ။ တရုတ်ပြည်ရဲ့ အနောက်တောင်ပိုင်းဒေသတွေဟာ ကုန်းတွင်းပိတ်ဒေသတွေ ဖြစ်နေလို့ ပင်လယ်ထွက်ပေါက်အဖြစ် ဗမာပြည်ကို အသုံးပြုဖို့ လိုလားနေကြပါတယ်။ ကျောက်ဖြူမဟာဗျူဟာစီမံကိန်းတွေက မြစ်ဆုံစီမံကိန်း၊ လက်ပံတောင်းစီမံကိန်းတွေထက် အဆများစွာ ပိုမိုကြီးမားပါတယ်။ တရုတ်ပြည်ရဲ့ အကျိုးစီးပွားနဲ့ ပတ်သက်ရင် တရုတ်တို့ အကဲဆတ်တတ်ပါတယ်။ တခြား အင်အားလွန် နိုင်ငံကြီးတွေရဲ့ နှောင့်ယှက်မှုကြောင့် သူ့ အကျိုးပွားတွေ ထိပါးမှာကို ခွင့်ပြုလိမ့်မယ်မထင်ပါ။

ရွေးကောက်ပွဲလွန်ကာလမှာ တရုတ်ပြည်က ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံပြီး ဗမာပြည်နဲ့ ဆက်ဆံရေးမှာ အစိုးရ၊ ပါတီ၊ လွှတ်တော်၊ တပ်မတော် စသဖြင့် ကဏ္ဍပေါင်းစုံ ဆက်ဆံရေးဆိုတဲ့ ဘက်စုံ မဟာဗျူဟာ မိတ်ဆွေ ပူးပေါင်းဆက်ဆံရေးကို တွန်းဆော်မြှင့်တင်သွားမယ်လို့ ပြောကြားခဲ့ပါတယ်။ ရွေးကောက်ပွဲပြီးနောက် အနိုင်ရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ပထမဆုံးလာရောက်တွေ့ဆုံတာ တရုတ်သံအမတ် ဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ဆုံမှုသာမက စစ်ဘက်ဆိုင်ရာ ခေါင်းဆောင်တွေနဲ့ပါ တွေ့ဆုံမှုလုပ်ခဲ့တာပါ။ တပ်မတော်ချင်းဆက်ဆံရေးကို တိုးမြှင့်သွားဖို့ တရုတ်ဘက်ကရော အမေရိကန်ဘက်ကပါ အပြိုင် ကြိုးပမ်းနေကြတာ ဖြစ်ပါတယ်။ နိုင်ငံချင်းဆက်ဆံရေးမှာ တပ်မတော်ချင်း ဆက်ဆံရေးဟာလည်း အရေးပါလာနေပါတယ်။ အင်အားကြီးနိုင်ငံတွေဟာ ဗမာ့တပ်မတော်ကို တပ်မတော်ချင်းဆက်ဆံရေးကတဆင့် ဩဇာလွှမ်းမိုးထားချင်ပါတယ်။ ဒါကြောင့် ဗမာပြည်ရဲ့ ဘက်မလိုက် ကြားနေတဲ့ နိုင်ငံခြားရေးဝါဒဟာ တပ်မတော်အပေါ်မှာလည်း အပီအပြင် သက်ရောက်ပြီး ဩဇာလွှမ်းထားနိုင်ဖို့ အရေးကြီးပါတယ်။

အိန္ဒိယကလည်း တရုတ်ရဲ့လက်တံ ဘင်္ဂလားပင်လယ်အော်နဲ့ အိန္ဒိယသမုဒ္ဒရာအထိ ထိုးဖောက်လာမှုအပေါ် စိုးရိမ်စိတ်ရှိပါတယ်။ ဒါကြောင့် ၂၀၁၅ ခုနှစ်အတွင်းမှာပဲ အမေရိကန်၊ ဂျပန်နဲ့ အိန္ဒိယတို့ဟာ အိန္ဒိယသမုဒ္ဒရာအတွင်း ရေတပ်စွမ်းအား တိုးမြှင့်ဖို့ စစ်ရေးလေ့ကျင့်မှုတခု စီမံခဲ့ကြတယ်။ ၂၀၀၇ ခုနှစ်ကလည်း အိန္ဒိယဟာ အမေရိကန်၊ ဂျပန်၊ ဩစတြေးလျ၊ စင်ကာပူတို့ကို ဖိတ်ခေါ်ပြီး စစ်ရေးလေ့ကျင့်မှု လုပ်ခဲ့ပါသေးတယ်။

ဒီအင်အားကြီးနိုင်ငံတွေရဲ့ အားပြိုင်မှုမှာ ဗမာပြည်ဟာ ကစားကွင်းတခုအဖြစ် အသုံးချခံလို့ မဖြစ်ပါဘူး။ အင်အားကြီး နိုင်ငံတွေရဲ့ ပါဝါပျော့အားပြိုင်မှုကနေ ဗမာပြည်မှာ ပါဝါအမာ ထိပ်တိုက်တွေ့ဆုံမှုတွေ ဖြစ်ရင် ဗမာပြည်ကွင်းထဲက မြေစာပင်တွေအားလုံး စိစိညက်ညက် ကျေသွားမှာပါ။ တိုင်းပြည်ပျက်စီးစေမယ့် အန္တရာယ်ထိ ရှိနေတာမို့ ကြီးမားတဲ့ စိန်ခေါ်ချက်လို့ ဆိုနိုင်ပါတယ်။ ဘက်မလိုက် ကြားနေရေး

ဆိုတဲ့ နိုင်ငံခြားရေးဝါဒ၊ အိမ်နီးချင်းနိုင်ငံများနဲ့ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံတဲ့ နိုင်ငံခြားရေးဝါဒကို ကျင့်သုံးသည် ဆိုစေဦး၊ လိမ္မာပါးနပ်မှု၊ အမြော်အမြင် ရှိမှု၊ တည်ကြည်ရိုးသားမှု၊ တည့်မတ်မှန်ကန်မှုနဲ့ ကျွမ်းကျင်ပိုင်နိုင်မှုရှိစွာ ဒီနိုင်ငံခြားရေးဝါဒကို ကျင့်သုံးနိုင်မှသာ တိုင်းပြည် အလုံးစုံ ပျက်သုဉ်းမှုကို ရှောင်ရှားနိုင်မှာပါ။ နိုင်ငံကြီးတွေ စစ်ကစားကြတဲ့ စစ်တလင်းမှာ နိုင်ငံငယ်လေးတွေ ဆုံးရှုံးပျက်စီးနေရတဲ့ မျက်မှောက် ဖြစ်ရပ်တွေဟာ ဗမာပြည်အတွက် အချက်ပေး ခေါင်းလောင်းထိုးသံတွေပါပဲ။

**နိဂုံး**

အထက်ပါ တင်ပြချက်များဟာ စိန်ခေါ်မှုတချို့နဲ့ ပတ်သက်လို့သာ တင်ပြထားခြင်း ဖြစ်ပါတယ်။ ဒီစိန်ခေါ်မှုများအပြင် ပြည်တွင်းစစ်နဲ့ ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာ စိန်ခေါ်မှု၊ တိုင်းရင်းသား လူမျိုးများ ပြဿနာနဲ့သက်ဆိုင်တဲ့ စိန်ခေါ်မှု၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ စိန်ခေါ်မှု စတဲ့ ကြီးမားတဲ့ စိန်ခေါ်မှုများ ရှိနေကြပါသေးတယ်။ အစိုးရသစ်ရင်ဆိုင်ရမယ့် ဒီစိန်ခေါ်ချက်တွေဟာ တိုင်းပြည်က ရင်ဆိုင်ကျော်လွှားရမယ့် စိန်ခေါ်ချက်တွေလည်း ဖြစ်ပါတယ်။ အစိုးရပြောင်းလဲလိုက်တာနဲ့ ၂၀၀၈ အခြေခံဥပဒေဆိုတာကြီး ကြက်ပျောက်ငှက်ပျောက် ပျောက်သွား မှာလည်း မဟုတ်၊ ဒီမိုကရေစီ ချက်ချင်းရပြီး မိုးပေါ်က ရွှေမိုးငွေမိုး ရွာချပေးလိုက်သလို တိုင်းပြည်လည်း ငြိမ်းချမ်းသာယာ စည်ပင်ဝပြော လာမှာလည်း မဟုတ်။ ၂၀၀၈ အခြေခံဥပဒေနဲ့ စစ်အုပ်စု၊ စစ်အာဏာရှင်စနစ်တို့ကို ကုန်စင်ပြီးပြတ်အောင် ဖယ်ရှားမပစ်နိုင်သေးသရွေ့ သူတို့က ဖန်တီးပေးနေတဲ့ စိန်ခေါ်မှုတွေ ပြဿနာတွေရဲ့ အကျိုးဆက်တွေကို ပြင်သူတွေ ရင်ဆိုင်ရဦးမှာမို့ ပြည်သူလူထုအနဲ့ နည်းလမ်း ပေါင်းစုံနဲ့ တိုက်ပွဲဝင်သွားဖို့ ပြင်ထားရဦးမှာပါ။

**စစ်အုပ်စု၊ စစ်အစိုးရနဲ့ သူ့အခွပေါင်းပါတွေ ခရိုနီတွေဟာ**
**စားတဲ့ဝါးတဲ့ဘက်**
**တနည်းဆိုရင် ကိုယ်ကျိုးစီးပွား ရယူတဲ့ဘက်မှာ**
**အလွန်လောဘရမ္မက်ကြီးပါတယ်**

# နိုင်ငံတကာကဗျာ



## နာ့ဒ်ယာတယ်ဆစ်ခ်

(၁၉၃၉ – ၂၀၁၄)

တကယ့်သူရဲကောင်းတွေဟာ တိုက်ပွဲတွေနဲ့ လူတွေရဲ့ရင်ထဲမှာ ထာဝရရှင်သန်နေတယ်ဆိုတာကို ဖော်ကျူးထားတဲ့ ကဗျာတပုဒ်ပါ။ ဗမာပြည်မှာလည်း ဂုဏ်ပြုထိုက်တဲ့ သူရဲကောင်းတွေ အများကြီးရှိခဲ့၊ ရှိနေပါတယ်။ သူတို့ကို ဂုဏ်ပြုမလား၊ ထိမ်ဝှက်ထားမလားဆိုတာ နိုင်ငံရေးသမားတွေ၊ မီဒီယာတွေနဲ့ စာပေလောကသားတွေကို အမြဲမေးနေတဲ့ မေးခွန်းဖြစ်ပါတယ်။

ဒီကဗျာကို ရေးသူက ဆာဘီးယားနိုင်ငံက နာဒ်ယာတယ်ဆစ်ခ် ဖြစ်ပါတယ်။ အလုပ်သမားကမ္ဘာ (Workers' World) ဝက်ဘ်ဆိုက်က အင်္ဂလိပ်လိုဘာသာပြန်ဖော်ပြတာကို ဗမာလို ဘာသာပြန်တာ ဖြစ်ပါတယ်။ ဒီကဗျာကို ကျူးဘားသတင်းစဉ် (Cuba News) ထဲမှာလည်း ဖော်ပြခဲ့ပါတယ်။

ကဗျာရေးသူ အမျိုးသမီးဟာ ဆယ်ကျော်သက်အရွယ်မှာ ဆာဘီးယားနိုင်ငံကနေ အမေရိကန်ကို ပြောင်းရွှေ့လာခဲ့ပါတယ်။ ဗီယက်နမ်စစ်ဆန့်ကျင်ရေးလှုပ်ရှားမှုမှာ တက်တက်ကြွကြွ ပါဝင်သူဖြစ်ပြီး အီရတ်နဲ့အာဖဂန်စစ်ပွဲတွေကို ဆန့်ကျင်တဲ့ ဆန္ဒပြပွဲတွေမှာလည်း ပါဝင်ခဲ့ပါတယ်။ သူဟာ ကဗျာအပြင် ဝတ္ထုတွေလည်း ရေးပါတယ်။

# ဂွေးဗရား

**GUEVARA**

If death comes
may it be welcome,
others will replace me
he said once.
His beautiful face
killed by U.S. mercenaries and CIA
in Bolivia, La Higuera.
Yet his face
is all over América Latina
next to Christ
in every peasant hut.
Che never died,
in death he grew
and grew and grew.
Latin America
moves
is moving
will move
with his face
in front.

Nadja Tesich

**ဂွေးဗရား**

သေမင်းလာရင်
ကြိုဆိုလိုက်ပါ
ငါ့နေရာမှာသူများတွေဆက်တာဝန်ယူကြလိမ့်မယ်လို့
သူတခါကပြောဖူးတယ်။

အမေရိကန်ကြေးစားတွေနဲ့စီအိုင်အေက
ဘိုလီးဗီးယား လာဟီဂွေရာမှာ
သူရဲ့ချောမောတဲ့မျက်နှာကို အစတုံးလိုက်ကြတယ်။
ဒါပေမဲ့သူ့မျက်နှာဟာ
လက်တင်အမေရိကတခွင်တပြင်က
လယ်သမားတွေရဲ့တဲတွေထဲမှာ
ခရစ်တော်ပုံနဲ့ယှဉ်လျက်ရှိနေတယ်။

ချေ ဘယ်တော့မှမသေပါဘူး။
သူဟာသေပြီးတော့မှ ဂုဏ်သိက္ခာ
ကြီးသထက်ကြီးလာတယ်။

လက်တင်အမေရိကဟာ
ရှေ့ကိုချီတက်နေတယ်
သူ့ရုပ်ပုံကိုရှေ့မှာတင်ပြီး
ရှေ့ကိုဆက်တက်လိမ့်ဦးမယ်။

နာ့ဒ်ယာတယ်ဆစ်ခ်

# ပါဝါကြီးငယ်စုံလင်လှတဲ့ ဆီးရီးယားပြည်တွင်းစစ်

**ပြည်တွင်းစစ် အစ**

၂၀၁၁ ခုနှစ် နွေဦးအစပိုင်းလောက်မှာ ဆီးရီးယားနိုင်ငံအတွင်း လူထု မငြိမ်မသက်မှုတွေ ပေါ်ပေါက်ခဲ့တယ်။ အဲဒီ လူထုဆန္ဒပြပွဲတွေကို အာဆတ်အစိုးရက အကြမ်းဖက်နှိမ်နင်းတယ်။ ဒါပေမဲ့ လူထုအုံကြွမှု တွေက မရပ်တန့်သွားဘူး။ ပိုပြင်းထန်လာတယ်။ တချို့အစိုးရတပ်ဖွဲ့ ဝင်တွေက လူထုကို သေနတ်နဲ့ပစ်ခတ်ဖို့ငြင်းဆန်ကြတယ်။ အဲဒီတပ် ဖွဲ့ဝင်တွေကို အရေးယူအပြစ်ပေးတယ်။ အဲဒီအခါမှာ တပ်ဖွဲ့ဝင်တချို့ တပ်တွင်းက ထွက်ပြီး ပြန်အန်တုတာတွေ ဖြစ်လာတယ်။ လူထုနဲ့ ပူးပေါင်းမိကြတယ်။ ဒီလိုနဲ့ လက်နက်ကိုင်ခုခံတိုက်ပွဲ ဖြစ်ပေါ်လာ တယ်။ နောက်ပိုင်းမှာတော့ တဖြည်းဖြည်းကြီးထွား ကျယ်ပြန့်လာ တယ်။ ပြည်ပက ဝင်ရောက်စွက်ဖက်မှုတွေလည်း များပြားစုံလင် လာတယ်။

ဆီးရီးယားမှာ ဆွန်နီမူဆလင်က အဓိကအများစု ဖြစ် တယ်။ ဆီးရီးယားလူဦးရေစုစုပေါင်းရဲ့ လေးပုံသုံးပုံလောက် ရှိတယ် လို့ ဆိုကြတယ်။ ဒါပေမဲ့ အုပ်ချုပ်နေတဲ့ သမ္မတအဲလ်အာဆတ် အစိုးရကတော့ ရှအာမူဆလင်အနွယ် အလာဝိ (Alawite) ဘာသာရေးအုပ်စုက ဖြစ်တယ်။ ဆီးရီးယား လူဦးရေစုစုပေါင်းရဲ့ ၁၂% ရှိတယ်။ နောက်ပြီး ကာ့ဒ် (Kurds) တွေလည်း ရှိတယ်။ သူတို့က လူဦးရေရဲ့ ၁၀ % ဒါမှမဟုတ် ၁၅ % ခန့်ရှိတယ်လို့ ဆိုတယ်။ တခြားမျိုးနွယ်စုတွေလည်း ရှိကြတယ်။ ဒါပေမဲ့ အဓိကအားဖြင့် အထက်ပါ ၃ အုပ်စု ဖြစ်တယ်။

ဆီးရီးယားနိုင်ငံအတွင်း အဆင်းရဲဆုံးဒေသတွေက ပြည် သူတွေဟာ အာဆတ်အစိုးရကို အမုန်းတီးဆုံးနဲ့ အဆန့်ကျင်ဆုံးတွေ ဖြစ်ကြတယ်။ အများစုဟာ ရှေးရိုးစွဲ ဆွန်နီမူဆလင်တွေ (conservative Sunnis) ဖြစ်ကြတယ်။ လက်ရှိသမ္မတရဲ့အဖေ ဟာဖက်စ်အာဆတ် (Hafez Assad) က ၁၉၈၀ နှောင်းပိုင်းတွေမှာ စတင်အကောင်အထည်ဖော်ခဲ့တဲ့ ဈေးကွက်စီးပွားရေးစနစ်ကြောင့် ဆင်းရဲချမ်းသာ ကွာဟမှုကြီးထွားလာတာကလည်း နိုင်ငံအတွင်း မကျေမနပ်မှုတွေကို ပိုပြင်းထန်စေခဲ့တယ်။ ဆင်းရဲချမ်းသာ ကွာဟမှု ဟာ သူ့သား လက်ရှိသမ္မတ ဘာရှာအာဆတ် (Bashar al-Assad) လက်ထက်မှာ ပိုဆိုးလာတယ်။ တိုင်းပြည်ရဲ့လူနည်းစုကပဲ ချမ်းသာသထက် ပိုချမ်းသာလာကြတယ်။ အထူးသဖြင့် အစိုးရနဲ့ အဆက်အသွယ်ကောင်းတဲ့သူတွေ ချမ်းသာကြတယ်။ အဲဒီအထဲမှာ ဒမတ်စကတ်နဲ့အလက်ပို မြို့ကြီးတွေက ဆွန်နီမူဆလင်ကုန်သည် ကြီးတွေလည်း ပါကြတယ်။ လူငယ်အလုပ်လက်မဲ့နှုန်းကလည်း ကြောက်ခမန်းလိလိ ကြီးမားလှတယ်။

၂၀၀၇ ခုနှစ်ကနေ ၂၀၁၀ ခုနှစ်အထိရှည်ကြာခဲ့တဲ့ နိုင်ငံ တဝှမ်းမိုးခေါင်ရေရှားဖြစ်မှုကလည်း အခြေအနေတွေကို ပိုဆိုးစေခဲ့ တယ်။ မိုးခေါင်တာကြောင့် အသီးအနှံအထွက်ညံ့တယ်။ စားသောက် ကုန်တွေ ဈေးကြီးကုန်တယ်။ ကျေးလက်လယ်သမားတွေ အစု လိုက်အပြုံလိုက် မြို့ပြကို ပြောင်းရွှေ့ကုန်ကြတယ်။ အဲဒီကာလ အတွင်းမှာပဲ အီရတ်နိုင်ငံက ဒုက္ခသည် တသန်းခွဲလောက်ကိုလည်း လက်ခံခဲ့ရတယ်။ ဒါကလည်း နူရာဝဲစွဲ လဲရာသူခိုးထောင်းဆိုသလို ဖြစ်စေခဲ့တယ်။

၂၀၁၁ ခုနှစ်မှာတော့ ကုန်ဈေးနှုန်းတွေ မိုးထောင်တက်သွားတယ်။ လူနေမှုအဆင့်အတန်းကလည်း အကြီးအကျယ် ကျဆင်းသွားတယ်။

အဲဒီအခြေအနေတွေအောက်မှာ အထက်မှာ ဆိုခဲ့သလို လူမှု မငြိမ်မသက်မှုတွေ ပေါ်ပေါက်ခဲ့တော့တာ ဖြစ်တယ်။

### ပြည်တွင်းစစ်အတွင်းမှ သူပုန်အုပ်စုများ

ဆီးရီးယားပြည်တွင်းစစ်မှာ သူပုန်အုပ်စုတွေ မနည်းလှပါ။ ကွဲသွားတာ၊ စုစည်းသွားတာ စတဲ့ အပြန်အလှန်ဖြစ်စဉ်တွေလည်း ရှိတယ်။ တပ်ပေါင်းစုဆိုတာတွေလည်း ဖွဲ့လိုက်၊ ကွဲလိုက်နဲ့ပါ။ သူပုန်အုပ်စုတွေကလည်း ဟိုအဖွဲ့မှာပါလိုက်၊ ဒီအဖွဲ့ဘက်ပြောင်းလိုက်နဲ့ ဖြစ်နေတာပါ။ သူပုန်အဖွဲ့တွေထဲက အရေးပါတဲ့ အုပ်စုတချို့အကြောင်းကို အကျဉ်းဖော်ပြပါမယ်။

### ဆီးရီးယားလွတ်မြောက်ရေးတပ်မတော် (Free Syrian Army – FSA)

ဆီးရီးယားတပ်မတော်ကို စွန့်ခွာလာခဲ့တဲ့ အရာရှိ ၇ ဦးက ၂၀၁၁ ခုနှစ် ဇူလိုင် ၂၉ ရက်နေ့မှာ စတင်ဖွဲ့စည်းခဲ့တယ်။ ဆီးရီးယားတပ်မှ ထွက်ခွာလာတဲ့ စစ်သည်တွေကို စုစည်းဖွဲ့စည်းခဲ့တာ ဖြစ်တယ်။ ဆွန်နီအများစုဖြစ်ပြီး ရှအာတချို့လည်း ပါတယ်။

၂၀၁၁ ခုနှစ် အောက်တိုဘာမှာ (FSA) ဟာ တူရကီနိုင်ငံမှ စစ်ရေးအကူအညီတွေ စတင်ရရှိခဲ့တယ်။ (FSA) ရဲ့ စစ်ဌာနချုပ်နဲ့ စစ်ဦးစီးဌာနတွေကို ဆီးရီးယားနယ်စပ်အနီး တူရကီနိုင်ငံတွင်းမှာ အခြေချခွင့်ပေးခဲ့တယ်။

၂၀၁၂ ခုနှစ် ဇန်နဝါရီလမှာ ဆီးရီးယားတပ်မတော်မှ ဗိုလ်ချုပ်ကြီးမုစတာဖာအဲလ်ရှိတ်ဟာ (FSA) နဲ့ လာရောက်ပူးပေါင်းခဲ့တယ်။ သူ့အဆိုအရ စစ်ပွဲတွေ စဖြစ်ကတည်းက ဆီးရီးယားတပ်တွင်းမှ ထွက်ခွာသွားတဲ့ စစ်သည်အရေအတွက်ဟာ ၂၀, ၀၀၀ ရှိပြီ ဖြစ်တယ်။ ဒါပေမဲ့ (FSA) နဲ့ လာပူးပေါင်းတာထက် အများစုက သူတို့မိသားစုတွေဆီ ရောက်သွားကြတာဖြစ်တယ်လို့ ဆိုပါတယ်။ ဒီနောက်မှာတော့ တပ်ဖွဲ့အတွင်း အုပ်စုတိုက်ပွဲတွေ ဖြစ်ပါတယ်။ အခုနောက်ဆုံးမှာ ဒီအဖွဲ့ဟာ နာမည်ခံမျှသာပဲ ရှိတော့တယ်လို့ ပြောကြပါတယ်။ အများစုက အခြားအုပ်စုတွေဆီ ရောက်သွားကြတယ်လို့ ဆိုပါတယ်။

### အဲလ်နူဆာတပ်ဦး (al-Nusra Front)

၂၀၁၁ ခုနှစ် ဆီးရီးယားပြည်တွင်းစစ် စဖြစ်စဉ်မှာပဲ အီရတ်အစ္စလမ်နိုင်ငံတော်အဖွဲ့ (Islamic State of Iraq ISI) ခေါင်းဆောင်နဲ့ အယ်လ်ကိုင်ဒါအဖွဲ့ ခေါင်းဆောင်တို့က ဆီးရီးယားနိုင်ငံသား အဘူမိုဟာမက်အဲလ်ဂိုလာနီ (Abu Mohammad al-Golani) ဆိုသူကို ဆီးရီးယားမှာ အာဆတ်ကို တိုက်ခိုက်ဖြုတ်ချပြီး အစ္စလမ်နိုင်ငံထူထောင်ဖို့နဲ့ အယ်လ်ကိုင်ဒါအဖွဲ့ ထူထောင်ဖို့အတွက် တာဝန်ပေးခဲ့တယ်။ ၂၀၁၁ ခုနှစ်ဩဂုတ်မှာ ဂိုလာနီဟာ အပေါင်းအပါတစုနဲ့ အီရတ်ကနေ ဆီးရီးယားကို ပြန်သွားခဲ့တယ်။ အာဆတ်ကို တိုက်ပွဲဝင်နေတဲ့ သူပုန်တွေကို လိုက်လံစည်းရုံးတယ်။ ၂၀၁၂ ဇန်နဝါရီလမှာ အဲလ်နူဆာတပ်ဦးကို စတင်ထူထောင်တယ်လို့ ကြေညာခဲ့တယ်။ သူ့ရဲ့ အဓိကရည်မှန်းချက်က အစ္စလမ်နိုင်ငံတော် ထူထောင်ရေး ဖြစ်တယ်။ ၂၀၁၂ နိုဝင်ဘာမှာ အမေရိကန်နိုင်ငံက ဒီအဖွဲ့ကို အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်တယ်။ နောက်တော့ ကုလသမဂ္ဂကလည်း အကြမ်းဖက်အဖွဲ့အဖြစ် သတ်မှတ်ခဲ့ပြီး နိုင်ငံအတော်များများကလည်း အလားတူ သတ်မှတ်ခဲ့ကြတယ်။

၂၀၁၃ နှစ်ဦးမှာတော့ ဒီအဖွဲ့ဟာ အင်အားတောင့်တင်းလာတယ်။ တပ်ဖွဲ့ဝင်တွေဟာ အဖွဲ့စည်းကမ်းလိုက်နာမှု ကောင်းတယ်၊ တိုက်ရည်ခိုက်ရည်ကောင်းတယ်လို့ နာမည်ထွက်တယ်။ သူ့တပ်ဖွဲ့မှာ ပြည်ပကလာရောက်ကြတဲ့ ဂျီဟတ်စစ်သည်တော်တွေလည်း ရှိတယ်။

၂၀၁၃ ဧပြီလမှာ အီရတ်အစ္စလမ်နိုင်ငံတော်အဖွဲ့ ခေါင်းဆောင် အဲလ်ဘဂ်ဒါဒီ (Al-Baghdadi) က အဲလ်နူဆာအဖွဲ့ဟာ သူ့လက်အောက်ခံအဖွဲ့ဖြစ်တယ်၊ အဲလ်နူဆာအဖွဲ့ကို (ISI) ထဲပေါင်းထည့်ပြီး အီရတ်နဲ့လာဗဲန့်အစ္စလမ်နိုင်ငံတော်အဖွဲ့ (Islamic State of Iraq and al-Sham Lavant or Syria ISIS) ကို ထူထောင်လိုက်ပြီလို့ ကြေညာတယ်။ အဲလ်နူဆာအဖွဲ့ အားကောင်းလာရတာလည်း ဆီးရီးယားမှာ နဂိုရှိနေတဲ့ (ISI) အစုတွေကြောင့်ဖြစ်တယ်။ ဒါ့အပြင် ဆီးရီးယားပြည်တွင်းစစ်အတွက် လိုအပ်တဲ့စီမံကိန်းနဲ့ မဟာဗျူဟာတွေကို သူတို့က ချမှတ်ပေးခဲ့တာဖြစ်တယ်။ ငွေကြေးထောက်ပံ့မှုလည်း လုပ်ပေးခဲ့ရတယ်လို့ ပြောပါတယ်။ ဒီလိုကြေညာတာကို အဲလ်နူဆာအဖွဲ့က

တော့ လက်မခံဘဲ ပယ်ချခဲ့တယ်။ အယ်လ်ကိုင်ဒါအဖွဲ့ကိုပဲ သစ္စာခံမယ်လို့ ဆိုတယ်။

၂၀၁၅ ခုနှစ် အစောပိုင်းမှာ ကာတာနဲ့ အခြားပင်လယ်ကွေ့နိုင်ငံတွေက ဒီအဖွဲ့ကို အယ်လ်ကိုင်ဒါနဲ့ လမ်းခွဲရင် ငွေကြေးအကူပေးမယ်ဆိုပြီး စည်းရုံးတယ်ဆိုတဲ့ သတင်းတွေထွက်လာတယ်။ မတ်လမှာတော့ အဲလ်နူဆာခေါင်းဆောင်မှုအဖွဲ့က ဒီသတင်းမမှန်ဘူးလို့ ငြင်းဆိုခဲ့တယ်။ ဒါပေမဲ့ ကာတာနဲ့တချို့ပင်လယ်ကွေ့နိုင်ငံတွေဆီက ငွေကြေးအကူပေးနေတယ်ဆိုတဲ့ သတင်းတွေလည်း ထွက်ပါတယ်။ ဒီအဖွဲ့ဟာ အခြား အစ္စလမ်နဲ့ဂျီဟတ်သူပုန်အဖွဲ့တွေနဲ့ရော ဆီးရီးယားလွတ်မြောက်ရေးတပ်မတော်နဲ့ပါ ပူးပေါင်းပြီး ဆီးရီးယားအစိုးရတပ်ကို တိုက်ခိုက်မှုတွေ ပြုလုပ်ပါတယ်။ အသေခံဗုံးခွဲ တိုက်ခိုက်မှုတွေလည်း လုပ်တယ်။

**အီရတ် – ဆီးရီးယား အစ္စလမ်နိုင်ငံတော်အဖွဲ့ (Islamic State of Iraq and Syria ISIS)**

ဂျော်ဒန်နိုင်ငံသား အစွန်းရောက်တဦးဖြစ်တဲ့ ဇာကာဝီဟာ ၁၉၉၉ ခုနှစ်မှာ အစ္စလမ်အစွန်းရောက်အဖွဲ့တဖွဲ့ကို ထူထောင်ခဲ့တယ်။ ၂၀၀၃ ခုနှစ်မှာ အမေရိကန်နဲ့အနောက်အုပ်စုတပ်ဖွဲ့တွေ အီရတ်ကို ဝင်တိုက်တော့ သူတို့အဖွဲ့ဟာ အခြားအုပ်စုတွေနဲ့ ပေါင်းပြီး ခုခံစစ်နွှဲခဲ့တယ်။ ၂၀၀၄ ခုနှစ်မှာ အမည်သစ်ပြောင်းပြီး အယ်လ်ကိုင်ဒါအဖွဲ့ကို သစ္စာခံတယ်လို့ ကြေညာခဲ့တယ်။ အယ်လ်ကိုင်ဒါအဖွဲ့ခေါင်းဆောင် ဘင်လာဒင်က ဇာကာဝီဟာ အစွန်းရောက်လွန်းတဲ့အတွက် လက်မခံချင်ခဲ့ဘူးလို့ဆိုတယ်။ ဇာကာဝီက ရှီအာမူဆလင်တွေကိုလည်း မုန်းတီးတယ်။ ဇာကာဝီဟာ ၂၀၀၆ ခုနှစ်မှာ ဆုံးပါးသွားတယ်။

၂၀၀၆ ခုနှစ် အောက်တိုဘာလအတွင်းမှာ သူတို့အဖွဲ့ဟာ အီရတ်သူပုန်အုပ်စုအချို့နဲ့ ပူးပေါင်းပြီး အီရတ်အစ္စလမ်နိုင်ငံတော်အဖွဲ့ (Islamic State of Iraq ISI) ကို ထူထောင်ခဲ့တာ ဖြစ်တယ်။ ဘာဂ်ဒါဒီ (Baghdadi) က ခေါင်းဆောင်တယ်။ အီရတ်နိုင်ငံအတွင်း ဆွန်နီအာရပ် အများစုနေထိုင်ရာ ဒေသတွေမှာ အစ္စလမ်နိုင်ငံထူထောင်ရေးကို အဓိကရည်မှန်းချက်အဖြစ်ထားတယ်။ အဲဒီဒေသတွေဟာ အစ္စလမ်အုပ်ချုပ်သူ ကာလစ် (caliph) ရဲ့ လက်အောက်မှာ ရှိကြမှာ ဖြစ်တယ်။

၂၀၁၁ ခုနှစ် ဆီးရီးယားပြည်တွင်းစစ် စဖြစ်တဲ့အခါ ဘာဂ်ဒါဒီက သူ့ကိုယ်စားလှယ်အဖွဲ့တွေ စေလွှတ်လိုက်တယ်။ သူတို့ဟာ ဆီးရီးယားပြည်တွင်းစစ်မှာ ဝင်တိုက်ကြတယ်။ ဆွန်နီအများစု ဒေသတွေမှာ အားကောင်းလာတယ်။ သူတို့အဖွဲ့ကို အဲလ်နူဆာလို့ အမည်ပေးတယ်။

၂၀၁၃ ပြေမှာတော့ ဘာဂ်ဒါဒီက အဲလ်နူဆာအဖွဲ့နဲ့ (ISI) အဖွဲ့ ၂ ဖွဲ့ ပေါင်းပြီး အီရတ်နဲ့ဆီးရီးယားအစ္စလမ် နိုင်ငံတော်အဖွဲ့ (Islamic State of Iraq and al-Sham or Syria ISIS) ဆိုပြီး ပြောင်းလဲဖွဲ့စည်းလိုက်တယ်။ အဲလ်နူဆာအဖွဲ့က ဒါကို လက်မခံဘဲ အယ်လ်ကိုင်ဒါကိုသာ သစ္စာခံမယ်လို့ ဆိုတယ်။ တချို့အုပ်စုတွေကတော့ (ISIS) ကို သစ္စာခံကြတယ်။ ၂၀၁၃ ခုနှစ် မတ်လမှာ ဆီးရီးယားနိုင်ငံရဲ့ ပြည်နယ်မြို့တော်တခုဖြစ်တဲ့ ရက်ကာ (Raqqa) ကို (ISIS) တပ်ဖွဲ့ဝင်တွေက သိမ်းပိုက်ခဲ့တယ်။ ဆီးရီးယားသူပုန်တွေ လက်ထဲကျသွားတဲ့ ဆီးရီးယားရဲ့ ပထမဆုံးသော ပြည်နယ်မြို့တော် ဖြစ်တယ်။

၂၀၁၄ နှစ်ဦးမှာ အီရတ်အနောက်ပိုင်းရှိ အဓိကမြို့ကြီးတွေကို (ISIS) အဖွဲ့က သိမ်းပိုက်ခဲ့တာကြောင့် နာမည်ကြီးလာတယ်။ အဲဒီလို နယ်မြေတွေ ဆုံးရှုံးခဲ့တာကြောင့် အီရတ်အစိုးရလည်း ပြိုကွဲလုနီးပါး ဖြစ်ခဲ့ရတယ်။ အီရတ်နိုင်ငံအတွင်း အမေရိကန်ရဲ့ စစ်ရေးလှုပ်ရှားမှုတွေကိုလည်း ပြန်လည်အစပျိုးစေခဲ့တယ်။

ဒီကာလအတွင်း အီရတ်နဲ့ဆီးရီးယားမှာ (ISIS) အဖွဲ့ဟာ နယ်မြေတွေ ချဲ့ထွင်နိုင်ခဲ့တယ်။ နယ်မြေကျယ်လာတာနဲ့အမျှ သူ့ရဲ့ဘဏ္ဍာရေးလည်း တောင့်တင်းလာခဲ့တယ်။ နိုင်ငံခြားကရတဲ့ ကူငွေတွေရယ်၊ အဖွဲ့ရဲ့ရာဇဝတ်မှုလုပ်ငန်းတွေကရတဲ့ ငွေတွေရယ် ပါဆိုရင် သူ့ရဲ့ပိုင်ဆိုင်မှုဟာ အမေရိကန်ဒေါ်လာ ၂ ဘီလျံလောက်ရှိတယ်လို့ ခန့်မှန်းကြတယ်။ ၂၀၁၄ စက်တင်ဘာအတွင်းမှာ (ISIS) အဖွဲ့ရဲ့ ရေနံကရတဲ့ ဝင်ငွေဟာ တရက်ကို အမေရိကန်ဒေါ်လာ ၁ သန်းကနေ ၂ သန်းအထိ ရှိတယ်လို့ ကျွမ်းကျင်သူတွေက ခန့်မှန်းကြတယ်။

ဒီအဖွဲ့ဟာ သူ့ရဲ့အကြမ်းဖက်လုပ်ရပ်တွေကြောင့်လည်း နာမည်ကြီးတယ်။ အထူးသဖြင့် သူတို့ဖမ်းမိထားတဲ့ နိုင်ငံခြားသားတွေကို ခေါင်းဖြတ်သတ်တဲ့ ဗွီဒီယိုဖိုင်တွေက တကမ္ဘာလုံးကို ထိတ်လန့်အံ့ဩစေခဲ့တယ်။ တဖက်မှာလည်း ဒီအဖွဲ့ကို သဘောကျတဲ့

သူတွေလည်း နိုင်ငံအများမှာ ပေါ်ထွက်လာတာ တွေ့ရတယ်။ ကျွမ်းကျင်သူတဦးအဆိုအရ အနောက်နိုင်ငံတွေကနေ ဆီးရီးယားပြည်တွင်းစစ်မှာ လာရောက်တိုက်နေသူတွေရဲ့ ၈၀% ဟာ (ISIS) အဖွဲ့ထဲမှာဖြစ်တယ်။ ၂၀၁၅ စက်တင်ဘာလ စီအိုင်အေရဲ့ ထုတ်ပြန်ချက်အရ ၂၀၁၁ ခုနှစ်မှ ယခုအချိန်အထိ အီရတ်နဲ့ဆီးရီးယားမှာ (ISIS) အဖွဲ့ထဲဝင်တိုက်နေတဲ့ နိုင်ငံခြားသား စုစုပေါင်း ၃၀,၀၀၀ ခန့်ရှိတယ်လို့ ဆိုပါတယ်။ အဲဒီအထဲမှာ အမေရိကန်နိုင်ငံသား ၂၅၀ ခန့် ပါတယ်လို့ ဆိုတယ်။

(ISIS) အဖွဲ့ကို ကျန်ဆီးရီးယားသူပုန်အဖွဲ့တွေက တိုက်ကြသလို အမေရိကန်နဲ့ အနောက်နိုင်ငံတွေအပြင် ရုရှားကပါ လေကြောင်းကနေ ဗုံးကြဲတိုက်ခိုက်နေကြတာ ဖြစ်ပါတယ်။

## ကာ့ဒ်အဖွဲ့

ဆီးရီးယားမှာ ကာ့ဒ်လူမျိုး ၂ သန်းမှ ၂.၅ သန်းခန့် ရှိတယ်လို့ ခန့်မှန်းကြတယ်။ အိမ်နီးချင်းနိုင်ငံတွေထက် နည်းပါတယ်။ တူရကီမှာ ၁၆ သန်းခန့်၊ အီရန်မှာ ၇.၉ သန်းခန့်နဲ့ အီရတ်မှာ ၆ သန်း ပတ်ဝန်းကျင်လောက် ရှိတယ်။ ဆီးရီးယားမှာ လူနည်းစု ဖြစ်တာမို့ အနှိမ်ခံရတယ်။

၂၀၁၁ ခုနှစ်မှာ ကာ့ဒ်တွေလည်း အာဆတ်အစိုးရဆန့်ကျင်တဲ့ ဆန္ဒပြပွဲတွေ လုပ်ကြတယ်။ အာဆတ်အစိုးရကလည်း အကြမ်းဖက်နှိမ်နင်းတယ်။ ၂၀၁၂ ခုနှစ်မှာတော့ ကာ့ဒ်တွေလည်း လက်နက်ကိုင်တိုက်ပွဲဝင်ကြတယ်။ ဆီးရီးယားရှိ ကာ့ဒ်အတိုက်အခံပါတီ ၂ ခု ပူးပေါင်းပြီး ကာ့ဒ်အထူးကော်မတီ (Kurdish Supreme Committee) ဖွဲ့ထားပြီး ဦးဆောင်နေတယ်။

## နိုင်ငံခြားမှ ပါဝင်စွက်ဖက်မှုများ

ဆီးရီးယားပြည်တွင်းစစ်မှာ နိုင်ငံခြားက ပါဝင်စွက်ဖက်မှုအလွန်များပါတယ်။ အမေရိကန်ဦးဆောင်တဲ့ အနောက်နိုင်ငံတွေပါတယ်။ ၂၀၁၅ ခုနှစ် စက်တင်ဘာကစပြီး ရုရှားနိုင်ငံလည်း ဗုံးကြဲတိုက်ခိုက်မှုထဲ ဝင်ပါလာပြီ ဖြစ်တယ်။ ဒ့ါအပြင် ဒေသတွင်းရပ်ဝါလေးတွေဖြစ်တဲ့ အီရန်၊ တူရကီနဲ့ ဆော်ဒီအာရေဗျ၊ ကာတာအစရှိတဲ့ ပင်လယ်ကွေ့နိုင်ငံတွေလည်း ပါကြတယ်။ ဆီးရီးယားပြည်သူတွေအကျိုးအတွက် မဟုတ်ကြပါဘူး။ ကိုယ်စီအကျိုးစီးပွားတွေအတွက်ပဲ ဖြစ်ကြပါတယ်။

(ISIS) အဖွဲ့ကလည်း ရှိနေတော့ ဝင်စွက်ဖက်ဖို့ အကြောင်းပြစရာပိုကောင်းသွားတော့တာကိုး။ တကယ်ပြောမယ်ဆိုရင် (ISIS) ပေါ်လာတာဟာ အမေရိကန် စီအိုင်အေရဲ့ လက်ချက်ပဲ ဖြစ်ပါတယ်။ အာဖဂန်မှာ ဆိုဗီယက်တပ်တွေကိုတိုက်ဖို့ စီအိုင်အေက မွေးထုတ်ပေးလိုက်တဲ့ အာဖဂန်သူပုန်တပ်ဖွဲ့တွေကနေ အစွန်းရောက်ဂျီဟတ်တွေ ပေါ်ထွက်လာတာပဲ မဟုတ်လား။ အယ်လ်ကိုင်ဒါနဲ့ ဘင်လာဒင်တို့ဟာလည်း အဲဒီက မွေးဖွားလာတာပါ။ နောက်ပိုင်းမှာလည်း အမေရိကန်စီအိုင်အေရဲ့ ကူညီထောက်ပံ့မှုတွေ ရနေတဲ့ အဖွဲ့တွေမနည်းပါဘူး။ အခု ဆီးရီးယားမှာလည်း အမေရိကန်က ကူညီနေတဲ့အဖွဲ့တချို့ဟာလည်း အကြမ်းဖက်အဖွဲ့တွေပဲလို့ ဆိုကြတာပါ။ သူထောက်ပံ့လိုက်တဲ့ အဖွဲ့အစည်းတွေကတဆင့် အယ်လ်နူဆာနဲ့ (ISIS) အဖွဲ့တွေဆီ အမေရိကန် စစ်လက်နက်ပစ္စည်းတွေရောက်သွားတာလည်း ရှိနေတယ်။

အခု ဆီးရီးယားမှာ အဓိကထိပ်တိုက်တွေ့နေတာ အမေရိကန်အုပ်စုနဲ့ ရုရှား ဖြစ်တယ်။ လောလောဆယ် တူရကီနဲ့ရုရှား ပဋိပက္ခပြင်းထန်နေတယ်ဆိုတာလည်း တူရကီနောက်မှာ အမေရိကန်ရှိနေတာ ဖြစ်တယ်။ ပြောရမယ်ဆိုရင် ဒီအရှေ့အလယ်ပိုင်းဒေသဟာ ရေနံထွက်ရာဒေသဖြစ်သလို မဟာဗျူဟာအချက်အချာကျတဲ့ ဒေသဖြစ်လို့ အင်အားကြီးနိုင်ငံတွေ မျက်စိကျတဲ့ ဒေသဖြစ်တယ်။ စစ်အေးခေတ်ကတည်းက အမေရိကန်နဲ့ဆိုဗီယက်တို့ ဩဇာနယ်ပယ်ချဲ့ထွင်ရာ၊ အားပြိုင်ရာ ဒေသဖြစ်ခဲ့တာ ဖြစ်တယ်။ ဆိုဗီယက်ပြိုကွဲပြီးနောက်မှာတော့ ရုရှားဟာ ဖရိုဖရဲဖြစ် အားယုတ်သွားတာမို့ ကမ္ဘာ့ဇာတ်ခုံမှာ အမေရိကန်တကိုယ်တည်း ကိုယ့်မြင်းကိုယ်စိုင်းလုပ်နေခဲ့တာ ဖြစ်တယ်။ တဗိုလ်တည်းရှာ ထူထောင်ချင်နေတာဖြစ်တယ်။

၁၉၉၀ ခုနှစ် ဂျော့ဘုရှ် အကြီးလက်ထက်မှာ ပထမ ပင်လယ်ကွေ့စစ်ပွဲ တိုက်ခဲ့တယ်။ ၂၀၀၁ မှာ အာဖဂန်စစ်ပွဲနွှဲတယ်။ ၂၀၀၃ မှာ အီရတ်ကို ဝင်သိမ်းခဲ့တယ်။ အဲဒီကတည်းက ဒေသတွင်းမှာ မတည် မငြိမ်မှုတွေ ဖြစ်ခဲ့တာ အခုထိပဲ ဖြစ်တယ်။ အစွန်းရောက်အဖွဲ့အစည်းတွေလည်း မှိုလိုပေါက်နေတာ ဖြစ်တယ်။ အခု




ဆီးရီးယားပြည်တွင်းစစ်မှာတော့ တစုံတရာအင်အားပြန်ရှိလာပြီဖြစ်တဲ့ ရုရှားကလည်း ဝင်ပါလာတော့တာ ဖြစ်တယ်။

ဒေသတွင်းရပါဝါတွေဖြစ်တဲ့ ဆော်ဒီနဲ့အီရန် အကြားမှာလည်း ပဋိပက္ခရှိတယ်။ တူရကီကလည်း အော်တိုမန်အင်ပါယာအိပ်မက်ကို ပြန်မက်နေပုံရပါတယ်။ အစောပိုင်းကတော့ အီရတ်၊ ဆီးရီးယားနဲ့ အီရန်တို့ဟာ ဒီဒေသတွင်းမှာ တစုံတရာ အင်အားရှိတဲ့ ပါဝါနိုင်ငံတွေလို့ ဆိုနိုင်တယ်။ အခုတော့ အမေရိကန်ရဲ့ လက်ချက်နဲ့ အီရတ်နဲ့ ဆီးရီးယားတို့ ဘဝပျက်လာတဲ့အခါမှာ ဆော်ဒီအာရေဗျနိုင်ငံက ပိုပြီး လက်သွက်လာတယ်။ မြို့ပိုင်ကြီး အမေရိကန်လက်အောက်မှာ လက်ထောက်မြို့ပိုင် (deputy sheriff) လုပ်ချင်သူတွေကလည်း များပါတယ်။ ဆော်ဒီအာရေဗျဟာ ငွေကြေးချမ်းသာတဲ့အပြင် အမေရိကန်ရဲ့ ကျောထောက်နောက်ခံလည်းရှိတော့ လက်ရဲဇက်ရဲရှိလာတယ်။ လစ်ဗျားနိုင်ငံကိစ္စနဲ့ အခု ယီမင်နိုင်ငံကိစ္စတွေမှာ ဝင်ပါတယ်။ ယီမင်မှာ လေယာဉ်လွှတ်ပုံးကြဲနေတာ ဖြစ်တယ်။

## အမေရိကန်

ကမ္ဘာ့စူပါပါဝါနိုင်ငံဖြစ်တော့ တကမ္ဘာလုံးကို လွှမ်းမိုးဖို့ ကြိုးစားနေတာပဲ ဖြစ်တယ်။ အမေရိကန် တပိုလ်တည်းကမ္ဘာကို ထူထောင်ချင်နေတာ ဖြစ်တယ်။ ဆိုဗီယက် မပြိုကွဲခင်ကတော့ စူပါပါဝါ ၂ နိုင်ငံ စစ်အေးတိုက်ပွဲ တိုက်ခဲ့ကြတာပါ။ ဒီအရှေ့အလယ်ပိုင်း ဒေသမှာလည်း ၂ နိုင်ငံ အပြိုင်ဖြစ်ခဲ့တာပါပဲ။ စစ်အေးတိုက်ပွဲ နိဂုံးမှာ ဆိုဗီယက် ကျဆုံးသွားတာမို့ အမေရိကန်က တကိုယ်တော်ကြိတ်ဝါဒနဲ့ ကမ္ဘာအနှံ့မှာ ထင်တိုင်းကြဲနေတာပါ။ အရောင်တော်လှန်ရေးတွေ ခေတ်ထခဲ့တယ်။ ယူဂိုစလားဗီးယားဟာလည်း အခွဲအစိတ် ခံလိုက်ရတယ်။ အရှေ့အလယ်ပိုင်းမှာလည်း အာဖဂန်၊ အီရတ်တို့မှာ အမေရိကန် ဦးဆောင်ပြီး ဝင်မွှေလိုက်တာ အခုချိန်အထိ မတည်မငြိမ်ဖြစ်နေတော့တာပဲ မဟုတ်လား။ ဆီးရီးယားကျ

တော့ ရုရှားရဲ့မိတ်ဖက်နိုင်ငံ ဖြစ်နေတာဆိုတော့ အမေရိကန်က ပိုမျက်စိစပါးမွေးစူးမှာပါ။

ဆီးရီးယားပြည်တွင်းစစ် စဖြစ်တာနဲ့ အမေရိကန်သမ္မတ အိုဘားမား ရဲ့ ညွှန်ကြားချက်နဲ့ စီအိုင်အေက သူပုန်တွေကို ကူညီထောက်ပံ့မှု တွေ လုပ်တယ်။ နှစ်စဉ် အမေရိကန်ဒေါ်လာ သန်းတစ်ထောင်ခန့် ကုန်တယ်။ ငွေကြေးအကူအပြင် သင်တန်းပေးတာ၊ လက်နက် အကူ နဲ့ ထောက်လှမ်းရရှိတဲ့ သတင်းအချက်အလက်တွေ ပေးတာလည်း လုပ်တယ်။ အလယ်အလတ် အုပ်စုတွေ (moderate) ကို အကူ အညီ ပေးနေတာလို့ ဆိုတယ်။ ဒါပေမဲ့ အမေရိကန်က ထောက်ပံ့ နေတဲ့ အုပ်စုတွေထဲမှာ အစွန်းရောက်တွေလည်း ပါတယ်လို့ ဆိုကြ ပါတယ်။ ပူတင်ကတော့ အမေရိကန်ပြောတဲ့ (moderate) နဲ့ အစွန်းရောက်တွေ ဆိုတာဟာ 'ဖြည်းဖြည်းသက်သာ ခေါင်းဖြတ် တဲ့သူနဲ့ ခပ်ကြမ်းကြမ်းခေါင်းဖြတ်တဲ့သူ' တွေပါပဲလို့ ပြောပါတယ်။ အခု နောက်ပိုင်းမှာတော့ အစ္စလမ်နိုင်ငံတော်အဖွဲ့ကို တိုက်ဖို့ဆိုပြီး လေယာဉ်နဲ့ဗုံးကြဲတာတွေ လုပ်လာနေတယ်။ အမေရိကန်နဲ့အတူ ဗြိတိသျှ၊ ပြင်သစ်စတဲ့ အနောက်နိုင်ငံတွေလည်း ပါတယ်။

## ရုရှား

ဆီးရီးယားဟာဆိုရင် ဟိုးအရင် ဆိုဗီယက်ခေတ် ကတည်းက ရုရှားနဲ့ အလွန်နီးစပ်ခဲ့တဲ့နိုင်ငံ ဖြစ်တယ်။ အခုအထိ လည်း ၂ နိုင်ငံဆက်ဆံရေးက ကောင်းမွန်နေတယ်။ ဆီးရီးယားနိုင်ငံ တားတပ်စ် (Tartus) နဲ့ လက်တာကီယာ (Latakia) တို့မှာ ရုရှားရဲ့ ရေဆိပ်တွေရှိတယ်။ လက်တာကီယာမှာ လေတပ်စခန်း လေးလည်းရှိတယ်။ ဒါတွေကို ရုရှားက အဆုံးအရှုံး မခံနိုင်ဘူး။

ဒီ့အပြင် အမေရိကန်က ဩဇာခံနယ်ပယ်တွေ ချဲ့ထွင်ပြီး ရုရှားကို ဦးတည်ထိန်းချုပ် (containment) ဖို့ လုပ်နေတာတွေကို အခုတော့ ပြန်တုံ့ပြန်လာနေတာ ဖြစ်တယ်။ သိသာထင်ရှားတာ တွေကတော့ ၂၀၀၈ ခုနှစ် ဂျော်ဂျီယာနိုင်ငံအရေးနဲ့ လတ်တလော ယူကရိန်းအရေးတွေမှာ ဖြစ်တယ်။

## အီရန်

အီရန်နိုင်ငံဟာ ရှအာမူဆလင်အများစု နိုင်ငံဖြစ်တယ်။ ဆီးရီးယားနဲ့မဟာဗျူဟာ မိတ်ဖက်နိုင်ငံလည်း ဖြစ်တယ်။ လက်ဘနွန်ရှိ ဟက်စ်ဘိုလာ (Hezbollah) အဖွဲ့ကို ထောက်ပံ့ဖို့အတွက် ဆီးရီးယားနိုင်ငံ လမ်းကြောင်းကို အသုံးပြုရတာ ဖြစ်တယ်။ အရှေ့အလယ်ပိုင်းမှာ အမေရိကန်နဲ့ဆော်ဒီအာရေဗျ (ဆွန်နီ) တို့ ဩဇာနယ်ပယ် ဆီးရီးယားအထိ ရောက်လာမှာကို အီရန်က လုံးဝ မလိုလားဘူး။

ဆီးရီးယားမှာ အစောပိုင်းကတည်းက အီရန်စစ်ဘက် အရာရှိ ၂,၀၀၀ နဲ့ ၃,၀၀၀ ကြား ရှိတယ်။ ဆီးရီးယားတပ်ဖွဲ့ဝင် တွေကို သင်တန်းပေးဖို့နဲ့ လက်ဘနွန်ကို လက်နက်ပစ္စည်းထောက်ပံ့ တာကို ထိန်းကွပ်ဖို့ ဖြစ်တယ်။

ဆီးရီးယားပြည်တွင်းစစ်ဖြစ်လာတော့ လက်နက်ပစ္စည်း တွေ ပံ့ပိုးပေးတယ်။ အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့ဝင်တွေနဲ့ အရာရှိတချို့ ဆီးရီးယားဘက်က ဝင်တိုက်ပေးနေတယ်။ လက်ဘနွန် က ဟက်စ်ဘိုလာအဖွဲ့လည်း ဆီးရီးယားဘက်က ဝင်တိုက်နေတယ်။

## ဆော်ဒီအာရေဗျနဲ့အာရပ်နိုင်ငံများ

အစောပိုင်းကတော့ ဆီးရီးယားဟာ အီရန်နဲ့ဆက်ဆံရေး၊ ဆော်ဒီအာရေဗျနဲ့ဆက်ဆံရေးတို့ကို ထိန်းညှိထားနိုင်ခဲ့တယ်။ ဒါပေမဲ့ အမေရိကန်က အီရတ်ဝင်သိမ်းလိုက်တာ၊ ၂၀၀၆ လက်ဘနွန်စစ်ပွဲနဲ့ အီရန်၊ အီရတ်၊ ဆီးရီးယားရေနံပိုက်လိုင်း တည်ဆောက်ဖို့ အဆိုပြု ချက်တွေ ရှိလာပြီးနောက်မှာ ဆီးရီးယားနဲ့အီရန်ဆက်ဆံရေးက ပို အလေးသာလာခဲ့တယ်။ ဆော်ဒီနဲ့ဆက်ဆံရေး ယိုယွင်းလာတယ်။ ဆော်ဒီအာရေဗျနိုင်ငံကလည်း ပြိုင်ဘက်အီရန်နိုင်ငံရဲ့ အဓိကအာရပ် မဟာမိတ်နိုင်ငံ ဖြစ်နေတဲ့ ဆီးရီးယားမှာ အစိုးရ အပြောင်းအလဲ လုပ်ချင်တယ်။ ဆွန်နီမူဆလင်အများစုနေထိုင်တဲ့ ဆီးရီးယားမှာ ရှအာအစိုးရအစား ဆွန်နီအစိုးရတရပ်နဲ့ အစားထိုးချင်တယ်။ သူ့ ဩဇာကိုက်မယ့် အစိုးရလို့ပြောရင် ပိုမှန်ပါမယ်။ ဒါဟာ အီရန်ကို လည်း ချက်ကောင်းထိုးသလို ဖြစ်မယ်။ ခဲတလုံးနဲ့ ငှက် ၂ ကောင်ပစ် သလို ဖြစ်မယ်။ ဒါကြောင့် ဆီးရီးယားမှာ သူပုန်တွေဘက်က ပံ့အောပြီး ကူညီနေတယ်။

လက်ရှိမှာ ဆီးရီးယားသူပုန်အဖွဲ့ပေါင်းစုံကို လက်နက် ပစ္စည်းနဲ့ ငွေကြေးအကူအညီတွေ အများဆုံးပေးနေတဲ့ နိုင်ငံဟာ ဆော်ဒီအာရေဗျ ဖြစ်တယ်။

ဆွန်နီအများစုဖြစ်တဲ့ အာရပ်အဖွဲ့ချုပ်ကလည်း ဆီးရီးယားပြည်တွင်းစစ်မှာ ရှအာအစိုးရက အသာစီးရသွားမှာကို ပူပန်ကြတယ်။ ဒါကြောင့် ၂၀၁၃ ခုနှစ် မတ်လထဲမှာ ဆီးရီးယားသူပုန် အဖွဲ့တွေကို လက်နက်ထောက်ပံ့ပေးနိုင်တယ်လို့ သူ့အဖွဲ့ဝင်တွေကို မီးစိမ်းပြလိုက်တယ်။

ကာတာနိုင်ငံဟာဆိုရင် ဆီးရီးယားပြည်တွင်းစစ် ပထမ ၂ နှစ်အတွင်းမှာ အမေရိကန်ဒေါ်လာ ၃ ဘီလျံ ထောက်ပံ့ခဲ့တယ်။ စစ်လက်နက်ပစ္စည်း အများဆုံးတင်ပို့ပေးတဲ့ နိုင်ငံလည်း ဖြစ်တယ်။ ၂၀၁၂ ဧပြီလကနေ ၂၀၁၃ မတ်လအတွင်းမှာ တူရကီနိုင်ငံကို လက်နက် ပစ္စည်းတွေ လေယာဉ်အခေါက်ရေ ၇၀ တင်ပို့ပေးခဲ့တယ်။ သူ့နိုင်ငံတွင်းမှာ စီအိုင်အေနဲ့ပေါင်းပြီး သူပုန်တွေကို သင်တန်းပေးတာလည်း လုပ်တယ်။

## တူရကီ

၂၀၁၁ ခုနှစ် ဆီးရီးယားမှာ မငြိမ်မသက်မှုတွေ မဖြစ်ခင်ကတော့ တူရကီနဲ့ဆက်ဆံရေးဟာ နှိုင်းယှဉ်ချက် မဆိုးလှပါ။ ၂၀၁၁ ခုနှစ် ဆန္ဒပြပွဲတွေ ဖြစ်လာပြီး ဆီးရီးယားအစိုးရက အကြမ်းဖက်နှိမ်နင်းတဲ့အခါမှာ အဲဒီလို မလုပ်ဖို့ နိုင်ငံတကာက ဝိုင်းဝန်းတိုက်တွန်းတဲ့ အထဲမှာ တူရကီနိုင်ငံလည်း ပါဝင်တယ်။ ဒီနောက် ဆီးရီးယားစစ်တပ်မှ စွန့်ခွာလာသူတွေကို တူရကီနိုင်ငံတွင်းမှာ သင်တန်းပေးတာတွေ လုပ်ခဲ့တယ်။ ၂၀၁၁ ခုနှစ် ဇူလိုင်လမှာ တူရကီစစ်ထောက်လှမ်းရေးရဲ့ ကြီးကြပ်မှုနဲ့ သင်တန်းတက်နေတဲ့ အုပ်စုတစုက ဆီးရီးယားလွတ်လပ်ရေးတပ်မတော် (Free Syrian Army FSA) ဖွဲ့စည်းကြောင်း ကြေညာခဲ့တယ်။ တူရကီဟာ (FSA) ကို နိုင်ငံတွင်းမှာ စခန်းချခွင့်ပေးထားတယ်။ ဆော်ဒီအာရေဗျနဲ့ ကာတာနိုင်ငံတို့နည်းတူ (FSA) ကို စစ်လက်နက်ပစ္စည်းတွေ ထောက်ပံ့ပေးတယ်။ ၂၀၁၂ ခုနှစ် မေလမှစပြီး အခြားသူပုန်အုပ်စုတွေကိုလည်း ထောက်ပံ့တာတွေ လုပ်တယ်။

တူရကီထောက်ပံ့တဲ့ သူပုန်အုပ်စုတွေက အစွမ်းမပြနိုင်ကြဘူး။ သူနဲ့ ဆန့်ကျင်ဘက်တွေဖြစ်တဲ့ ကာ့ဒ်တပ်ဖွဲ့နဲ့ အစ္စလမ်မ်နိုင်ငံတော် တပ်ဖွဲ့တွေက ပိုအစွမ်းပြနိုင်နေကြတယ်။ ကာ့ဒ်တပ်ဖွဲ့ အားကောင်းလာတာကို တူရကီက မလိုလားဘူး။ ဆီးရီးယားနဲ့ အီရတ်ရှိ ကာ့ဒ်တပ်ဖွဲ့တွေနဲ့ သူ့ပြည်တွင်းရှိ ကာ့ဒ်တွေနဲ့တွဲမိပြီး တစည်းတလုံးတည်း ဖြစ်သွားမှာကို စိုးရိမ်နေတယ်။ ဒါပေမဲ့ ဆီးရီးယားကာ့ဒ်တွေက (ISIS) ကို ထိထိရောက်ရောက်တိုက်နိုင်နေတာမို့ အမေရိကန်ကလည်း ထောက်ပံ့အားပေးတယ်။ လေကြောင်းစစ်ကူ ပေးတယ်။ တူရကီ – ဆီးရီးယား နယ်စပ်မှာ ရုရှားက ဗုံးကြဲတိုက်ခိုက်တာလည်း ရှိတယ်။ ဒါပေမဲ့ ယူဖရေးတီးမြစ်အနောက်ကို ကာ့ဒ်တပ်ဖွဲ့တွေ မကျော်လာဖို့ တူရကီက သတိပေးထားတယ်။ အီရတ်ရှိ ကာ့ဒ်တွေနဲ့ အရင်က အဆင်မပြေလှပေမယ့် အခုတော့ ကာ့ဒ်ဒေသအစိုးရ (Kurdistan Regional Government KRG) နဲ့တော့ အဆင်ပြေနေတယ်။ အဲဒီဒေသက ရေနံကြွယ်ဝတယ်။ ရေနံလိုနေတဲ့ တူရကီအတွက် အဆင်ပြေလို့ပဲ။ အခုလည်း (ISIS) ကို အကြောင်းပြပြီး အီရတ် နိုင်ငံထဲအထိ တူရကီတပ်တွေ ဝင်နေတယ်။ ကာ့ဒ်ဒေသအစိုးရရဲ့ သဘောတူညီချက်အရလို့ ဆိုတယ်။ အီရတ်ဗဟိုအစိုးရက ဒါကို အပြင်းအထန် ဆန့်ကျင်နေတယ်။

ရုရှားလေယာဉ်ကို တူရကီက ပစ်ချခဲ့တဲ့နောက် ၂ နိုင်ငံဆက်ဆံရေးက ဆိုးဝါးလာနေတယ်။ နောက်ပြီး ဆီးရီးယားဒုက္ခသည်တွေကလည်း တူရကီထဲမှာ ၂ သန်းလောက် ရောက်နေတယ်။ ဒါ့အပြင် သူ့နိုင်ငံက ဖြတ်ပြီး ဥရောပဆီ သွားနေကြတဲ့ ဆီးရီးယားဒုက္ခသည်တွေကိုလည်း မတားဆီးနိုင်လို့ ဝေဖန်ခံနေရတယ်။

## လမ်းဘယ်မမြင်

ဆီးရီးယားအရေးဟာ အမယ်ဘုတ်ရဲ့သူ့ချည်ခင်ဆိုသလို အလွန်ရှုပ်ထွေးတယ်။ ပါဝင်ပတ်သက်နေတဲ့ မင်းပေါင်းကလည်း စုံလှတယ်။ ဒါတွေကို ဒီဆောင်းပါးမှာ အပြည့်အစုံတင်ပြနိုင်ဖို့ မလွယ်ပါ။ တစုံတရာ ခြုံငုံမိနိုင်ရုံ အကျဉ်းမျှသာ ဖော်ပြနိုင်ပါတယ်။ ပါဝင်ပတ်သက်နေသူတွေရဲ့ ရည်မှန်းချက်တွေကလည်း အမျိုးမျိုးအဖုံဖုံ ဆိုသလိုပါပဲ။ ဒါပေမဲ့ အကြမ်းအားဖြင့် အမေရိကန်အုပ်စု ရည်မှန်းချက်နဲ့ ရုရှား – အီရန်တို့ရဲ့ ရည်မှန်းချက်ဆိုပြီး ၂ မျိုး ခွဲနိုင်တယ်။ အမေရိကန်တို့က ဆီးရီးယားအနာဂတ်မှာ သမ္မတအာဆတ်ရဲ့ အခန်း မရှိဘူး။ ထွက်သွားဖို့ပဲ ဖြစ်တယ်။ ရုရှား – အီရန် ကတော့ အာဆတ် ပါရေး၊ မပါရေးဟာ ဆီးရီးယားပြည်သူတွေကပဲ ဆုံးဖြတ်ရမယ်လို့ ရပ်ခံထားတာ ဖြစ်တယ်။ အခုတော့ ရှေ့နှစ်ထဲမှာ ဆီးရီးယားအစိုးရနဲ့ အကြမ်းဖက်အစွန်းရောက်တွေ မပါတဲ့ အတိုက်အခံအဖွဲ့တွေ တွေ့ဆုံဆွေးနွေးဖို့ အစီအစဉ်တွေ လုပ်နေပါပြီ။

ဒါပေမဲ့ အတိုက်အခံသူပုန်အဖွဲ့တွေထဲမှာ ဘယ်အဖွဲ့က အကြမ်းဖက်အဖွဲ့၊ ဘယ်အဖွဲ့ကတော့ အလယ်အလတ်ဆိုတာကို ဘယ်သူက ဘယ်ပေတံနဲ့တိုင်းမလဲဆိုတာကလည်း ပြဿနာပါ။ အခုလတ်တလောထွက်ရှိလာတဲ့ ဘာသာရေးနဲ့ပထဝီနိုင်ငံရေး ဌာနဆိုတဲ့ သုတေသီအဖွဲ့ရဲ့ အစီရင်ခံစာအရ ဘယ်အဖွဲ့က အလယ်အလတ်အဖွဲ့၊ ဘယ်အဖွဲ့က အစွန်းရောက်အဖွဲ့ဆိုပြီး လောလောဆယ် သတ်မှတ်ထားတာတွေဟာ အမှားတွေပါသတဲ့။ သူပုန်အုပ်စုတွေအားလုံးရဲ့ ၆၀% ဟာ အစွန်းရောက်တွေအဖြစ် သတ်မှတ်နိုင်တယ်လို့လည်း ဆိုတယ်။ ဆီးရီးယားမှာ (ISIS) ကို အပြုတ်တိုက်နိုင်ရင်တောင်မှ အဲဒီနေရာမှာ အစားထိုးဝင်လာမယ့် ဂျီဟတ်အဖွဲ့ (၁၅) ဖွဲ့ (အင်အား ၆၅,၀၀၀) ရှိနေတယ်လို့ ဆိုပါတယ်။ ဆီးရီးယားအစိုးရနဲ့ အတိုက်အခံတွေကြား သဘောတူညီချက် ရသွားရင်တောင်မှ အဲဒီအစွန်းရောက်တွေပြဿနာက ကျန်နေဦးမှာပါ။

သဘောတူညီချက်ရဖို့ ဆိုတာကလည်း လူ့ပြည်ကအအိပ်နဲ့ နတ်ပြည်ကအအိပ် ဆုံဖို့ကမှ ဖြစ်နိုင်ဦးမယ်လို့ ဆိုရမှာပါ။ အဖွဲ့တွေများသလို နောက်ကွယ်မှာ လက်မဲတွေကလည်း ရှိနေတာကြောင့် ဖြစ်ပါတယ်။ ကိုယ်စီအကျိုးစီးပွားတွေကလည်း ဆန့်ကျင်နေကြတာဆိုတော့ ရှေ့ပြည်တော်က မျှော်တိုင်းဝေးနေဦးမှာပါ။

**ဆီးရီးယားသင်ခန်းစာ**

ဆီးရီးယားမှာ လူမျိုးတွေကွဲ၊ ဘာသာအယူတွေကွဲနေကြတယ်။ မတူကွဲပြားသူတွေကြားမှာ ညီညွတ်ရေး မရှိဘူး။ တန်းတူရည်တူ ညီညီညွတ်ညွတ် နေထိုင်နိုင်မယ့် အခြေအနေတရပ်ကို မထူထောင်နိုင်ဘူး။ အလာဝိအစိုးရအဆက်ဆက်က စစ်တပ်အင်အားနဲ့ နှိပ်ကွပ်ထားလို့ ငြိမ်ဝပ်ပိပြားနေကြတာပဲ ဖြစ်တယ်။ စီးပွားရေးမှာလည်း လက်တဆုပ်စာ အခွင့်ထူးခံတွေကပဲ တိုင်းပြည်ရဲ့ ဓနဥစ္စာတွေကို လက်ဝါးကြီးအုပ်ထားကြတယ်။ ဆင်းရဲချမ်းသာ ကွာဟမှုကြီးတယ်။ ဒီပြဿနာတွေဟာ တစတစကြီးထွားလာပြီး ပေါက်ကွဲထွက်လာတာ ဖြစ်တယ်။

အထက်မှာ ဖော်ပြခဲ့သလို ဒီဒေသဟာ အရေးပါတဲ့ ဒေသဖြစ်တာကြောင့် ပါဝါစုံက အခွင့်ကောင်းယူ ဝင်ကစားကြတော့တာပဲ။ အနီးပတ်ဝန်းကျင်မှာက အစွန်းရောက်အဖွဲ့မျိုးစုံကလည်း စခန်းထနေကြတာ ဖြစ်တယ်။ အခုလိုခွင် (ဂွင်) တွေ့တာနဲ့ သူတို့လည်း ရောက်လာကြတော့တာ ဖြစ်တယ်။

အခုတော့ ကျွဲ ၂ ကောင်ခတ်နေတာ မဟုတ်ဘဲ ကျွဲတွေ အုပ်လိုက် အပြန်အလှန်ခတ်နေကြတာမို့ မြေစာပင် ပြည်သူတွေရဲ့ ဘဝကတော့ ကမ်းဘယ်မမြင်ဆိုသလို ဖြစ်နေကြရပါပြီ။

**စစ်အေးတိုက်ပွဲနိဂုံးမှာ ဆိုဗီယက် ကျဆုံးသွားတာမို့**

**အမေရိကန်က တကိုယ်တော်ကြိတ်ဝါဒနဲ့**

**ကမ္ဘာ့အနှံ့မှာ ထင်တိုင်းကြဲနေတာပါ**

ဗမာပြည်ကွန်မြူနစ်ပါတီ
ဗဟိုဝါဒဖြန့်ချိရေးဌာနက ထုတ်ဝေသည်